**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကိုသိတတ်သော၊ မိမိပြုရမည့် ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၈၀)

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၈ ရက်
၂၀၂၆ ခုနှစ်၊ ဇူလိုင် ၇ ရက်၊ အင်္ဂါနေ့


## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကျင်းပ



တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကျင်းပစဉ်။

နေပြည်တော် ဇူလိုင် ၆

တတိယအကြိမ်ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ **စာမျက်နှာ ၃ ကော်လံ ၁ ◆**

## တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပ

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ တက္ကသိုလ်အသီးသီးတွင် ဘွဲ့/ဒီဂရီ ရရှိခဲ့သည့် လူငယ်များအား ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးက အလုပ်ခန့်အပ်ပေးရန်အတွက် အရည်အချင်း သတ်မှတ်ချက်များနှင့်တကွ အလုပ်လျှောက်ထားရန်ခေါ်ယူခြင်းကိစ္စအပေါ် နိုင်ငံတော်နှင့်လူငယ်များ၏အနာဂတ်အတွက် ဖြေလျှော့စဉ်းစားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုအား ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း ရှင်းလင်းဖြေကြား

နေပြည်တော် ဇူလိုင် ၆

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံအမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၁၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၅ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ **စာမျက်နှာ ၇ ကော်လံ ၁ ❖**



တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပစဉ်။

## ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ရှမ်းပြည်နယ်အတွင်းရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံး (Seed Balls)များ ကြဲချခြင်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၆

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့်ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဆင်သေချောင်းရေဝေရေလဲဧရိယာအတွင်းရှိ လွှဘုံကြိုးဝိုင်းအတွင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးကန် ရေဝေရေလဲဧရိယာအတွင်းရှိ အင်းလေးအနောက် **စာမျက်နှာ ၁၀ ကော်လံ ၁ ▲**




## မုန်တိုင်းငယ် အနောက်မြောက်ဘက်သို့ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်

နေပြည်တော် ဇူလိုင် ၆

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေကို ဖြတ်ကျော်ခဲ့သော မုန်တိုင်းငယ် (Depression) သည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဂျက်ခမ်းပြည်နယ်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ် ကုန်းတွင်းပိုင်းသို့ ရောက်ရှိခဲ့သည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

## မုန်တိုင်းငယ်၏ အရှိန်ကြောင့် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်




နေပြည်တော် ဇူလိုင် ၆

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေကို ဘာလဆောမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့သော မုန်တိုင်းငယ်၏ **စာမျက်နှာ ၅ ကော်လံ ၁ ➤**


**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC)တို့ တွေ့ဆုံဆွေးနွေး** စာ - ၁၁ သို့



**မြန်မာ့ဝါးဖြင့် MSME စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ခြင်း** စာ - ၁၃ သို့

**ဆေးဖက်ဝင် ကုလားပဲအကြောင်း သိကောင်းစရာများ** စာ - ၂၅ သို့

# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇူလိုင် ၇ ရက်)

## နိုင်ငံကိုချစ်သည့်စိတ်ဖြင့် နိုင်ငံ့အတွက်စွမ်းဆောင်နိုင်သူများဖြစ်ရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာထောင်လွန်းဆီဆုလစ်၏ ဖိတ်ကြားချက်အရ ဇူလိုင်လ ၃ ရက်မှ ၅ ရက်အထိ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ ခရီးစဉ်အတွင်း လာအိုနိုင်ငံသမ္မတနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်းနှင့် လာအိုနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံအမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့်တွေ့ဆုံခြင်းတို့အပြင် ပြည်နယ်အကြီးအကဲကိုလက်ခံတွေ့ဆုံခဲ့သည်။ ထို့ပြင်လာအိုနိုင်ငံရှိအထင်ကရနေရာများနှင့် ရှေးဟောင်းဘုရားများကိုလေ့လာဖူးမြော်ခဲ့သည်။

ခရီးစဉ်အတွင်း မြန်မာ-လာအိုနှစ်နိုင်ငံအကြားရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရနှင့်ပြည်သူများအကြား စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ကဏ္ဍပေါင်းစုံတွင်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇနီးဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ဇူလိုင်လ ၄ ရက်ညနေပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ သံရုံး၊ စစ်သံရုံး မိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား လာအိုနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌တွေ့ဆုံ အမှာစကားပြောကြားသည်။

နိုင်ငံတော်သမ္မတက **"အာဆီယံနိုင်ငံများအထဲတွင် လာအိုနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများကိုလက်ခံသဖြင့် မိမိကိုရင်းတို့နိုင်ငံသို့ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် ဖိတ်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံအဖွဲ့အတွင်း သဘောတူညီမှုများကို မိတ်ဝတ်မပျက်လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်နေမှုများကို အားလုံးကသိရှိကြရန်လိုကြောင်း၊ လာအိုနိုင်ငံသို့အကြောင်းအမျိုးမျိုးကြောင့်ရောက်ရှိနေသည့် မိမိတို့နိုင်ငံသားများကိုလည်း တတ်နိုင်သရွေ့စောင့်ရှောက်ပေးသွားကြရန်နှင့် စည်းစည်းလုံးလုံးနေထိုင်သွားကြရန် မှာကြားလိုကြောင်း၊ လာအိုနိုင်ငံတွင် လာရောက်တာဝန်ထမ်းဆောင်လျက်ရှိသည့်သံရုံး၊ စစ်သံရုံးမိသားစုများအနေဖြင့် ပြည်ပနိုင်ငံသို့ရောက်ရှိနေချိန်အတွင်း ရရှိသည့်အားလပ်ချိန်များ၌ အင်္ဂလိပ်စာ၊ AI နည်းပညာနှင့် ကွန်ပျူတာနည်းပညာပိုင်းဆိုင်ရာများကို တစ်ဦးချင်းလေ့လာဆောင်ရွက်သွားကြရန်လိုကြောင်း၊ နောင်တစ်ချိန်တွင် တိုင်းပြည်အတွက် စွမ်းဆောင်နိုင်သူများဖြစ်ရန်မျှော်လင့်ကြောင်း"** ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင်လွတ်လပ်ပြီးတရားမျှတသည့်ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကိုအောင်မြင်စွာကျင်းပခဲ့ပြီး ပြည်သူများရွေးချယ်သည့် ရွေးကောက်ခံကိုယ်စားလှယ်များဖြင့် လွှတ်တော်ကျင်းပ၍ ယခုအခါ ရွေးချယ်ခံအစိုးရအဖွဲ့မှနိုင်ငံတော်တာဝန်များကိုအရှိန်အဟုန်ဖြင့်ထမ်းဆောင်နေပြီဖြစ်သည်။ အာဆီယံနိုင်ငံများထဲတွင် မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများကို လက်ခံသဖြင့် နိုင်ငံတော်သမ္မတအား နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် အာဆီယံအဖွဲ့အတွင်းသဘောတူညီမှုများကိုမိတ်ဝတ်မပျက်လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ပြည်ပတွင်တာဝန်ထမ်းဆောင်ကြသူများအနေဖြင့် မိမိတို့ဘဝတိုးတက်ရေးအတွက်လည်း လေ့လာခြင်းများကိုစဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရန်လိုပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရမည်ဖြစ်သည်။ မိမိတို့ဘဝတိုးတက်ရေးအတွက် နေ့စဉ်လူမှုဘဝတွင်အကျိုးရှိအောင် အသုံးချသွားကြရန်လိုသည်။ မိမိတို့ရောက်ရှိနေသည့်ပတ်ဝန်းကျင်ကောင်းကို အကျိုးရှိရှိအသုံးချသွားနိုင်ကြရန်လိုပြီး နိုင်ငံတော်အတွက်ဖြစ်သင့်သည်များကိုဆောင်ရွက်ခြင်း၊ မဖြစ်သင့်သည်များကို မလုပ်ဆောင်ခြင်းတို့ဖြင့် စေတနာထား၍ မိမိတို့တာဝန်များကိုကျေပွန်အောင် ထမ်းဆောင်ကြရမည်ဖြစ်သည်။ သံတမန်တာဝန်ထမ်းဆောင်ခွင့်ရသူများ၊ ပြည်ပတွင်ပညာတော်သင်အဖြစ်ရွေးချယ်ခံရသူများမှာ ပညာအရည်အချင်း၊ အကျင့်စာရိတ္တတို့နှင့်ပတ်သက်၍ အဘက်ဘက်က စိစစ်ရွေးချယ်ကာ တာဝန်ပေးအပ်ခံရခြင်းဖြစ်သည်။ ထူးချွန်ထက်မြက်သူများဖြစ်ကြသည်။ အဓိကမှာ နှစ်နိုင်ငံချစ်ကြည်ရေးတိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်ပေးကြရန်ဖြစ်ပြီး မိမိနိုင်ငံအပေါ်အစဉ်အမြဲသစ္စာစောင့်သိကြရမည်ဖြစ်သည်။

နိုင်ငံတိုင်းတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာဆက်ဆံနိုင်ရေးအတွက် သံရုံးများ၊ စစ်သံရုံးများဖွင့်လှစ်ထားရှိကြသည်။ သံတမန်အတတ်ဆိုသည်မှာ နိုင်ငံအချင်းချင်းဆက်ဆံရေးတွင် ကာယကံရှင်များတစ်ဖက်နှင့်တစ်ဖက်အပေးအယူ၊ အလျှော့အတင်း၊ အတုံ့အလှည့် အပြန်အလှန်ပြုလုပ်လျက် နှစ်ဦးနှစ်ဖက်အကျိုးတူညီမျှတစွာ စေ့စပ်ညှိနှိုင်းကာ အေးချမ်းသောနည်းဖြင့် ပြဿနာအရပ်ရပ်တို့ကို အကျေအလည်ဖြေရှင်းသည့်ပညာပင်ဖြစ်သည်။ ပြည်ပတွင်ရောက်ရှိပညာသင်ကြားနေကြသူများအနေဖြင့်လည်းပညာကိုတတ်မြောက်အောင်သင်ယူပြီး မိမိနိုင်ငံကိုအကျိုးပြုကြရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် ပြည်ပတွင်တာဝန်ထမ်းဆောင်နေကြသူများ၊ ပညာတော်သင်အဖြစ်ရောက်ရှိနေကြသူများအားလုံးသည် မိမိနိုင်ငံ၊ မိမိလူမျိုးကိုချစ်မြတ်နိုးတန်ဖိုးထားသည့်စိတ်ဖြင့် နောင်တစ်ချိန်တွင် တိုင်းပြည်အတွက် စွမ်းဆောင်နိုင်သူများဖြစ်ရန် ကြိုးစားကြရန်ဖြစ်ပါကြောင်း။ ။

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲဧက ၂၇၂၀ ထိ စိုက်ပျိုးပြီးစီး

ပွင့်ဖြူ ဇူလိုင် ၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲဧက ၂၇၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်၌ မြေပဲ ၃၆၁၉ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယခုအချိန်တွင် ဧက ၂၇၂၀ အထိ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း မြေပဲ ၃၆၁၉ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက၂၇၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားစိုက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ကွင်းဆင်းဆောင်ရွက်နေပါတယ်။ မြေပဲစိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းတွေကောင်းမွန်ဖို့ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးနေပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ မြေပဲစိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းနှင့် အရည်အသွေးတိုးတက်ကောင်းမွန်စေရန် မျိုးကောင်းမျိုးသန့်များရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များမှန်ကန်စေရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး၊ သွင်းအားစုများစနစ်တကျသုံးစွဲရေး တောင်သူအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး မြေပဲအထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုကို ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက အထွက်နှုန်းများ ပိုမိုတိုးတက်လာမည်ဖြစ်သည်။ ပြည်တွင်းမှထွက်ရှိသည့် ပိုလျှံဆီထွက်သီးနှံ နှမ်း၊ နေကြာနှင့် မြေပဲတို့ကို စားသုံးဆီအဖြစ် ကြိတ်ခွဲဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးဆီ လုံလောက်မှုရှိမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက် ၂၃ နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

မြန်အောင် ဇူလိုင် ၆

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အောင်ဇေယျအားကစားခန်းမ၌ အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက် ၂၃ နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၆ ရက် နံနက်ပိုင်းတွင်ကျင်းပသည်။

ရှေးဦးစွာ မြန်အောင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းရွှေက ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်၊ အားကစားပြုလုပ်ခြင်းအကျိုးတရားများနှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများဖြစ်အောင်ကြိုးစားရေးတို့ကို အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်အောင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းရွှေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမင်းသန်း၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစနေထွန်းတို့က ပြိုင်ပွဲဝင်အားကစားသမားများကို အားကစားပစ္စည်းများပံ့ပိုးပေးအပ်သည်။

မြန်အောင်မြို့နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက် ၂၃ နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် တိုက်နယ်အလိုက် ပြိုင်ပွဲဝင်အသင်းခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ဝင်းမိုလ်(ပြန်/ဆက်)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၇-၇-၂၀၂၆(အင်္ဂါနေ့)

၁။ ၀၈:၀၀ နှလုံးသားဝယ် ဘုရားတည်

၂။ ၁၁:၅၀ လှပကျန်းမာ

၃။ ၁၄:၅၀ Speech On Air

၄။ ၁၆:၀၀ တပ်မတော်စာတိုက်ခန်း

၅။ ၁၇:၀၀ ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ

၆။ ၂၀:၂၀ Memory Box

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၁၃-၇၁၉၉၈၊ ဖက်စ် ၀၁၃-၇၁၉၉၉/၀၁၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၁၃-၇၄၀၀၆၊ ၀၁၃-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁၃-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၃-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လှိုင်ငမွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၇၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

◆ **ရှေ့ဖုံးမှအဆက်**

ဒုတိယဥက္ကဋ္ဌဦးမောင်မောင်အုန်းနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တရားသူကြီးနှင့် ရှေ့နေများလိုက်နာရမည့် Code of Conduct ကျင့်ဝတ်နီတိများ ပညာပေးရေး၊ လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေး၊ မြို့တော်ခန်းမတစ်ခုနှင့် ဘောလုံးကွင်းတစ်ကွင်း တည်ဆောက်ပေးနိုင်ရေး၊ မြို့ပြဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲဆောင်ရွက်ပေးနိုင်ရေး၊ စနစ်ကျသောရေပေးဝေရေးလုပ်ငန်းများ စီမံဆောင်ရွက်ပေးနိုင်ရေး၊ မြေအငှားဂရန် ထုတ်ပေးနိုင်ရေးနှင့် မြေအငှားဂရန် အမည်လွှဲပြောင်းခွင့်ပေးနိုင်ရေး၊ ကျောင်းဆောင်သစ်များ တိုးချဲ့ဆောက်လုပ်ပေးနိုင်ရေး၊ ကျောင်းနေအရွယ် အသက် ၅ နှစ်ကလေးများစာရင်း ကောက်ယူခြင်းနှင့် စာသင်ခန်းသို့ အရောက်ပို့ဆောင်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၁၂ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **တရားသူကြီးနှင့် ရှေ့နေများလိုက်နာရမည့် Code of Conduct ကျင့်ဝတ်နီတိများ ပညာပေးခြင်းနှင့် တရားသူကြီးများနှင့် ရှေ့နေများပါဝင်သော Joint Training Program များ တရားလွှတ်တော်ချုပ်မှ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသောင်းနိုင်က ရှေ့နေများအတွက် စောင့်ထိန်းရမည့်ကျင့်ဝတ်များကို ရှေးယခင်ကပင် သတ်မှတ်ပြဋ္ဌာန်းထားခဲ့ပြီး ခေတ်အဆက်ဆက် တရားစီရင်ထုံးများဖြင့်လည်း လမ်းညွှန်ပြသမှုများပြုခဲ့ပါကြောင်း၊ ထိုနည်းတူစွာပင် တရားသူကြီးများဘက်ကလည်း မိမိတို့၏ ကျင့်ဝတ်သိက္ခာနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ပြုမူနေထိုင်ခြင်းအားဖြင့် ရှေ့နေရှေ့ရပ်များ၊ အမှုသည်များအပါအဝင် တရားရုံးအသုံးပြုသူများ၏ ယုံကြည်လေးစားမှုကို ရရှိနိုင်မည်ဖြစ်ပါကြောင်း။

သို့ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး အကြံပြုတင်ပြသကဲ့သို့ ကျင့်ဝတ်နီတိများ ကျယ်ပြန့်စွာ ပညာပေးခြင်းသည် လွန်စွာအရေးကြီးကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကလည်း သတိပြုမိခဲ့ပါကြောင်း။

ထို့ကြောင့်ယခင်က အထက်တန်းရှေ့နေလိုင်စင်ပေးအပ်ခြင်းများကို လုပ်ရိုးလုပ်စဉ်အတိုင်း ဆောင်ရွက်ခဲ့သော်လည်း ၃၁-၁-၂၀၂၆ ရက်နေ့မှစတင်ပြီး အထက်တန်းရှေ့နေလက်မှတ်လက်ခံရယူမည့် အလုပ်သင်ရှေ့နေ ၉၄ ဦးကို ရှေ့နေကျင့်ဝတ်သိက္ခာနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အသိပညာပေးသင်တန်းကို လေးကြိမ်ပို့ချပေးခဲ့ပြီးဖြစ်ပါကြောင်း။

တရားသူကြီးများအတွက် ၂၀၁၇ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် တရားစီရင်ရေးကျင့်ဝတ်ဘာသာရပ်အား တရားသူကြီးများ လုပ်ငန်းဝင်သင်တန်းများနှင့် မွမ်းမံသင်တန်းများတွင် သင်ရိုးညွှန်းတမ်းအဖြစ်ထည့်သွင်းပို့ချခြင်း၊ တရားရုံးသို့ လာရောက်သူများကို ယဉ်ကျေးပျူငှာစွာဖြင့်လေးစားစွာ ဆက်ဆံပြောဆိုတတ်စေရန် တရားသူကြီးများနှင့် တရားရုံးဝန်ထမ်းများအတွက် ဝန်ဆောင်မှုသင်တန်းပေးခြင်းတို့ကို တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း ၂၀၂၃-၂၀၂၇ တွင် နှစ်စဉ်ထည့်သွင်းဆောင်ရွက်လျက်ရှိပါကြောင်း။

တရားရုံးများအနေဖြင့် ရှေ့နေရှေ့ရပ်ကဲ့သို့ အကျိုးသက်ဆိုင်သူများနှင့် ထိတွေ့ဆက်ဆံခြင်းအားဖြင့် အပြန်အလှန်နားလည်၍ ဆက်ဆံရေးတိုးတက်ကောင်းမွန်စေရန်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး အကြံပြုသကဲ့သို့ တရားရုံးနှင့်ရှေ့နေရှေ့ရပ်များအပါအဝင် အခြားသက်ဆိုင်သူများကို ဖိတ်ကြားပြီး ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်နိုင်ရန်အတွက် တရားစီရင်ရေးမဟာဗျူဟာအစီအစဉ်တစ်ရပ်အဖြစ် ထည့်သွင်းထားပါကြောင်း။

သို့ပါ၍ကျင့်ဝတ်ဆိုင်ရာ အသိပညာပေးမှုအစီအစဉ်များနှင့် တရားသူကြီးများနှင့် ရှေ့နေရှေ့ရပ်များပါဝင်သည့် ပူးပေါင်းလေ့ကျင့်သင်ကြားမှုအစီအစဉ်(Joint Training Program) များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆောင်ရွက်ပေးလျက်ရှိပြီး ပိုမိုတိုးတက်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင် (ခ) ဦးဒီလုံး၏ **နမ့်စန်မြို့နယ်ရှိ နားရိုင်းရွာမကြီးမှ နောင်ခမ်း-နောင်ခါး-နမ့်ခမ်း(နမ့်ဟူးမိုင်)-နောင်ဒေးကျေးရွာထိ ကျောက်ချောလမ်းအား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန်သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက နောင်ခမ်း-နောင်ခါး-နမ့်ခမ်း(နမ့်ဟူးမိုင်)-နောင်ဒေးကျေးရွာသွားလမ်းမှာ နယ်စပ်ရေးရာဝန်ကြီးဌာနက စီမံခန့်ခွဲသည့်လမ်းဖြစ်ပြီး လမ်းမိုင်အရှည်အနေဖြင့် ၈/၆ မိုင်ရှိကြောင်း၊ အဆိုပါကျောက်လမ်း ၈/၆ မိုင် လမ်းပိုင်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန် လာမည့်ဘဏ္ဍာရေးနှစ်များတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေမှ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး လျာထားဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လယ်ဝေးမဲဆန္ဒနယ်မှ ဦးဝင်းဌေး၏ **ဇေယျာသီရိမြို့နယ်တွင် မြို့တော်ခန်းမတစ်ခုနှင့် ပြေးလမ်း/ ပွဲကြည့်စင်ပါသည့် ဘောလုံးကွင်းတစ်ကွင်းအား နိုင်ငံတော်အစီအစဉ်ဖြင့် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက ဇေယျာသီရိမြို့နယ်တွင်အားကစားရေးရာဝန်ကြီးဌာနပိုင် မြို့နယ်အားကစားကွင်းမရှိပါကြောင်း၊ မြို့နယ်အဆင့်ဘောလုံးအားကစားကွင်းတစ်ကွင်း ဖောက်လုပ်မည်ဆိုပါက မြေဧရိယာ ၁၀ ဧကခန့်၊ မြို့တော်ခန်းမတည်ဆောက်မည်ဆိုပါက မြေဧရိယာ ၂ ဧကခန့်၊ စုစုပေါင်းမြေဧရိယာ ၁၂ ဧကခန့် လိုအပ်မည်ဖြစ်ပါကြောင်း။

မြို့တော်ခန်းမ၊ ပြေးလမ်းပါ ဘောလုံးကွင်းနှင့် အားကစားပွဲကြည့်စင်များ ဆောက်လုပ်ပေးလိုသော်လည်း လိုအပ်သည့် စုစုပေါင်း မြေဧရိယာ ၁၂ ဧကမှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် အုပ်ချုပ်ရေးဦးစီးဌာနတို့မှ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေများနှင့် အများပြည်သူပိုင်မြေနေရာများတွင် လုံလောက်သောမြေအကျယ်အဝန်းမရှိပါကြောင်း၊ လုံလောက်သောမြေအကျယ်အဝန်းရရှိပါက အားကစားရေးရာဝန်ကြီးဌာနအနေဖြင့် မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်း၊ အထူးတန်းပွဲကြည့်စင်၊ အားကစားခန်းမ၊ ရုံးအဆောက်အအုံနှင့်ဝန်ထမ်းအိမ်ရာတို့အားဆောက်လုပ်ပေးနိုင်ရေးအတွက် အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ဦးစားပေးလုပ်ငန်းအလိုက် လျာထားတင်ပြတောင်းခံ၍ ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပျဉ်းမနားမဲဆန္ဒနယ်မှဦးခင်မောင်ဌေး၏ **ပျဉ်းမနားမြို့ပေါ် ရပ်ကွက် ၇ ခုအား ရေနုတ်မြောင်း၊ ရေဆိုးထုတ်မြောင်းများပါဝင်သည့် မြို့ပြဖွံ့ဖြိုးရေးစီမံချက်(Town Plan)အဖြစ် ရေးဆွဲဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့ပူးပေါင်း၍ ပျဉ်းမနားမြို့ပြဖွံ့ဖြိုးတိုးတက်မှုအခြေအနေအား လေ့လာသုံးသပ်ခဲ့ပြီး မြို့ပြစီမံကိန်းပညာရှင်များမှ ပျဉ်းမနားမြို့၏ မြို့ပြစီမံကိန်းရေးဆွဲခြင်း အစီရင်ခံစာအား ပြုစုခဲ့ပါကြောင်း၊ မြို့ပြစီမံကိန်းရေးဆွဲခြင်း အစီရင်ခံစာပါ ပျဉ်းမနားမြို့ကို တစ်မြို့လုံးအတိုင်းအတာဖြင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် အဆိုပြုလျာထားအစီအမံများပါဝင်ပါကြောင်း၊ ပျဉ်းမနားမြို့ Drainage System အား ရေးဆွဲထားရှိပြီး ပျဉ်းမနားမြို့တွင်း လက်ရှိတွင် ပင်မရေနုတ်မြောင်းများအနေဖြင့် ငလိုက်ချောင်း(တောင်ဘက်) အုတ်ရေမြောင်း ၂၀ ဒသမ ၅၄၄ မိုင်၊ ကျောက်စီရေမြောင်း ၁ ဒသမ ၈၀၄ မိုင်၊ ငလိုက်ချောင်း(မြောက်ဘက်) အုတ်ရေမြောင်း ၁၃ ဒသမ ၃၂၃ မိုင်၊ ကျောက်စီရေမြောင်း ၁ ဒသမ ၈၅၆ မိုင်ရှိပြီး ပျဉ်းမနားမြို့တွင်း ပင်မရေမြောင်းများသို့စီးဝင်သည့် ရေနုတ်မြောင်းများအား မိုးမကျမီ(၄/၂၀၂၆ လမှ ၁၀/၂၀၂၆ လအထိ) လအလိုက် ရေနုတ်မြောင်းတူးဖော်ရှင်းလင်းခြင်းလုပ်ငန်းအား ပျဉ်းမနားမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးသက်ပုံ၏ **စစ်ကိုင်းမြို့ပေါ်ရပ်ကွက်များတွင် စနစ်ကျသော ရေပေးဝေရေးလုပ်ငန်းများ စီမံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍** နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က စစ်ကိုင်းမြို့သည် မြို့မ ၁၈ ရပ်ကွက်နှင့် တိုးချဲ့ ၅ ရပ်ကွက်၊ စုစုပေါင်း ၂၃ ရပ်ကွက်ရှိပါကြောင်း၊ အိမ်ခြေပေါင်း ၁၈၄၉၂ တွင် လူဦးရေပေါင်း ၈၈၃၀၈ ဦး နေထိုင်ပါသဖြင့် တစ်နေ့လျှင် မြို့အတွက် ရေလိုအပ်မှုအနေဖြင့် ဂါလန် ၂ ဒသမ ၃ သန်းဖြစ်ပါကြောင်း။

လက်ရှိ မြို့ရေပေးဝေရေးအနေဖြင့် စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ (ရွှေမင်းဝံ၊ ဇေယျာ၊ မြို့သစ်) ၃ ရပ်ကွက်တို့အား ပယ်ငါးဆယ်ကျေးရွာမှ ဧရာဝတီမြစ်ရေကို မင်းဝံတောင်ပေါ်ရှိ ရေစစ်ကန်သို့တွန်းတင်ပြီး ရေစစ်ကန်တွင် ကျောက်ချဉ်ထည့်ခြင်း၊ လေဖြင့်သန့်စင်ခြင်း၊ ကျောက်စရစ်ဖြင့် သန့်စင်ခြင်း၊ သဲအနေးရေစစ်ကန်မှတစ်ဆင့် Chlorine ခတ်ခြင်း အဆင့်ဆင့်သန့်စင်ပြီးသောရေနေ့စဉ်ဂါလန် ၄၀၀၀၀၀ ဖြန့်ဝေပေးလျက်ရှိပါကြောင်း။

မင်းလမ်းရပ်ကွက်၊ ပိုးတန်းရပ်ကွက်၊ ပန်းဘဲတန်းရပ်ကွက်၊ မိုးဇာရပ်ကွက်၊ နန္ဒဝန်ရပ်ကွက်၊ တကောင်းရပ်ကွက်၊ စိန်ကုန်းရပ်ကွက်၊ ထုံးဘိုရပ်ကွက်၊ မြို့သစ်ရပ်ကွက် (အရှေ့ပိုင်း)၊ ပါရမီရပ်ကွက်၊ နီလာရပ်ကွက်၊ ပတ္တမြားရပ်ကွက်၊ ရွာထောင်ရပ်ကွက်၊ မီးရထားရပ်ကွက်၊ ဓမ္မဝတီရပ်ကွက်တို့ အနေဖြင့် ရပ်ကွက်အလိုက် ရေပေးရေးကော်မတီများဖွဲ့စည်း၍ ဧရာဝတီမြစ်ရေမှ တိုက်ရိုက်တွန်းပို့စနစ်ဖြင့် အိမ်သွယ်ရေတိုင်များဖြင့် ပေးဝေလျက်ရှိပါကြောင်း။

တစ်မြို့လုံး သန့်ရှင်းသောသောက်သုံးရေဖြန့်ဝေပေးနိုင်ရန်အတွက် တိုးချဲ့ဆောင်ရွက်ရာတွင် HDPE ရေတင်ပိုက်လိုင်း ၄၅၀၀ ပေခန့်သွယ်တန်းခြင်း၊ HDPE ရေဖြန့်ဝေပိုက်လိုင်း ပေတစ်သန်းခန့် သွယ်တန်းခြင်း၊ မြို့သစ်ရပ်ကွက် ရေကန် ၂ ဧကအကျယ်နေရာတွင် စက်ရုံတည်ဆောက်ပြီး တစ်ရက်လျှင် ရေဂါလန် ၂ သန်းခန့်ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်ရန်ရည်ရွယ်ထားရှိပါကြောင်း။

ကုန်ကျစရိတ်များပြားပြီး ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များဖိတ်ခေါ်ပြီး BOT စနစ်ဖြင့် ဆောင်ရွက်နိုင်ရေး စီစဉ်ထားရှိပါကြောင်းနှင့် BOT ဆောင်ရွက်မည့်လုပ်ငန်းရှင်များ ဖိတ်ခေါ်ပြီးပါက အဆင့်ဆင့်တင်ပြခွင့်ပြုချက်ရယူပြီး လုပ်ငန်းအပ်နှံအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **ပုဗ္ဗသီရိမြို့နယ် ဇေယျာဒီပရပ်ကွက်တွင် မြေအငှားဂရန် ဆက်လက်ထုတ်ပေးရန်နှင့် တပ်ပုဗ္ဗရှိမြေကွက်များအား မြေအငှားဂရန် အမည်လွှဲပြောင်းခွင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ပုဗ္ဗသီရိမြို့၊ ဇေယျာဒီပရပ်ကွက် (Block 7 မှ Block 11) အတွင်းရှိ မြေကွက်များအား အဆောက်အအုံဆောက်လုပ်ရန် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးခြင်း၊ မြေငှားစာချုပ် (ဂရန်) ထုတ်ပေးခြင်းနှင့် အမည်ပြောင်းလဲပေးခြင်း စသည့်မြေစီမံခန့်ခွဲမှုကိစ္စရပ်များအား လမ်းညွှန်ချက်အရ ဆက်လက်ဆောင်ရွက်ပေးခြင်းမပြုဘဲ ဆိုင်းငံ့ထားရှိခဲ့ပါကြောင်း။

စစ်မှုထမ်းများအနေဖြင့် ဤမြေကွက်သည် အမှန်တကယ်အိမ်ရာဆောက်လုပ်နေထိုင်မည့်သူများသာ နေရာချထားပေးခြင်းဖြစ်ကြောင်း၊ ထပ်ဆင့်လွှဲပြောင်းခြင်း၊ ရောင်းချခြင်းမပြုပါကြောင်းနှင့် မိမိကိုယ်တိုင်သာ နေထိုင်မည်ဖြစ်ပါကြောင်း၊ နေအိမ်အား တစ်ထပ်အဆောက်အအုံသာဆောက်လုပ်ရမည်ဖြစ်ပါကြောင်း၊ အဆောက်အအုံဆောက်လုပ်ရာတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ သတ်မှတ်စည်းကမ်းချက်များအတိုင်း လိုက်နာပါမည်ဖြစ်သည်ဟု ကတိပြုလက်မှတ်ရေးထိုးထားပါကြောင်း။

သို့ဖြစ်ပါ၍ ပုဗ္ဗသီရိမြို့ရှိ ဇေယျာဒီပရပ်ကွက်၊ ဆင်ဖြူရှင်ရပ်ကွက်၊ တပင်ရွှေထီးရပ်ကွက်နှင့်နဝဒေးရပ်ကွက်တို့တွင် စစ်မှုထမ်းများသို့နေရာချထားပေးသော မြေကွက်များအား မြေငှားစာချုပ်အမည်ပေါက်ပြောင်းလဲခြင်းနှင့်ပတ်သက်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ထောက်ချုပ်ရုံးနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာပေါင်းမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး၏ **သာပေါင်းမြို့နယ် ရွှေလှေကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ ရွှေလှေကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ၆၀ x ၃၀ ပေ အုတ်ညှပ်တစ်ထပ် တစ်ဆောင်ရှိပါကြောင်း၊ လက်ရှိတွင် ကျောင်းသားအင်အားနည်းပါးသည့်အတွက် စာသင်ခန်းသုံးခန်းဖြင့် လုံလောက်စွာပညာသင်ကြားနိုင်ပါကြောင်းနှင့် နောင်အခါ ကျောင်းသားအင်အားတိုးပွားလာပါက ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်နော်၏ **မောက်မယ်မြို့နယ် စျေးတန်း အ.လ.က(ခွဲ) မူလတန်းကျောင်း၏ ပင်မဆောင်အား ဖျက်သိမ်းခွင့်ပြုရန်နှင့် နှစ်ထပ်စာသင်ကျောင်းတစ်ဆောင် တိုးချဲ့ရရှိရေးအတွက် မည်ကဲ့သို့ ပံ့ပိုးပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်စျေးတန်း-အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ဆရာ၊ ဆရာမ ၁၅ ဦးရှိပြီး ကျောင်းသား၊ ကျောင်းသူဦးရေ ၄၄၄ ဦးရှိပါကြောင်း။

စာသင်ဆောင်များအနေဖြင့် ကျောင်းဆောင်သုံးဆောင်ရှိပြီး ပညာပန်းခင်းဆောင်သည် သက်တမ်း ၃၃ နှစ်ခန့် ကြာမြင့်ပြီဖြစ်သော်လည်း အင်ဂျင်နီယာစိစစ်ချက်အရ အန္တရာယ်ရှိကျောင်းဆောင်မဟုတ်ကြောင်း တွေ့ရှိရသည့်အတွက် ပညာပန်းခင်းဆောင်အား အကြီးစားပြင်ဆင်မှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကျောင်းသားတန်းခွဲဦးရေအရ အလယ်တန်းအဆင့်အတွက် လိုအပ်နေသော စာသင်ခန်းနှစ်ခန်းအတွက် ၆၀ x ၃၀ ပေ RCC တစ်ထပ်ဆောက်လုပ်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်

**စာမျက်နှာ ၄ သို့** ◆

◆ **စာမျက်နှာ ၃ မှအဆက်**

ငွေလုံးငွေရင်း(တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် ပြည်နယ်၏ ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၏ **မလှိုင်မြို့နယ် အ.ထ.က(ခွဲ)ဖက်ကုန်း၊ အ.မ.က (မူလွန်ရပ်-၁)နှင့် အ.ထ.က(မြို့သစ်) ကျောင်းတို့တွင် RC ၁ ထပ် ကျောင်းဆောင် ၁ လုံးစီ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ဖက်ကုန်း-အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ဆရာ၊ ဆရာမ ဦးရေနှင့် ကျောင်းသား၊ ကျောင်းသူဦးရေ အနေဖြင့် ကျောင်းဆောင် ၄ ဆောင်၊ စာသင်ခန်း ၁၂ ခန်းရှိပြီး ကျောင်းသားဦးရေအရ စာသင်ခန်းလုံလောက်မှုရှိပါကြောင်း။

အလားတူ မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၊ ရပ်(၁)-အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျောင်းဆောင် ၃ ဆောင်၊ စာသင်ခန်း ၉ ခန်းရှိပြီး ကျောင်းသားဦးရေအရ စာသင်ခန်းလုံလောက်မှုရှိပါကြောင်း။

မြို့သစ်-အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းဆောင် ၈ ဆောင်၊ စာသင်ခန်း ၂၁ ခန်းရှိပါကြောင်း၊ အဆိုပါ မြို့သစ် - အခြေခံပညာအထက်တန်းကျောင်းတွင် ထပ်မံလိုအပ်နေသော စာသင်ခန်း ၃ ခန်းအတွက် ၉၀ x ၃၀ ပေ RCC ၁ ထပ်ဆောက်လုပ်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝေါမဲဆန္ဒနယ်မှ ဦးအောင်နိုင်၏ **ဝေါမြို့နယ် ဖိုးဦးစိန်ကျေးရွာ အ.ထ.က ကျောင်းတွင် RC ၂ ထပ် တိုးချဲ့ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပဲခူးတိုင်းဒေသကြီး(အရှေ့) ဝေါမြို့နယ် ဖိုးဦးစိန် -အခြေခံပညာအထက်တန်းကျောင်းတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား စုစုပေါင်း ၉၃၂ ဦးရှိပြီး ဆရာ၊ ဆရာမ ၂၆ ဦးရှိပါကြောင်း၊ စာသင်ဆောင်များအနေဖြင့် ကျောင်းဆောင် ၅ ဆောင်၊ စာသင်ခန်း ၁၅ ခန်း၊ တန်းခွဲ ၂၃ ခုရှိပါကြောင်း၊ ကျောင်းသားတန်းခွဲအရ စာသင်ခန်း ၈ ခန်းလိုအပ်နေကြောင်းတွေ့ရပြီး အဆိုပါလိုအပ်နေသည့် စာသင်ခန်း ၈ ခန်းအတွက် ၁၄၀ x ၃၀ ပေ RCC ၂ ထပ် ကျောင်းဆောင်အား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တောင်ငူမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဦး၏ **တောင်ငူမြို့နယ် သရက်တော အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျောင်းဆောင်သစ်နှင့် သန့်စင်ခန်းဆောက်ခြင်း၊ ခြံစည်းရိုးကာခြင်း၊ အဝီစိတွင်းတူးခြင်း၊ အဝင်လမ်းခင်းခြင်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ တောင်ငူမြို့နယ်၊ သရက်တော-အခြေခံပညာမူလတန်းလွန်ကျောင်း ဆရာ၊ ဆရာမ ၇ ဦးရှိပြီး ကျောင်းသား၊ ကျောင်းသူ ဦးရေ ၉၈ ဦးရှိပါကြောင်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့)၊ တောင်ငူမြို့နယ်၊ သရက်တော-အခြေခံပညာမူလတန်းလွန်ကျောင်းတွင် မြစ်ကမ်းပါးအန္တရာယ်ကြောင့် ဖျက်သိမ်းခဲ့ရသော ကျောင်းဆောင် ၃ ဆောင်အစား ၉၀ x ၃၀ ပေ RCC ၁ ထပ်ဆောက်လုပ်ရန်အတွက် ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ်တွင် ခွင့်ပြုချက်ရရှိပြီးဖြစ်ပါကြောင်း။

ခြံစည်းရိုး ၃၃၇ ပေ အုတ်တံတိုင်းကာရံခြင်း၊ ကျောင်းအဝင်တံခါး ၁၂ ပေပြုလုပ်ခြင်း ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း။

၂ လက်မ အဝီစိတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ကျောင်းအဝင်လမ်း ၂၂၀ x ၄ x ၃ ပေ ခင်းခြင်းလုပ်ငန်းနှင့် ၂ ခန်းတွဲ သန့်စင်ခန်း ၂ လုံး ဆောက်လုပ်ခြင်းလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် သာမန်အသုံးစရိတ်ခေါင်းစဉ်အောက်မှ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပေါင်းတည်မဲဆန္ဒနယ်မှ ဒေါ်ဆွေဆွေသင်း၏ **မြန်မာနိုင်ငံအတွင်းရှိလတ်တလော ဖြစ်နိုင်ခြေရှိသော ဒေသများတွင် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များက ဦးဆောင်၍ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ကျောင်းနေအရွယ် အသက် ၅ နှစ်ကလေးများစာရင်းကောက်ယူခြင်း (Survey on School-Age Children (or) School Survey)ကို တွန်းအားပေး ဆောင်ရွက်၍ စာသင်ခန်းအရောက်ပို့ဆောင်ရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါကမည်သည့် ပညာသင်နှစ်တွင် စတင်ဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေဖြင့် နှစ်စဉ် ပညာသင်နှစ် တစ်ခုမစမီ (ဧပြီလနှင့် မေလ) တွင် သက်ဆိုင်ရာဌာနတို့မှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ အသက် ၅ နှစ်ပြည့်ပြီးသူများစာရင်းကို တောင်းခံရယူပြီး KG တွင် ကျောင်းစတင်အပ်နှံနိုင်ရေး နှိုးဆော်ဆောင်ရွက်လျက်ရှိပါကြောင်း။

စနစ်သစ် ပညာရေးအစီအစဉ်အရ အသက် ၅ နှစ်ပြည့်ပြီး KG မတက်ခဲ့ရသော ကလေးများအနက် အသက် ၆ နှစ်ပြည့်ပြီးသူ ကလေးများအား Grade – 1 တွင် ကျောင်းအပ်နှံတက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် အသက် ၆ နှစ်ပြည့်ပြီး ကျောင်းမနေရသေးသည့် ကလေးများစာရင်းကိုလည်း ကောက်ယူပြီး ကျောင်းသို့ရောက်ရှိရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ကျောင်းအပ်နှံရေးသီတင်းပတ် မတိုင်မီ ကျောင်းအလိုက် ကျောင်းအပ်နှံမည့် ကျောင်းနေအရွယ်ကလေးစာရင်း ပြုစုခြင်း၊ ကျောင်းအပ်နှံရေးသီတင်းပတ်အတွင်း ကျောင်းအပ်နှံရန်ကျန်ရှိသည့် ကလေးများစာရင်းကိုလည်းကောက်ယူ၍ ကျောင်းသို့ ရောက်ရှိရေး သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ မိဘဆရာအသင်းများနှင့် ပူးပေါင်း၍ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ၂၀၂၇-၂၀၂၈ ပညာသင်နှစ်၊ မတ်လမှစ၍ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများ၏ ကြီးကြပ်မှုဖြင့် အသက် ၅ နှစ်ပြည့်ပြီးသူ ကလေးများစာရင်းနှင့် အသက် ၆ နှစ်ပြည့်ပြီး KG မတက်ရသေးသူ ကလေးများစာရင်းကောက်ယူခြင်း လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ဇူလိုင်လ ၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

# ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် ဇူလိုင် ၆**

၂၀၂၆ ခုနှစ်(၇၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ (၇၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ကော်မတီဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်း၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသူများနှင့် သက်ဆိုင်ရာ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဗဟိုကော်မတီအဖွဲ့ဝင်များက (၇၉)နှစ်မြောက်အာဇာနည်နေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး (၇၉)နှစ်မြောက်အာဇာနည်နေ့



အခမ်းအနားကို အခက်အခဲမရှိအောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။ **မြဝတီ**

## (၆-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၅,၂၈၈,၆၀၂.၀၆ | ၁,၁၁၉,၇၂၈.၂၀ | ၂,၃၄၉,၆၇၄.၀၀ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်းရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စားသုံးကုန်စည်၊ ဓာတ်မြေဩဇာ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စက်မှုကုန်ကြမ်း၊ အီလက်ထရောနစ် ပစ္စည်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁.၄၄ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၀၁ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၆-၇-၂၀၂၆

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ကျောက်ဖြူ | ၇ | ဒသမ | ၇၂ | လက်မ | ဘားအံ | ၂ | ဒသမ | ၈၀ | လက်မ |
| သထုံ | ၄ | ဒသမ | ၅၇ | လက်မ | (စိုက်ပျိုးရေးမိုးလေဝသ) | | | | |
| သရက် | ၄ | ဒသမ | ၂၉ | လက်မ | စစ်တွေ | ၂ | ဒသမ | ၇၅ | လက်မ |
| ပိုင်ကျုံ | ၃ | ဒသမ | ၁၀ | လက်မ | မြိတ် | ၂ | ဒသမ | ၂၀ | လက်မ |
| ဘားအံ | ၂ | ဒသမ | ၉၉ | လက်မ | ထားဝယ် | ၁ | ဒသမ | ၆၉ | လက်မ |

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၆

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့်ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

# သံအမတ်ကြီး ဦးဝေလင်း ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတထံ ခန့်အပ်လွှာပေးအပ်



**နေပြည်တော် ဇူလိုင် ၆**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီး ဦးဝေလင်းသည် ၎င်း၏သံအမတ်ခန့်အပ်လွှာကို ၂၀၂၆ ခုနှစ် ဇူလိုင်လ ၆ ရက် (တနင်္လာနေ့) တွင် ဟနွိုင်းမြို့ရှိ သမ္မတအိမ်တော်၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ တိုလန်း ထံ ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

မြဝတီ

# ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အထိမ်းအမှတ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ




**နေပြည်တော် ဇူလိုင် ၆**


၂၀၂၆ ခုနှစ် ဇူလိုင်လ ၆ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အထိမ်းအမှတ်အဖြစ် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ဒုတိယအကြိမ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်ကျေးရွာအုပ်စု ကံဦးကျေးရွာ၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက အမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ဒုတိယဝန်ကြီး ဦးသိုက်စိုး၊ နေပြည်တော်ကောင်စီဝင်များ၊ ဝန်ထမ်းများနှင့်အတူ ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် ကံဦးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော အစုအဖွဲ့စနစ်ဖြင့် မွေးမြူထားသော အသားတိုးဝက်မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုသည်။


ဆက်လက်၍ ကံဦးကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း(Smart Village) ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲသို့တက်ရောက် အမှာစကားပြောကြားပြီး ကံဦးကျေးရွာအတွက် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၆၀၀ ကို ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။


မြဝတီ




➤ **ရှေ့ဖုံးမှအဆက်**

အရှိန်ကြောင့်လည်းကောင်း ယနေ့နံနက်မှ ဇူလိုင်လ ၁၄ ရက်နေ့အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)




တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၄ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းနှင့် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေကို ဘာလဆောမြို့အနီးမှဖြတ်ကျော်ဝင်ရောက်ခဲ့သော မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့်မြစ်ငယ်ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ



**နေပြည်တော် ဇူလိုင် ၆**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၀၂၆ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၈ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်(နေပြည်တော်)၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး၊ ဒုတိယဥက္ကဋ္ဌများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌများနှင့်အတူ သတ်မှတ်နေရာများ၌ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးကာ တက်ရောက်လာသူများက ပျိုးပင်များကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် တပျော်တပါး စုပေါင်းစိုက်ပျိုးမှုကို ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပသည့် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ မဟော်ဂနီ၊ ပိတောက်၊ မဲဇလီ၊ ရေတမာ၊ ပျဉ်းမ၊ စွယ်တော်စသည့် ပျိုးပင် ၁၅၀၀ ကို စိုက်ပျိုးခဲ့ကြောင်းသိရသည်။

မြဝတီ

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၆**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# သာစည်မြို့နယ် ရွှေလုံ့(မြောက်) ကျေးရွာ၌ VDP စီမံကိန်းဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး

**သာစည် ဇူလိုင် ၆**


မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရွှေလုံ့(မြောက်) ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇူလိုင်လ ၆ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရွှေလုံ့(မြောက်)ကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်းသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုအခြေအနေများနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ရွှေလုံ့(မြောက်)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ခွင့်ပြုငွေ ငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ်သိန်း ၆၀ ဖြင့် အရှည် ပေ ၄၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မေလဒုတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**




# သဲကုန်းမြို့နယ်၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး လှူငယ်စကားဝိုင်းကျင်းပ



**သဲကုန်း ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာရေးဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံပြီး အသိပညာဗဟုသုတ တိုးပွားစေရန်၊ စာဖတ်ရှိန်မြှင့်မားစေရန်နှင့် လူအများရှေ့တွင် ရဲဝံ့စွာပြောဆိုတတ်စေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းကို ဇူလိုင်လ ၆ ရက်တွင် အခြေခံပညာအလယ်တန်းကျောင်း (လင်းလဲ)၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအလယ်တန်းကျောင်း(လင်းလဲ) ကျောင်းအုပ်ဆရာမကြီး ကိုယ်စား ဆရာမဒေါ်အေးသန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးသူက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးသူက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူငယ်နှင့်စာဖတ်ခြင်းအလေ့အထ၊ လူငယ်နှင့်ခေါင်းဆောင်မှု၊ လူငယ်နှင့်အချိန်စီမံခန့်ခွဲမှုစသည့်ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည့်အကြောင်းအရာများကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြောင်း သိရသည်။

**ကိုကျော်(သဲကုန်း)**

# ပူတာအိုမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ပူတာအို ဇူလိုင် ၆**

ကချင်ပြည်နယ် ပူတာအိုခရိုင် သစ်တောဦးစီးဌာနမှ ကြီးမှူး၍ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်လ ၅ ရက်က ပူတာအိုမြို့နယ် လန်းတောင်ကျေးရွာအုပ်စု ဇီဒမ်း-၂ကျေးရွာ ကရုဏာလက်လှူငယ်ပြုစုပျိုးထောင်ရေးသင်တန်းကျောင်းဝင်း၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူး ဦးတူးခေါင်က ကချင်ပြည်နယ်အတွင်း Fire hotspot ဖြစ်ပေါ်မှုလျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် အသိပညာပေးဟောပြောပြီး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွန်းနှင့်တာဝန်ရှိသူများက ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာနေပြည်သူများအား စိုက်ပျိုးမည့်ပျိုးပင်များအား လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ တက်ရောက်လာကြသူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်လွင်တို့က ကြည့်ရှုအားပေးကြသည်။

အဆိုပါ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ကြေးလံပင် ၅၀၊ မဟော်ဂနီပင် ၁၀၀၊ သစ်မင်းဖိုပင် ၂၀၀၊ ယမနေပင် ၂၀၀၊ တောင်တမာပင် ၂၅၀၊ ရေပိတုန်းပင် ၆၀၀ နှင့် သစ်အယ်ပင် ၁၁၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**

# ရေနံချောင်းမြို့နယ်၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး

**ရေနံချောင်း ဇူလိုင် ၆**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်ထောင်စုခွင့်ပြုငွေဖြင့် ဆားတိုင်ကျေးရွာအုပ်စု ဆားတိုင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုကို ဇူလိုင်လ ၆ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ဆားတိုင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက



လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ပြောကြားသည်။

ဆားတိုင်ကျေးရွာ၌ အကျယ် ၄ လက်မခွဲ၊ အနက်ပေ ၄၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေကန်တည်ဆောက်ခြင်း၊ ဆိုလာရေတင်စနစ်တပ်ဆင်ခြင်း၊ အရှည်ပေ ၁၂၀ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ယခုဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၆၈ ဒသမ ၄၆၄ သန်းဖြင့် ဇွန်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**နော်လူး**

❖ **ရှေ့ဖုံးမှအဆက်**

အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးခင်မောင်မြင့်၏**ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်၊ ဥတ္တံ့တားရပ်ကွက်၊ နယ်မြေ(၁)၊ (၂)နှင့် ဇော်ဂျီရပ်ကွက်တွင် မိုးရာသီကာလ၌ မိုးရွာသွန်းမှုများပြားခြင်းကြောင့် ဇော်ဂျီချောင်းရေမြင့်တက်ပြီး အိမ်ခြေ(၅၀၀) နီးပါး ရေကြီးနစ်မြုပ်မှုဒဏ်များခံစားနေရပါသဖြင့်ရေကြီးရေလျှံမှုများ လျော့ပါးသက်သာစေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ လိုအပ်သလို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ရပ်စောက်မြို့ပေါ်ရှိ ရပ်ကွက်များနှင့်လူနေအိမ်များအတွင်း ရေကြီးရေလျှံမှုလျော့နည်းသက်သာစေရန်အတွက် ရပ်စောက်-ရွှေညောင်ကားလမ်းပေါ်ရှိ ဇော်ဂျီချောင်းတံတားအောက်ပိုင်းနှင့် အထက်ပိုင်းများတွင် ဇော်ဂျီချောင်းကို အောက်ခြေအကျယ်ပေ(၆၀)၊ ချောင်းအနက် (၂၂) ပေ ရရှိရန်သဲနုန်းတူးဖော်ခြင်း၊ ချောင်းဖြောင့်ခြင်း၊ ရေလမ်းကြောင်းရှင်းလင်းခြင်းနှင့် လိုအပ်သည့်နေရာများတွင် မြေထိန်းနံရံများတည်ဆောက်ခြင်း၊ ရပ်စောက်မြို့အတွင်းရှိ ဇော်ဂျီချောင်းတစ်လျှောက် လိုအပ်သည့်နေရာများ၌ ချောင်းအတွင်းသဲနုန်းတူးဖော်ခြင်း၊ ချောင်းချဲ့ခြင်းနှင့်ချောင်းဖြောင့်ခြင်း၊ တံတားမိုးချောင်းအား အောက်ခြေအကျယ် (၁၅) ပေနှင့် ချောင်းအနက် (၁၁)ပေရရှိရန် သဲနုန်းတူးဖော်ခြင်း၊ ရေလမ်းကြောင်းရှင်းလင်းခြင်းနှင့် လိုအပ်သည့်နေရာများတွင် မြေထိန်းနံရံများတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရပ်စောက်မြို့နယ်၊ ဥတ္တံ့တားရပ်ကွက်၊ နယ်မြေ (၁)၊ (၂)နှင့် ဇော်ဂျီရပ်ကွက်အတွင်းရှိ ရေကြီးရေလျှံမှုလျော့နည်း သက်သာစေရေးအတွက် ဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်း(၃)ခုအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေတွင် တင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးလုပ်ငန်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် နည်းပညာလိုအပ်ချက်ရှိပါက ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် ဇော်ဂျီချောင်းတစ်လျှောက် ရေကြီးရေလျှံမှု လျော့ပါးသက်သာစေရန်အတွက် ဇော်ဂျီချောင်းနှင့် တံတားမိုးချောင်းဘေး ဝဲ/ယာရှိ လူနေအိမ်များမှ အမှိုက်များ ချောင်းအတွင်းသို့ စည်းကမ်းမဲ့စွာ စွန့်ပစ်ခြင်း၊ ဇော်ဂျီချောင်းနှင့် တံတားမိုးချောင်းဘေး ဝဲ/ယာ အချို့နေရာများတွင် ချောင်းဇရိယာအတွင်း ကျူးကျော်နေထိုင်ခြင်းများကိုလည်း သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဆက်စပ်ဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းကြပ်မတ်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်အတွင်းရှိ ဝက်လာ-ဆပ်ကွင်း-အသုတ်လမ်းအရှည် (၅/၀ ဒသမ ၉၆) မိုင်အား မြေသားလမ်းမှ ကျောက်ချောလမ်း သို့မဟုတ် ကတ္တရာ/ကွန်ကရစ်လမ်းအဖြစ် မည်သည့်ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဝက်လာ-ဆပ်ကွင်း-အသုတ်လမ်း၏ လက်ရှိမြေသားလမ်းကို ပထမအဆင့်အနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး၏ ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ပြုပြင်ပေးမည်ဖြစ်ပြီး ရာသီမရွေးသွားလာနိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ဝက်လာကျေးရွာမှ သစ်ဝင်ကုန်းကျေးရွာအလွန် ပုသိမ်-မုံရွာလမ်းနှင့် ဆုံသောနေရာအထိ စုစုပေါင်း ၂ မိုင် ၄ ဖာလုံအား ကျောက်လမ်းအဆင့်မြှင့်တင်နိုင်ရန် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ရန်ပုံငွေတွင် လျာထားနိုင်ရေး ဆောင်ရွက်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ လုပ်ငန်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်နှင့် ကျောင်းကုန်းမြို့နယ်အတွင်းရှိ ကျုံပျော်-ကျောင်းကုန်း-မြောင်းမြ-လပွတ္တာလမ်းအရှည် ၁၈ ဒသမ ၅ မိုင်ခန့်မှာ လက်ရှိတွင် ကတ္တရာများ ပေါက်ပြဲပြီး ပျက်စီးနေပါသဖြင့် တစ်နှစ်အတွင်း အပြီးသတ်အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က လမ်းအရှည် ၁၈ မိုင် ၄ ဖာလုံ၏ လမ်းအခြေအနေသည် ကောင်းမွန်သောအပိုင်း ၄ မိုင် ၆ ဖာလုံ၊ အသင့်အတင့်ကောင်းမွန်သောအပိုင်း ၆ မိုင် ၁ ဖာလုံနှင့် ပျက်စီးမှုများပြားသောအပိုင်း ၇ မိုင် ၅ ဖာလုံဖြစ်ပါကြောင်း၊ အဆိုပါလမ်းအား တစ်နှစ်အတွင်း အပြီးသတ်အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးသော်လည်း လတ်တလောသွားလာမှုအဆင်ပြေစေရန်အတွက် ပျက်စီးမှုများပြားသည့် လမ်းမိုင်အရှည် ၇ မိုင် ၅ ဖာလုံအား ဦးစားပေးအဖြစ် လမ်းအနိမ့်အမြင့်ဖြေညှိခြင်းနှင့် ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားနိုင်ရေးဆောင်ရွက်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်အတွင်းရှိ သောင်ကြီး-ဒိုက်ပျက်လမ်းပေါ်တွင် ကျန်ရှိနေသေးသော ကျောက်လမ်း ၃ မိုင်နှင့် အမာခံလမ်း ၆ မိုင် ၆ ဖာလုံတို့အား ရာသီမရွေးသွားလာနိုင်သည့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ပထမအဆင့်အနေဖြင့် အမာခံလမ်းအား ကျောက်လမ်းအဖြစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်ရန်ပုံငွေမှစတင်ပြီး ခွဲဝေရရှိသည့် ရန်ပုံငွေဖြင့် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျောက်လမ်းမှ ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း နှစ်အလိုက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ရန်ပုံငွေတွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လက်ရှိအသုံးပြုနေသော ၁၂ ပေအကျယ် ကတ္တရာလမ်း ၄ မိုင် ၇ ဖာလုံအား ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် လမ်းအကျယ်ချဲ့ခြင်းလုပ်ငန်းကို ဦးစားပေးဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း၊ အဆိုပါလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းသည် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်သောကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၉) ဦးရန်နိုင်ဦး၏ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းရှိ တက္ကသိုလ်အသီးသီးတွင် ဘွဲ့/ဒီဂရီရရှိခဲ့သည့်လူငယ်များအား ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးက အလုပ်ခန့်အပ်ပေးရန်အတွက် အရည်အချင်းသတ်မှတ်ချက်များနှင့်တကွ အလုပ်လျှောက်ထားရန်ခေါ်ယူခြင်းကိစ္စအပေါ် နိုင်ငံတော်နှင့်လူငယ်များ၏အနာဂတ်အတွက် ဖြေလျှော့စဉ်းစားပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၆) ဦးအေးပိုင်က ကိုဗစ်ကပ်ရောဂါဖြစ်ပွားမှုနှင့် နိုင်ငံရေးသမားအချို့၏ သွေးထိုးလှုံ့ဆော်မှုအခြေအနေများကြောင့် ဝန်ကြီးဌာနအသီးသီးက အလုပ်လျှောက်လွှာခေါ်ယူသည့်အခါတွင် သတ်မှတ်အသက်ထက် ၁ နှစ်၊ ၂ နှစ် ကြီးနေသောကြောင့် အလုပ်အကိုင် မလျှောက်ထားနိုင်သည်ကို တွေ့မြင်ကြရပါကြောင်း၊ ထို့ကြောင့် အခြေအနေအရပ်ရပ်အပေါ်သုံးသပ်၍ အလုပ်လျှောက်လွှာခေါ်ယူသည့်အခါ ခိုင်လုံသောအကြောင်းပြနိုင်သူများကို အသက်သတ်မှတ်ရာတွင် နိုင်ငံတော်နှင့်လူငယ်များအနာဂတ်အကျိုးအတွက် ဖြေလျှော့စဉ်းစားပေးပါရန်အဆိုကို ထောက်ခံဆွေးနွေးသည်။

ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးအောင်စိုးက ကိုဗစ်-၁၉ ကပ်ရောဂါနှင့် နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် လူငယ်ထောင်ပေါင်းများစွာသည် ဘွဲ့ရချိန် ၂ နှစ်၊ ၃ နှစ်ခန့်အထိ နောက်ကျခဲ့ကြရပါကြောင်း၊ ယနေ့တွင် ထိုလူငယ်များသည် အစိုးရဝန်ထမ်းအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်လိုသော်လည်း ပညာအရည်အချင်းကြောင့်မဟုတ်ဘဲ အသက်ကန့်သတ်ချက်များကြောင့် အခွင့်အလမ်းများဆုံးရှုံးနေကြရပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အကြီးမားဆုံး ချမ်းသာကြွယ်ဝမှုမှာ ရွှေ၊ ကျောက်မျက်၊ သစ်တောနှင့်သယံဇာတများမဟုတ်ဘဲ လူသားအရင်းအမြစ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုကိစ္စကို လူငယ်များအား အထူးအခွင့်အရေးပေးခြင်းဟု မမြင်သင့်ဘဲ နိုင်ငံတော်ကြုံတွေ့ခဲ့ရသော အရေးပေါ်အခြေအနေများကြောင့် ဆုံးရှုံးခဲ့ရသော အချိန်များအတွက် မျှတသော ပြန်လည်စဉ်းစားပေးမှုအဖြစ် ရှုမြင်သင့်ပါကြောင်း၊ သတ်မှတ်အရည်အချင်းပြည့်မီပြီး အသက်ကန့်သတ်ချက်ကို ၂ နှစ်မှ ၃ နှစ်အထိ အထူးလျှော့ပေါ့ပေးနိုင်မည်ဆိုပါက ထိုလူငယ်များအတွက် မျှော်လင့်ချက်တံခါးတစ်ချပ် ပြန်လည်ဖွင့်လှစ်ပေးခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်အတွက်လည်း အရည်အချင်းရှိသော လူ့စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာအသုံးချနိုင်မည်ဖြစ်ပါသောကြောင့် အဆိုအား ထောက်ခံကြောင်း ဆွေးနွေးသည်။

**ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၉)** ဒေါ်ကျင်သိန်းက နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် လူသားအရင်းအမြစ်မဆုံးရှုံးစေရန်ရည်ရွယ်၍ လက်ရှိတွင် ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ဖြစ်ပါက အသက် ၃၅ နှစ်ထက် မကျော်သော၊ မဟာဘွဲ့ဖြစ်ပါက အသက် ၄၀ နှစ်ထက် မကျော်သောသူများကို နိုင်ငံ့ဝန်ထမ်းသက်အဖြစ် ဝန်ထမ်းများကိုခေါ်ယူလျက်ရှိသည်ကိုသိရပါကြောင်း၊ သို့သော် အလုပ်လျှောက်ထားရန်ခေါ်ယူခြင်းကိစ္စအပေါ် နိုင်ငံတော်နှင့် လူငယ်များ၏အနာဂတ်အတွက် ဖြေလျှော့စဉ်းစားပေးစေလိုကြောင်းနှင့် အဆိုကိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၆) ဒေါက်တာကျော်ထွန်းက ဝန်ကြီးဌာနများက အလုပ်ဝင်ခွင့်လျှောက်ထားနိုင်ရေး အသက်ကန့်သတ်ချက်များလျှော့ပေါ့ပြီး ဆောင်ရွက်လျက်ရှိရာတွင် ဒုတိယဘွဲ့နှင့် အထက်ဘွဲ့ဆွတ်ခူးရရှိထားကြသော လူငယ်များအတွက် အသက်ကန့်သတ်ချက်လျှော့ပေါ့ပေးထားရာတွင် လျော်ကန်သင့်မြတ်မှုရှိနေပါသော်လည်း ပထမဘွဲ့ဒီဂရီတစ်ခုတည်းသာရရှိထားကြသည့် လူငယ်များက အလုပ်ရရှိနိုင်ရေးအတွက် (၃)ကြိမ်၊ (၄)ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုကြရသဖြင့် အသက်ကန့်သတ်ချက်သည် အနာဂတ်အတွက် အခက်အခဲတစ်ခုဖြစ်နေပါသဖြင့် ထပ်မံလျှော့ပေါ့စဉ်းစားရန်လိုအပ်နေပါကြောင်း။

နိုင်ငံတော်မှ လူ့စွမ်းအားအရင်းအမြစ်များ အကျိုးရှိရှိအသုံးပြုနိုင်ရေးအတွက် အသက်အရွယ်နောက်ကျမှ ပထမဘွဲ့ဒီဂရီဆွတ်ခူးရရှိခဲ့ကြသည့် လူငယ်များ၏ အနာဂတ်ခရီးလမ်းဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရေး ရည်ရွယ်ချက်ဖြင့် ကာလအပိုင်းအခြားတစ်ခု သတ်မှတ်ပြီး အသက်ကန့်သတ်ချက် ထပ်မံလျှော့ပေါ့စဉ်းစားပေးစေလိုပါကြောင်း အဆိုအား ထောက်ခံဆွေးနွေးသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁)ဦးဇော်ဇော်မြင့်က ဝန်ကြီးဌာနအချို့သည် First Degree ကို အသက်သတ်မှတ်ချက် ၂၀ နှစ်မှ ၂၅ နှစ်အတွင်းရှိသကဲ့သို့ အသက် ၃၀ နှစ်မှ ၃၅ နှစ်အထိ သတ်မှတ်ထားသည့်အနက် အသက်အနိမ့်ဆုံးအနေဖြင့် အသက် ၃၀ အောက်သတ်မှတ်သင့်သည်ကို တွေ့ရှိရပါကြောင်း၊ လက်ရှိကာလ အခြေအနေများအပေါ်မူတည်၍ သက်ဆိုင်ရာဌာနအသီးသီး၏ လုပ်ငန်းအမျိုးအစားများအပေါ် မူတည်၍ အသက်သတ်မှတ်ချက်ကို နှစ်နှစ်၊ သုံးနှစ် ဖြေလျှော့ပေးသင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးသန်းအေး(ခ)ဦးတင်ဦးက နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ နိုင်ငံတော်အစိုးရဝန်ကြီးဌာနအသီးသီးအလိုက် လုပ်ငန်းတာဝန်များကို ကဏ္ဍအလိုက်၊ အဆင့်အလိုက် တာဝန်ယူအကောင်အထည်ဖော်ဆောင်ပေးကြရသူများဖြစ်ပါကြောင်း၊ လိုအပ်သည့်အရည်အချင်းသတ်မှတ်ချက်များနှင့်ပြည့်မီသူများကိုသာ ခန့်ထားခြင်းဖြင့် စွမ်းရည်ပြည့်ဝသော နိုင်ငံ့ဝန်ထမ်းယန္တရားတစ်ရပ်အဖြစ် တည်ရှိနေရန်လိုအပ်ပါကြောင်း၊ ဝန်ထမ်းအရည်အချင်း သတ်မှတ်ချက်များကို ယေဘုယျလွှမ်းခြုံပြီး ဖြေလျှော့ပေးရန်ဆိုသည်မှာ အလေးထားစဉ်းစားရမည့်ကိစ္စဖြစ်နေပါကြောင်း ဆွေးနွေးသည်။

**စာမျက်နှာ ၈ သို့** ❖


❖ စာမျက်နှာ ၇ မှအဆက်

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက ဝန်ထမ်းတစ်ဦးကို ဖွဲ့စည်းပုံပါရာထူးတစ်ခု၌ အတည်ပြုခန့်ထားခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၄ နည်းဥပဒေခွဲ (ဃ)တွင် "ဝန်ထမ်းသည် အသက် ၁၈ နှစ် ပြည့်ပြီးဖြစ်ရမည်"ဟု ဝန်ထမ်းအဖြစ် စတင်ခန့်ထားနိုင်သည့် အသက်ကိုသာ သတ်မှတ်ပြဋ္ဌာန်းထားပြီး အခြားအသက်ကန့်သတ်ချက်ကို သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိပါကြောင်း၊ ဝန်ထမ်းသစ်များခန့်ထားနိုင်ရေး ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများမှ လုပ်ငန်းလိုအပ်ချက်နှင့် လုပ်ငန်းသဘောသဘာဝပေါ်မူတည်၍ ပညာအရည်အချင်းကန့်သတ်ချက်၊ အသက်ကန့်သတ်ချက်များကို ၎င်းတို့ခေါ်ယူမည့်အလုပ်နေရာ(Post)၊ လုပ်ငန်းသဘောသဘာဝ၊ လုပ်ငန်း၏ လိုအပ်ချက်များအပေါ်တွင် အခြေခံစဉ်းစားပြီး ပညာအရည်အချင်းနှင့် အသက်ကန့်သတ်ချက်များအပါအဝင် အခြားလိုအပ်ချက်များကို သတ်မှတ်၍ လစ်လပ်ရာထူးများအတွက် ခေါ်ယူသည့် ကြော်ငြာတွင်ထည့်သွင်းပြီး နိုင်ငံပိုင်သတင်းစာများတွင် ပွင့်လင်းမြင်သာစွာဖြင့် အနည်းဆုံး တစ်လကြိုတင်ထုတ်ပြန်ပါကြောင်း။

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးများခန့်အပ်နိုင်ရေးအတွက် ယခင်က ခြောက်လ (၁)ကြိမ်ဖြင့် တစ်နှစ်လျှင် (၂)ကြိမ် ကြော်ငြာခေါ်ယူ၍ စိစစ်ရွေးချယ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယခုအခါ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှစ၍ လေးလလျှင် (၁)ကြိမ်ဖြင့် တစ်နှစ်လျှင်ကြော်ငြာ(၃)ကြိမ်အထိ ခေါ်ယူသွားမည်ဖြစ်ပါကြောင်း၊ ပြင်ပပုဂ္ဂိုလ်များအား ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးနေရာများတွင် ခန့်ထားနိုင်ရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့က နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ယှဉ်ပြိုင်စနစ်ဖြင့် ရေးဖြေစာမေးပွဲ၊ စိတ်အခြေအနေစစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်၍ အရည်အချင်းပြည့်မီသူများကို ရွေးချယ်ပေးပြီး သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ခန့်ထားပေးလျက်ရှိပါကြောင်း။

ပြင်ပပုဂ္ဂိုလ်များအား အမှုထမ်းအဆင့် စတင်ခန့်ရာထူးနေရာများတွင် ခန့်ထားနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ယှဉ်ပြိုင်စနစ်ဖြင့် ရေးဖြေ စာမေးပွဲ၊ လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်၍ အရည်အချင်းပြည့်မီသူများကို ရွေးချယ်ခန့်ထားပေးလျက်ရှိပါကြောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ၂၀၂၆ ခုနှစ်အတွင်း အဖွဲ့ကွပ်ကဲမှုအောက်ရှိ ဥက္ကဋ္ဌရုံးအဖွဲ့မှ အမှုထမ်းအဆင့်စတင်ခန့်ရာထူးဖြစ်သော အငယ်တန်းစာရေးရာထူးအတွက် ၂၀၂၆ခုနှစ် ဇူလိုင်လ ၁၅ ရက်တွင် ပြင်ပပုဂ္ဂိုလ် အသက် (၃၀)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဟုလည်းကောင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁၆ ရက်တွင် ပြင်ပပုဂ္ဂိုလ်အသက် (၃၀) နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅) နှစ်ထက် မကျော်လွန်သူဟုလည်းကောင်း ဖွန်လတွင် ကြော်ငြာများခေါ်ယူထားသည်ကိုတွေ့ရှိကြရမည်ဖြစ်ပါကြောင်း။

ထို့ပြင် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအနေဖြင့် ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပုံစံ(၁၂) ရရှိပြီးသူများသည် သတ်မှတ်ချက်နှင့် ကိုက်ညီပါက လျှောက်ထားနိုင်သည်ကိုလည်း ကြော်ငြာတွင် ထည့်သွင်းဖော်ပြခဲ့ပါကြောင်း၊ ကြော်ငြာခေါ်ယူသည့် အသက်သတ်မှတ်ချက်ထက် ၃ နှစ်တိုးမြှင့်၍ ခေါ်ဆိုထားသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများကလည်း နှစ်စဉ်ဝန်ထမ်းခန့်ထားနိုင်ရေးအတွက် အသက်ကန့်သတ်ချက်ကို (၃၀) နှစ်၊ (၃၅) နှစ်၊ (၃၈) နှစ်နှင့် (၄၀)နှစ်အထိ အခါအားလျော်စွာ လျှော့ချသတ်မှတ်ပြီး ခန့်ထားဆောင်ရွက်လျက်ရှိပါကြောင်း။


ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း ရှင်းလင်းဖြေကြားစဉ်။

လူငယ်များအနေဖြင့်လည်း နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်လိုပါက သတင်းစာတွင် ကြော်ငြာခေါ်ယူသည့်အခါ မိမိတို့၏ပညာအရည်အချင်း၊ အသက်ကန့်သတ်ချက်ဖြင့် ကိုက်ညီသည့်ရာထူးနေရာများကိုလျှောက်ထားပြီး ယှဉ်ပြိုင်ရွေးချယ်ခံနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း။

ပြင်ပပုဂ္ဂိုလ်များကို နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်ခန့်ထားနိုင်သော ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးနှင့် အငယ်တန်းစာရေး၊ ဒုတိယဦးစီးမှူးရာထူးများအပါအဝင်အမှုထမ်းအဆင့် စတင်ခန့်ရာထူးနေရာများအား နိုင်ငံပိုင်သတင်းစာများနှင့် Myanmar National Web Portal တို့တွင် နှစ်စဉ် ကြော်ငြာခေါ်ယူနေပါကြောင်း၊ သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ဒေသရှိ ဘွဲ့/ဒီဂရီရ လူငယ်များကို ဝင်ရောက်လျှောက်ထား ယှဉ်ပြိုင်ရွေးချယ်ခံနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံလိုပါကြောင်း။

သို့ပါ၍ အလုပ်ခေါ်ယူခြင်းကြော်ငြာများပါ အသက်ကန့်သတ်ချက်များအရ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများအနေဖြင့် ကိုဗစ်ကပ်ရောဂါဖြစ်ပွားပြီးနောက်ပိုင်း လူငယ်များ၏အလုပ်အကိုင်အခွင့်အလမ်းရရှိရေးကို ရေးရှုစဉ်းစားပြီး ပြင်ပပုဂ္ဂိုလ်များအား ဝန်ထမ်းအသစ်အဖြစ် ရွေးချယ်ခန့်ထားရာတွင် အသက်ကန့်သတ်ချက်ကို ဖြေလျှော့စဉ်းစားဆောင်ရွက်ပေးလျက်ရှိသည့်အတွက် လွှတ်တော်ကိုယ်စားလှယ် အဆိုပြုသည့်ဘွဲ့ရပညာတတ် တန်ဖိုးရှိ လူငယ်အချို့အား(ကာလဒေသ၊ ကပ်ရောဂါ ကန့်သတ်ချက်အရ) အသက် တစ်နှစ်၊ နှစ်နှစ်ခန့် ကြီးရင့်သွားသော်လည်း အကြောင်းကြောင်းကို ထောက်ထား၍ နိုင်ငံတော်နှင့်လူငယ်များ၏ ရေရှည်အကျိုးကိုရည်မှန်းလျက် ဘွဲ့ရပညာတတ်လူငယ်များအား အသက်ကန့်သတ်ချက်လျှော့ပေါ့၍ ခန့်ထားပေးရန်အချက်အပေါ် လွှမ်းခြုံမှုရှိပါကြောင်း။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများမှ ပြင်ပပုဂ္ဂိုလ်များအားဝန်ထမ်းသစ်အဖြစ် ရွေးချယ်ခန့်ထားရာတွင် ၎င်းတို့၏လုပ်ငန်းသဘောသဘာဝနှင့် လိုအပ်ချက်ပေါ်မူတည်၍ သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်များသည် ဘွဲ့/ဒီဂရီရရှိခဲ့သည့်လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် လျော်ကန်သင့်မြတ်မှုရှိပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်လိုသည့် လူငယ်များကိုလည်း ကြိုဆိုပါကြောင်းနှင့် ဝန်ထမ်းရေးရာနှင့် ပတ်သက်၍ ကိစ္စရပ်များရှိပါကလည်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ကို ဆက်သွယ်ဆောင်ရွက်နိုင်ကြပါကြောင်း။

မသန်စွမ်းဘွဲ့/ဒီဂရီရ လူငယ်များအနေဖြင့် လစ်လပ်ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုခြင်း၊ ရေးဖြေစာမေးပွဲအောင်မြင်ပါက စိတ်အခြေအနေ စစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်းစသည့်အခွင့်အရေးများအား အခြားလူငယ်များနှင့် တန်းတူရရှိကြပါကြောင်း၊ မသန်စွမ်းဘွဲ့ရလူငယ်များအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းက ခေါ်ယူသည့် လစ်လပ်ရာထူး၏လုပ်ငန်းသဘောသဘာဝပေါ် မူတည်ပြီး သတ်မှတ်အရည်အချင်းများနှင့်ပြည့်မီ၍ သက်ဆိုင်ရာရွေးချယ်ရေးအဖွဲ့က ရွေးချယ်ခြင်းခံရပါက နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရရှိနိုင်မည်ဖြစ်ပါကြောင်း။

ပြင်ပပုဂ္ဂိုလ်များအား နိုင်ငံ့ဝန်ထမ်းများအဖြစ် ရွေးချယ်ခန့်ထားရာတွင် ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးများ ခန့်အပ်နိုင်ရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှစ၍ လေးလ(၁)ကြိမ်ဖြင့် တစ်နှစ်လျှင် (၃)ကြိမ် သတ်မှတ်ပြီး (၄) လ၏ပထမရက်သတ္တပတ်အတွင်း ကြော်ငြာခေါ်ယူရန် သတ်မှတ်ထားပြီးဖြစ်သည့်အတွက် ဝင်ရောက်လျှောက်ထားရမည့်အချိန်ကို ကြိုတင်သိရှိနိုင်မည်ဖြစ်ပါကြောင်း။

ပွင့်လင်းမြင်သာမှုနှင့်စပ်လျဉ်း၍လည်း သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသည့် လူငယ်များကို ယှဉ်ပြိုင်ရွေးချယ်သည့်စနစ်ဖြင့် လျှောက်ထားဖြေဆိုနိုင်ရေး နိုင်ငံပိုင်သတင်းစာများနှင့် Myanmar National Web Portal တို့တွင် ပွင့်လင်းမြင်သာစွာဖြင့် တစ်လကြိုတင်၍ ကြော်ငြာများထုတ်ပြန်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏သဘောထားအားမေးမြန်းရာ အဆိုရှင်က မှတ်တမ်းအဖြစ်ထားရှိပေးပါရန် ပြောကြားသည့်အတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ဆန္ဒအရ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ဇူလိုင်လ ၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ မြဝတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၇-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၃၆၀ | ၃၅၀၀ | ၃၄၅၅ | ၃၃၇၅ | ၃၅၀၅ | ၃၅၂၀ | ၃၅၄၅ | ၃၄၄၀ | ၃၇၆၀ | ၃၈၀၀ | ၃၄၆၀ | ၃၄၈၅ | ၃၅၄၅ | ၃၅၀၅ | ၃၅၂၀ | ၃၇၆၀ |
| 95 Ron | ၃၄၁၀ | ၃၅၅၀ | ၃၅၁၀ | ၃၄၃၀ | ၃၅၅၅ | ၃၅၇၀ | ၃၅၉၅ | ၃၄၉၀ | ၃၈၁၅ | ၃၈၅၀ | ၃၅၁၀ | ၃၅၆၀ | ၃၅၉၅ | ၃၅၅၅ | ၃၅၇၀ | ၃၈၁၀ |
| HSD (500 ppm) | ၃၀၉၀ | ၃၂၂၀ | ၃၁၈၀ | ၃၁၀၅ | ၃၂၂၅ | ၃၂၄၀ | ၃၂၆၅ | ၃၁၆၅ | - | ၃၅၁၀ | ၃၁၈၅ | ၃၄၉၅ | ၃၂၆၅ | ၃၂၂၅ | ၃၂၄၀ | ၃၄၇၀ |
| HSD (50 ppm) | ၃၈၀၀ | ၃၉၄၀ | ၃၉၀၀ | ၃၈၁၅ | ၃၉၄၅ | ၃၉၆၀ | ၃၉၈၅ | ၃၈၈၀ | ၄၂၁၅ | ၄၂၄၀ | ၃၉၀၀ | ၃၉၄၅ | ၃၉၈၅ | ၃၉၄၅ | ၃၉၆၀ | ၄၂၀၀ |
| HSD (10 ppm) | ၃၈၀၀ | ၃၉၄၀ | ၃၉၀၀ | ၃၈၁၅ | ၃၉၄၅ | ၃၉၆၀ | ၃၉၈၅ | ၃၈၈၀ | | ၄၂၄၀ | ၃၉၀၀ | ၃၉၄၅ | ၃၉၈၅ | ၃၉၄၅ | ၃၉၆၀ | ၄၂၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၁၇၇ | ၃၂၇၄ |
| 95 Ron | ၃၂၂၇ | ၃၃၂၅ |
| HSD (500 ppm) | ၂၉၂၃ | ၃၀၁၁ |
| HSD (50 ppm) | ၃၆၀၄ | ၃၇၀၆ |
| HSD (10 ppm) | ၃၆၀၄ | ၃၇၀၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ရိုးရိုးမီးလုံး၊ မီးချောင်းများအစား ဓာတ်အားသက်သာစေမည့် Energy Saving Lamps များကို အသုံးပြုသင့်ပါသည်။

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းဆောင်ရွက်



**ကန့်ဘလူ ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ(ကန့်ဘလူ)၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းများကို ဇူလိုင်လ ၆ ရက်တွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အစိုးရစက်မှုလက်မှုသိပ္ပံ (ကန့်ဘလူ)ကျောင်း အစည်းအဝေးခန်းမ၌ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ဇင်က လူငယ်ရေးရာအသိပညာပေးဟောပြောခြင်းနှင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးများကိုလည်းကောင်း၊ ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ငွေဝင်းက မီးဘေးလုံခြုံရေးအသိပညာပေး ရှင်းလင်း၍ မီးသုံးစွဲမှုစနစ်တကျရှိစေရေး၊ မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေးတို့ကိုလည်းကောင်း၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန အကြီးတန်းစာရေး ဦးအောင်မျိုးဦးက ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရန်များ၊ ငလျင်လှုပ်နေစဉ်တွင် လိုက်နာရန်နှင့် ရှောင်ရှားသင့်သည့်အချက်များကိုလည်းကောင်း၊ မြို့မမီးသတ်စခန်းမှူး ဦးဇော်လင်းက သဘာဝဘေးအန္တရာယ် ကိုးမျိုးအကြောင်းတို့ကိုလည်းကောင်း အသီးသီးအသိပညာပေးဆွေးနွေးဟောပြောကြသည်။

ထို့နောက် ခရိုင်မီးသတ်ဦးစီးမှူးဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ခေတ်မီရှာဖွေကယ်ဆယ်ရေးပစ္စည်းများအသုံးပြု၍ ရှာဖွေကယ်ဆယ်ခြင်းနည်းစနစ်များနှင့်မီးလောင်မှုဖြစ်ပွားပါက မီးသတ်ဆေးဘူး၊ ရေစိုအဝတ်တို့ဖြင့် မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသကာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ကိုယ်တိုင်ပါဝင်ဆောင်ရွက်စေကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# သဘာဝဘေးလျော့ပါးရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအကြောင်း အသိပညာပေးဟောပြော

**သရက် ဇူလိုင် ၆**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ အမှတ်(၁) အခြေခံပညာနှင့် စက်မှုစိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်းဆောင်ရွက်သည့် သဘာဝဘေးလျော့ပါးရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း အသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၆ ရက် နံနက်ပိုင်းတွင် ရာပြည့်ခန်းမ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင်သရက်ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ခရိုင်ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြထွေးက ရေဘေး၊ ငလျင်ဘေးဆိုင်ရာများကို အသိပညာပေးဟောပြောဆွေးနွေးပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အိန္ဒြာအောင်က မီးခိုးမြူငွေ့များဖြစ်ပေါ်လာမှုနှင့် အဓိကအကြောင်းရင်းများ၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်း၍ ဖြစ်ပေါ်စေနိုင်သော ဆိုးကျိုးများအကြောင်းတို့ကို ဟောပြောဆွေးနွေးကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်အောင်က စွန့်ပစ်အမှိုက်များကို စနစ်တကျစွန့်ပစ်ရေးအကြောင်းနှင့် စိုက်ပျိုးရေးဆေးများ စနစ်တကျသုံးစွဲရေးအကြောင်း ဟောပြောဆွေးနွေးပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ သဘာဝဘေးအန္တရာယ်အကြောင်း သိကောင်းစရာ နံရံကပ်ဓာတ်ပုံများပြသပြီး ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။ **ဇော်ထက်(သရက်)**



# ကော့သောင်းမြို့နယ်၌ အထူးကုဆရာဝန်များ အခမဲ့ကွင်းဆင်းဆေးကုသခြင်းဆောင်ရွက်

**ကော့သောင်း ဇူလိုင် ၆**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် အောင်ဘာကျေးရွာ အောင်ဘာတိုက်နယ်ဆေးရုံ၌ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ကော့သောင်းပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ် ဒေါက်တာလင်းထိုက်နှင့် အထူးကုဆရာဝန်များက အခမဲ့ကွင်းဆင်းဆေးကုသခြင်းကို ဇူလိုင်လ ၅ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကော့သောင်းပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ် ဒေါက်တာလင်းထိုက် ဦးဆောင်သော အထူးကုဆရာဝန်များ၊ ကျန်းမာရေးဌာနမှ ဆရာ၊ ဆရာမများက အောင်ဘာတိုက်နယ်ဆေးရုံသို့ ဆေးကုသစစ်ဆေးခြင်းများခံယူရန် လာရောက်ပြသကြသည့် အောင်ဘာကျေးရွာနှင့် အနီးတစ်ဝိုက်မှ ပြည်သူများအား အထွေထွေရောဂါများ၊ အရိုးအကြောအဆစ်ရောဂါ၊ ခွဲစိတ်ရောဂါများ၊ သွားကျန်းမာရေးများ စမ်းသပ်စစ်ဆေးကုသခြင်း၊ ကလေးလူနာများနှင့် သားဖွားနှင့်မီးယပ်လူနာများ စမ်းသပ်စစ်ဆေးကုသ၍ လိုအပ်သောဆေးဝါးများနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**MWD Variety Channel**

**၇-၇-၂၀၂၆ (အင်္ဂါနေ့)**

| | | |
|---|---|---|
| ၁။ | ၀၉:၄၀ | စကားလက်ဆုံ |
| ၂။ | ၁၀:၃၅ | ကျန်းမာသောဘဝ |
| ၃။ | ၁၂:၂၀ | ဥပဒေမှတ်စု |
| ၄။ | ၂၁:၁၀ | မှတ်တမ်းအစီအစဉ် |

# အထွက်တိုးဖို့ စိုက်ပျိုးစို့

✿ ကရကဋ်ရယ်တဲ့
ရာသီမြတ် လဝါဆို
ရွှန်းရွှန်းရယ်စိုသည်
ရွှေမိုးညို့ မုတ်သုံမြူးလေတော့
ဝသန်ဦးသည်ချိန်ခါက
သာလှတယ်လေး။

* ပုန်းညက်ရယ်ကြူကြူ
စံပယ်ဖြူ မွှေးမွှေး
ချောင်းကန်တွေ ရေဖွေးဖွေးမို့
စိုက်ရေးကို ပြင်သူပြင်
မိုးအလင်း ပျိုးခင်းဝင်သူဝင်သနဲ့
လျှင်လည်းလျှင်
သွက်လည်းသွက်ပါပေ့
လက်ကျရယ်ညီညီ
အတန်းလိုက် စိုက်ကွင်းဆီက
ချိုတေးသီ တကြော်ကြော်ကျူးလို့
မြူးကြတယ်လေး။

✿ အထွက်တိုးအောင်လို့
စိုက်ပျိုးဖို့ရည်သန်
မျိုးစေ့ရယ်မှန်သည်
မြေမှန်ရေမှန် စိုက်နည်းရယ်မှန်သနဲ့
မှန်လေးမှန် မှန်အောင်ကြိုးလေတော့
စိုက်ပျိုးတဲ့ လယ်ယာမြေတစ်ခွင်မှာ
ပဒေသာပင်တွေ တန်းစီလို့လေး။

* လယ်ယာမြေတစ်ခွင်
ပဒေသာပင် စီကာတန်းအောင်လို့
လုပ်ငန်းဝင် အဖော်အပေါင်းတွေနဲ့
ကြောင်းပြင်သူကပြင်
ပေါင်းသင်သူကသင်
ပြုံးရွှင်ရယ်မော တသောသောနဲ့
မြေဩဇာ ကျွေးသူကကျွေး
ပိုးသတ်ဆေး ဖျန်းသူကဖျန်း
ကိုယ့်ငန်း ကိုယ်ယူလို့
ပြိုင်တူလုပ်အား၊ တပျော်တပါးပါပဲ
စီးပွားရေးအုတ်မြစ်
လယ်ယာမြေဖြစ်တာကြောင့်
ခေတ်မီနည်းမှန်၊ လုံ့လသန်သန်နဲ့
မိုးသီးနှံ အထွက်တိုးအောင်
စိုက်ပျိုးတယ်လေး။ ။

**မောင်ချစ်ကြည်**

# နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း

(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်      ။)

၁၃၈၈ ခုနှစ်၊           ရက်

(၂၀၂၆ ခုနှစ်၊           လ         ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေ**ဟုခေါ်တွင် စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ဇ)၏နောက်တွင် ပုဒ်မခွဲ(ဈ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဈ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ခြင်း။"

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ပါမောက္ခ ဒေါက်တာခင်မာမြင့် | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ်(မကွေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာဆန်းဦး | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |

# တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၄၈ / ၂၀၂၆ )**

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက်

( ၂၀၂၆ ခုနှစ်၊ ဇူလိုင် လ ၆ ရက် )

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၁၁ - ၂ - ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် ( ၃၅ / ၂၀၂၆ )တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

**ကချင်ပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၂၇၃၅၁ | အစား | ကြည်း ၃၀၉၀၇ |
| ဗိုလ်မှူးကြီးကျော်သူရ | | ဗိုလ်မှူးကြီးစိုးရန်နောင် |

**(ပုံ) သန်းစိုး**

**ဥက္ကဋ္ဌ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ကြိုတင်ကန့်သတ်ချက်မရှိသော နိုင်ငံတော်သမ္မတကြီးရဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲဖိတ်ခေါ်ခြင်းမှာ EAO တွေရဲ့ ငြိမ်းချမ်းရေးခံယူချက်အစစ်မှန်ကို မြင်တွေ့နိုင်မည်လား"** ခေါင်းစဉ်ဖြင့် ၈-၇-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၅-၇-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"လက်နက်မဲ့ပြည်သူများကို ရက်စက်စွာရန်ရှာသတ်ဖြတ်နေကြသော နွေဦးတော်လှန်ရေး အကြမ်းဖက်များ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါ အစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း မနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၄၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

▲ ရှေ့ဖုံးမှအဆက်

ကြိုးပြင်ကာကွယ်တောတို့ အတွင်းရှိ တောနိမ့်တောပါး၊ ကွက်လပ်ဖြစ်ပေါ်နေသော တောင်ကုန်းများတွင် တပ်မတော် ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများ ကြဲချခြင်းကိုဆောင်ရွက်သည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဆင်သေချောင်းရေဝေရေလဲဧရိယာအတွင်း လွှတုံကြိုးဝိုင်း အကွက်အမှတ်(၁၅)ရှိ ဧရိယာ ၂၀၀ ဧက၌ ဒေသနှင့်ကိုက်ညီသော သစ်ပင်အမျိုးအစားလေးမျိုးဖြစ်သည့် ကုက္ကိုလ်၊ စစ်၊ မဲဇလီ၊ ဘောစကိုင်းသစ်စေ့များဖြင့် ပြုလုပ်ထားသော သစ်စေ့မြေလုံး စုစုပေါင်း ၁၀၀၀၀၀ ကြဲချခြင်းအခမ်းအနားသို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်ဦးအောင်ဇေယျ၊ နယ်မြေခံလေတပ်စခန်း စခန်းမှူး၊ တပ်မတော်(လေ)မှ တပ်မတော်သားများ၊ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇေယျ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ပြီး ဇူလိုင်လ ၅ ရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများ ကြဲချသည်။

ဆက်လက်၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးကန် ရေဝေရေလဲဧရိယာအတွင်း အင်းလေးအနောက်ကြိုးပြင်ကာကွယ်တောရှိဧရိယာ ၄၃၀ ဧက၌ ဒေသနှင့်ကိုက်ညီသော သစ်ပင်အမျိုးအစားလေးမျိုးဖြစ်သည့် ကုက္ကိုလ်၊ ဘောစကိုင်း၊ မဲဇလီ၊ အော်ရေးရှားသစ်စေ့များဖြင့် ပြုလုပ်ထားသော သစ်စေ့မြေလုံး စုစုပေါင်း ၂၀၀၀၀၀ ကြဲချခြင်းအခမ်းအနားသို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း၊ ရှမ်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးစိုင်းဝမ်းလိုင်းတစ်၊ ပြည်နယ်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလင်းအောင်ဆွေ၊ တပ်မတော်(လေ)မှ တပ်မတော်သားများ၊ ရှမ်းပြည်နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ပြီး သစ်စေ့မြေလုံးများအား ရဟတ်ယာဉ်ဖြင့်ကြဲချခြင်းကိုဆောင်ရွက်သည်။

သစ်စေ့မြေလုံး ကြဲချစိုက်ပျိုးခြင်းဖြင့် ကုန်ကျစရိတ်သက်သာခြင်း၊ လူအင်အားအနည်းငယ်ဖြင့် ဧရိယာကျယ်ဝန်းစွာ စိုက်ပျိုးနိုင်ခြင်း၊ သွားလာရန်ခက်ခဲသည့် တောင်ကုန်း၊ တောင်တန်းများတွင် ရဟတ်ယာဉ်များဖြင့်ဆောင်ရွက်နိုင်ခြင်း၊ အချိန်တိုအတွင်း ဧရိယာကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ပျိုးပင်ဖြင့်စိုက်ပျိုးခြင်းကဲ့သို့ ရှင်သန်အောင်မြင်မှုအထိုက်အလျောက် ထိရောက်မှုရှိကြောင်းနှင့် ၂၀၂၆ ခုနှစ် မိုးရာသီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်ရှိ ဆင်သေချောင်း ရေဝေရေလဲဒေသအတွင်းနှင့် ညောင်ရွှေမြို့နယ် အင်းလေးအနောက်ကြိုးပြင်ကာကွယ်တောအတွင်း သစ်စေ့ကြဲချခြင်း အောင်မြင်ရှင်သန်မှုအခြေအနေများကို ၂၀၂၆ ခုနှစ် ဒီဇင်ဘာလတွင် နမူနာကွက်များပြုလုပ်၍ အပင်ပေါက်ရောက်မှုကာလနှင့် သစ်စေ့မျိုးအလိုက် ပေါက်ရောက်မှု၊ ရှင်သန်နိုင်မှုအခြေအနေကို စာရင်းကောက်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# EV ပြုပြင်ထိန်းသိမ်းမှုသင်တန်း (၂/ ၂၀၂၆) ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၆

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီမှ ချမှတ်ထားသော မူဝါဒ၊ ညွှန်ကြားချက်များနှင့်အညီ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် နိုင်ငံတော်တွင် လျှပ်စစ်သုံးယာဉ် (Electric Vehicle – EV) နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများသုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လွဲလွဲသိန်းသည် ယနေ့နံနက်ပိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)၌ကျင်းပသည့် EV ပြုပြင်ထိန်းသိမ်းမှုသင်တန်း(၂/၂၀၂၆)ဖွင့်ပွဲကို Video Conference စနစ်ဖြင့် တက်ရောက်အမှာစကားပြောကြားသည်။

သင်တန်းသို့ ဌာနဆိုင်ရာများမှ သင်တန်းသား ၁၄ ဦး၊ ပြင်ပ EV ကုမ္ပဏီများနှင့် EV Workshop များမှ သင်တန်းသား ၁၆ ဦး တက်ရောက်ကြပြီး EV အဆင့်မြင့်သင်ထောက်ကူပစ္စည်းများကို Electude Digital Learning Management System နှင့် တွဲဖက်ပြီး ဇူလိုင်လ ၆ ရက်မှ ၂၄ ရက်အထိ သင်တန်းကာလ သုံးပတ်အတွင်း တစ်ပတ်လျှင် ငါးရက်၊ တစ်ရက်လျှင် ၆ နာရီနှုန်း၊ သင်တန်းချိန် နာရီ ၉၀ ဖြင့် ပို့ချမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့်ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ(KNU/KNLA-PC)တို့ တွေ့ဆုံဆွေးနွေး



နေပြည်တော် ဇူလိုင် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ၂၀၂၆ ခုနှစ် ဧပြီလ ၂၁ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်– ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA–PC)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့်ညှိနှိုင်းရေးကော်မတီဝင်များ၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ အတွင်းရေးမှူး(၁) စောကျော်ညွန့်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့်စောအောင်ကောင်းရွှေနှင့်စောသြဘာ၊ စီးပွားရေးဌာနမှူး စောဒေးဗစ်တို့ပါဝင်သည့် ကိုယ်စားလှယ်များတက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က KNU/ KNLA ငြိမ်းချမ်းရေးကောင်စီအဖွဲ့သည် မိမိတို့နှင့်စဉ်ဆက်မပြတ် လက်တွဲဆောင်ရွက်နေသည့်အဖွဲ့ဖြစ်ကြောင်း၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်စေရေးအတွက်လည်း ပေါင်းစပ်ဆောင်ရွက်ပေးစေလိုကြောင်းနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူးက နိုင်ငံတော်အစိုးရမှ ငြိမ်းချမ်းရေးဆက်လက်လျှောက်လှမ်းရန်အတွက် ဖိတ်ခေါ်မှုအတွက် ကျေးဇူးတင်ကြောင်း၊ ငြိမ်းချမ်းရေးလမ်းဆက်လက်လျှောက်လှမ်းနိုင်ရန်အတွက် ဖိတ်ခေါ်မှုအတွက် ဝမ်းသာကြောင်း၊ ငြိမ်းချမ်းရေးမပျက်သေးဘဲ ယနေ့ကဲ့သို့ အခွင့်အရေးရသည့်အတွက် များစွာဂုဏ်ယူကြောင်း၊ ရိုးသားဖြူစင်စွာဖြင့် ငြိမ်းချမ်းရေးအား ဆောင်ရွက်ပါက လွယ်ကူနိုင်မည်ဖြစ်ပြီး ဆက်လက်၍ ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ လိုအပ်ချက်များကိုလည်း ရင်းနှီးပွင့်လင်းစွာ တင်ပြမည်ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်၍လည်း လိုအပ်ချက်များကို နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက NCA ကို ဆက်လက်အကောင်အထည်ဖော်ပြီး ဒေသတွင်း တိုက်ပွဲများမဖြစ်ပွားအောင် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ရေး၊ ပြည်သူလူထု၏ကျန်းမာရေးနှင့် ပညာရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများအား နိုင်ငံတော်အစိုးရမှ ပံ့ပိုးဆောင်ရွက်ပေးရေး၊ ထော့ကိုကိုးဒေသရှိ စာသင်ကျောင်းများအတွက် လိုအပ်သည့်ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် သင်ထောက်ကူပစ္စည်းများရရှိရေး၊ သောက်ရေသန့်စက်နှင့် ရေသန့်ရရှိရေး၊ ငှက်ဖျားကာကွယ်ဆေး၊ ကုသဆေး၊ ဆက်စပ်ဆေးဝါးအထောက်အပံ့များ၊ တုပ်ကွေးကာကွယ်ဆေးနှင့်တီဘီရောဂါဆေးဝါးများအား ထောက်ပံ့ပေးရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်ချောမွေ့စေရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးကိစ္စတို့ကို ဆွေးနွေးကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ပဋိပက္ခများလျှော့ချရေးနှင့် တည်ငြိမ်အေးချမ်းရေးမှတစ်ဆင့် ငြိမ်းချမ်းရေးရရှိရေး လုပ်ငန်းစဉ်များကို NSPNCမှ အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ NCA လမ်းကြောင်းမှ သွေဖည်သွားသည့်အဖွဲ့များ၊ NCA လက်မှတ်မရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မည့်ကိစ္စ၊ ဒေသတွင်းပဋိပက္ခများ မဖြစ်ပွားစေရေးအတွက် လက်အောက်ခံအဖွဲ့များအား စနစ်တကျထိန်းသိမ်းပေးရေး၊ Bilateral တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းရေးအတွက် အပြုသဘောဆောင်သည့်နည်းလမ်းများရှာဖွေနိုင်ရေး ကိစ္စရပ်တို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန်ညှိနှိုင်းပြီး လက်မှတ်ရေးထိုးအတည်ပြုကြသည်။

ယင်းနောက် KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူးက ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကာ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်၍ ဆွေးနွေးပွဲအား ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။ မြဝတီ

# ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေး



နေပြည်တော် ဇူလိုင် ၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်းပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ ဇူလိုင်လ ၄ ရက်က ဖလမ်း – ဟားခါး လမ်းပိုင်းအခြေအနေကို လှည့်လည်ကြည့်ရှုပြီး ပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် ပျက်စီးခဲ့သည့်လမ်း၊ တံတားများအား လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်ရန်၊ မိုးတွင်းတွင် တောင်ပြို၍ လမ်းပြတ်တောက်မှုမရှိစေရေး အလေးထားကြပ်မတ်ဆောင်ရွက်သွားရန်နှင့် လျာထားချက်များ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်ပြီး တီးတိန်မြို့၊ တွန်းဇံမြို့နှင့် ဖလမ်းမြို့တို့ရှိ ထိခိုက်ပျက်စီးခဲ့သည့် ပြည်သူ့ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ ဌာနဆိုင်ရာရုံးအဆောက်အအုံများ၊ ပရိဘောဂများ၊ စက်ပစ္စည်းများနှင့် ပြည်သူများ၏ အဆောက်အအုံများကို ပျက်စီးမှုအမျိုးအစားအလိုက် ဦးစားပေးအစီအစဉ်ဖြင့် ပြင်ဆင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား နိုင်ငံတော်မှပေးအပ်သည့် ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်လျက်ရှိကြောင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီများက သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုးကြပ်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက ပြည်နယ်အတွင်းပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးအတွက် လုပ်ငန်းဆောင်ရွက်ထားရှိမှု တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအား အလျင်အမြန်အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ ဒေသဖွံ့ဖြိုးရေးအတွက် ဒေသတည်ငြိမ်အေးချမ်းရေးသည် အဓိကအရေးကြီးသဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ စဉ်ဆက်မပြတ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားကြောင်း သိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
| --- | --- |
| နေပြည်တော် | ၂၄°C / ၃၁°C |
| ရန်ကုန် | ၂၆°C / ၃၃°C |
| မန္တလေး | ၂၈°C / ၃၆°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

**၆-၇-၂၀၂၆ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၆,၉၅၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**





# ပြည်ထဲရေးဝန်ကြီးဌာန မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၆

ပြည်ထဲရေးဝန်ကြီးဌာန၏ ဒုတိယအကြိမ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ နယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ အုပ်ချုပ်ရေး ဦးစီးဌာနရုံးဝင်းအနီး မြေနေရာ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့်ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ တပ်ဖွဲ့ဝင်များနှင့်ဝန်ထမ်းများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စု ဝန်ကြီးက အမှာစကားပြောကြားပြီး မြန်မာ နိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးလှိုင်၊ အမြဲတမ်းအတွင်းဝန်၊ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့်အတူ သတ်မှတ်နေရာများ၌ ပျိုးပင်များကို ဦးဆောင်စိုက်ပျိုးပေးပြီး တပ်ဖွဲ့ဝင်ဝန်ထမ်း များက ပျိုးပင်များကို အမျိုးသားရေး လှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှု ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ပထမ အကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၂၇၀၊ ဂျပန်ချယ်ရီပင် ၁၀၀၊ ပိတောက် ၁၅၄ ပင်၊ ငုဝါ ၁၆၁ ပင်၊ စိန်ပန်း ၁၆၃ ပင်၊ ခရေ ၁၈၂ ပင် စုစုပေါင်းပျိုးပင် ၁၀၄၀ ကို စိုက်ပျိုးခဲ့ပြီး ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တွင် ရတနာတန်းဝင် ကျွန်း ၁၂၇ ပင်၊ ပျဉ်းကတိုးပင် ၂၀၀၊ ဂျပန်ချယ်ရီ ၇၆ ပင်၊ ပိတောက် ၂၁၈ ပင်၊ ငုဝါ ၁၁၈ ပင်၊ စိန်ပန်း ၁၆၁ ပင်၊ ခရေပင် ၂၀၀ စုစုပေါင်းပျိုးပင် ၁၁၀၀ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြဝတီ




# နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၃ နှစ်အောက် အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ



နေပြည်တော် ဇူလိုင် ၆

၂၀၂၆ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၃ နှစ် အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်း တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် အားကစားရုံ၌ ကျင်းပရာ နေပြည်တော် အားကစားနှင့် ကာယပညာကော်မတီ နာယက နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင် များ၊ တာဝန်ရှိသူများ၊ အားကစား ဝါသနာရှင်များ၊ အားကစားသမားများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက် ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပိုက်ကျော်ခြင်းပြိုင်ပွဲ လေးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လု ပွဲစဉ်ဖြစ်သည့် တပ်ကုန်းမြို့နယ်အသင်းနှင့် ပျဉ်းမနားမြို့နယ်အသင်းတို့ ယှဉ်ပြိုင် ကစားမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် သုံးဦးတွဲအဖွဲ့လိုက်ပြိုင်ပွဲနှင့် လေးဦးတွဲအဖွဲ့လိုက်ပြိုင်ပွဲတို့တွင် ပွဲစဉ် တစ်လျှောက်အကောင်းဆုံးကစားသမားဆု ရရှိသူများ၊ အမျိုးသားသုံးဦးတွဲပြိုင်ပွဲတွင် ပထမဆုရ တပ်ကုန်းမြို့နယ်အသင်း၊ ဒုတိယ ဆုရ ပျဉ်းမနားမြို့နယ်အသင်းနှင့် တတိယ ဆုရ ပုဗ္ဗသီရိမြို့နယ်အသင်း၊ လေးဦးတွဲ ပြိုင်ပွဲတွင် တတိယဆုရ ဇမ္ဗူသီရိမြို့နယ် အသင်း၊ ဒုတိယဆုရ တပ်ကုန်းမြို့နယ် အသင်းနှင့် ပထမဆုရ ပျဉ်းမနားမြို့နယ် အသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဖလားများပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဇေယျာမြေ)

# ရှုရှားဘာသာစကားအခြေခံသင်တန်းဖွင့်ပွဲကျင်းပ

ထားဝယ် ဇူလိုင် ၆

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားများ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်စေရန်ရည်ရွယ်၍ ရှုရှားဘာသာ စကား အခြေခံသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင်ထားဝယ်မြို့ တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဇော်နိုင်ဦးက အမှာစကား ပြောကြားပြီး ရှုရှားဘာသာစကားအခြေခံ သင်တန်းအတွက် ငွေကျပ်သိန်း ၁၀၀ နှင့် သင်တန်းသားများအတွက် သင်ထောက်ကူ ပစ္စည်းများပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၈ ဦး တက်ရောက်ပြီး သင်တန်းနည်းပြများက ဇူလိုင်လ ၆ ရက် မှ၃၁ ရက်အထိ စာတွေ့လက်တွေ့လေ့ကျင့် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ပဲခူးတိုင်းဒေသကြီး၏ ငါးမွေးမြူထုတ်လုပ်မှု တစ်နှစ်ထက်တစ်နှစ်တိုးတက်လာ

ပဲခူး ဇူလိုင် ၆

ပဲခူးတိုင်းဒေသကြီးအတွင်း ငါးမွေးမြူ ရေးလုပ်ငန်းကို ဒေသတွင်းစားသုံးမှုဖူလုံ ပြီး ပြည်ပသို့ တင်ပို့နိုင်သည်အထိ မွေးမြူ ထုတ်လုပ်လျက်ရှိသည့်အပြင် တိုင်းဒေသ ကြီး၏ ငါးမွေးမြူထုတ်လုပ်မှုသည် တစ်နှစ် ထက်တစ်နှစ် တိုးတက်လာကြောင်း ပဲခူး တိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရ သည်။

"ရေထွက်ကုန် ဖူလုံပြီး ပိုလျှံတာကို နေပြည်တော်နဲ့ ရန်ကုန်ကို တင်ပို့နေပါ တယ်။ ရေချိုထွက်ကုန် တစ်နှစ်ထက် တစ်နှစ် တိုးမြှင့်မွေးမြူထုတ်လုပ်နိုင် လာတာက အားရစရာပါ။ လက်ရှိမှာ ငါးခြောက်လုပ်ငန်း၊ ငါးပိလုပ်ငန်း၊ ငါးပိကို အခြောက်ကနေ အမှုန့်ပြုလုပ်ထားတဲ့ အသင့်စားလုပ်ငန်း၊ ငါးပိထောင်းလုပ်ငန်း၊ ငါးရံ့ခြောက်လုပ်ငန်းတွေရှိနေပါတယ်။ ငါးကို တန်ဖိုးမြှင့်ထုတ်လုပ်တဲ့ စက်ရုံ မရှိသေးတဲ့အတွက် တိုင်းဒေသကြီးအစိုးရ ရဲ့ အားပေးမှုနဲ့ အအေးခန်းစက်ရုံတွေ တည်ထောင်ပြီး တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်နိုင်အောင် ကြိုးစားနေပါ တယ်"ဟု ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်း အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က ပြော သည်။

တိုင်းဒေသကြီး ငါးမွေးမြူရေးလုပ်ငန်း၊ အင်းလုပ်ငန်းနှင့် ဘုံငါးဖမ်းလုပ်ငန်းတို့မှ ရေထွက်ပစ္စည်းများ မွေးမြူထုတ်လုပ်လျက် ရှိရာ ငါးမွေးမြူရေးလုပ်ငန်းမှ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ပိဿာချိန် ၆၅၃၂၁ ဒသမ ၆၄၊ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ပိဿာချိန် ၆၅၀၂၆၊ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ပိဿာချိန် ၆၇၂၀၄ ဒသမ ၂၀၈၊ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ပိဿာချိန် ၆၇၉၇၀ ဒသမ ၇၄၈ နှင့် ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ပိဿာချိန် ၆၈၄၁၀ ဒသမ ၉၄ ထွက်ရှိခဲ့သည်။

ထို့အတူ အင်းလုပ်ငန်းမှ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ပိဿာချိန် ၈၉၅၀၄ ဒသမ ၆၅၊ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ပိဿာချိန် ၉၀၈၂၇၊ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ပိဿာချိန် ၉၁၉၁၇ ဒသမ ၆၁၈၊ ၂၀၂၄ -၂၀၂၅ ခုနှစ်တွင် ပိဿာချိန် ၉၂၅၀၃ ဒသမ ၂၄၃ နှင့် ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ပိဿာချိန် ၉၂၉၆၅ ဒသမ ၃၈ ထွက်ရှိခဲ့သည်။

အလားတူ ဘုံငါးဖမ်းလုပ်ငန်းကလည်း ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ပိဿာချိန် ၁၃၃၉၆၄ ဒသမ ၀၃၊ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ပိဿာချိန် ၁၃၄၉၇၂၊ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ပိဿာချိန် ၁၃၇၀၄၀ ဒသမ ၀၀၈၊ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ပိဿာချိန် ၁၃၈၂၆၅ ဒသမ ၆၂ နှင့် ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ပိဿာချိန် ၁၃၈၉၅၇ တိုးတက်ထုတ်လုပ်ခဲ့ပြီး ရေထွက်ကုန်ကဏ္ဍသုံးရပ်မှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၆ ခုနှစ် မတ်လ အထိ စုစုပေါင်း ကုန်ပိဿာချိန်ပေါင်း ၁၄၇၄၈၅၀ ဒသမ ၅၃၁ ထုတ်လုပ်ခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးတွင် ငါးမွေးကန်ဧက ၃၀၀၀၀ ကျော်ရှိပြီး ငါးကြင်းဖြူ၊ ငါးမြစ်ချင်း၊ ငါးမုတ်၊ ငါးတန်၊ ငါးသိုင်းခေါင်းပွ၊ ငါးခုံးမကြီး နှင့် တီလားဗီးယားတို့ကို စီးပွားဖြစ်မွေးမြူ ထုတ်လုပ်လျက်ရှိကာ နိုင်ငံခြားငွေတိုးမြှင့် ရရှိစေမည့် ငါးရံ့၊ ငါးကျည်းရေထွက်ကုန်များ ကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ် နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရ သည်။

သစ္စာ(mna)

# မြန်မာ့ဝါးဖြင့် MSME စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ခြင်း

ကိုဘုန်း

မြန်မာနိုင်ငံသည် ဝါးပင်ပေါက်ရောက်မှုပေါများကြွယ်ဝပြီး ရာသီဥတုနှင့် မြေဆီလွှာအခြေအနေအရ ဝါးစိုက်ပျိုးထုတ်လုပ်ရန် အလွန်သင့်လျော်သော နိုင်ငံဖြစ်သည်။ ဝါးသည် လျင်မြန်စွာရင့်ကျက်၍ ရိတ်သိမ်းနိုင်ပြီး ဂေဟစနစ်အပေါ် သက်ရောက်မှုနည်းပါးသော ပြန်လည်ပြည့်ဖြိုးမြဲ သယံဇာတတစ်မျိုးဖြစ်သည်။ ထို့ကြောင့် ဝါးကိုအခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များ ထူထောင်ခြင်းသည် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ အလုပ်အကိုင်ဖန်တီးရေးနှင့်ရေရှည်တည်တံ့သောစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းသော လမ်းကြောင်းတစ်ရပ်ဖြစ်သည်။

**ဝါးအခြေခံလုပ်ငန်း အမျိုးအစားများ**

မြန်မာနိုင်ငံတွင် ဝါးပင်များ ပေါများစွာ ထွက်ရှိသောကြောင့် ဝါးကိုအခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သည်။ ယင်းလုပ်ငန်းများကို ထုတ်ကုန်အမျိုးအစားအလိုက် အခြေခံအားဖြင့် ငါးမျိုးခွဲခြားနိုင်သည်။ ပထမအမျိုးအစားမှာ အခြေခံဝါးထွက်ကုန်များဖြစ်ပြီး ဝါးစိမ်း၊ ဝါးခြောက်၊ ဝါးတုံး၊ ဝါးပြား၊ အစားအသောက်အတွက် ဝါးချဉ်နှင့် မျှစ်ဟုခေါ်သော ဝါးညွန့်များ ထုတ်လုပ်ခြင်းတို့ ပါဝင်သည်။ ဒုတိယအမျိုးအစားမှာ အိမ်သုံးနှင့် အလှဆင်ပစ္စည်းများဖြစ်သည်။ ယင်းတွင် ဝါးပရိဘောဂများဖြစ်ကြသော ကုလားထိုင်၊ စားပွဲနှင့် ဗီရိုတို့အပြင် ဝါးတောင်း၊ ဝါးခြင်း၊ ဇွန်း၊ ခွက်စသည့် ဝါးအိမ်သုံးပစ္စည်းများနှင့် ပန်းအိုး၊ နံရံအလှဆင်စသည့် ဝါးအလှဆင်ပစ္စည်းများ ပါဝင်သည်။ ဤထုတ်ကုန်များသည်ဒေသခံလက်မှုပညာကို အခြေခံ၍ တန်ဖိုးမြင့်မားစွာ ထုတ်လုပ်နိုင်သော ကုန်စည်များဖြစ်သည်။

တတိယအမျိုးအစားမှာ စိုက်ပျိုးရေးသုံးပစ္စည်းများဖြစ်သည်။ ယင်းတွင် ဝါးဖြင့်ပြုလုပ်သော စိုက်ခင်းအကာ၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးရန် ဝါးလှေကားခုံ၊ စပါးကျီနှင့် သိုလှောင်ရုံငယ်များ ပါဝင်သည်။ ဤထုတ်ကုန်များသည် တောင်သူလယ်သမားများ၏ ကုန်ကျစရိတ်ကို သက်သာစေပြီး ဒေသအလိုက် လွယ်ကူစွာထုတ်လုပ်နိုင်သော ပစ္စည်းများဖြစ်သည်။ စတုတ္ထအမျိုးအစားမှာ ဆောက်လုပ်ရေးသုံးပစ္စည်းများဖြစ်သည်။ ယင်းတွင် ဝါးအိမ်၊ ဝါးခန်းကန့်၊ ဝါးကြမ်းပြင်၊ ဝါးထောက်တိုင်နှင့် ဝါးလှေကားတို့ ပါဝင်သည်။ ဝါးဖြင့်ဆောက်လုပ်သော အဆောက်အအုံများသည် ပေါ့ပါး၍ ခိုင်ခံ့ပြီး ပတ်ဝန်းကျင်နှင့်လည်း သဟဇာတဖြစ်သောကြောင့် ယနေ့ခေတ်တွင် ရေပန်းစားလာလျက်ရှိသည်။

ပဉ္စမအမျိုးအစားမှာ တန်ဖိုးမြင့်ထုတ်ကုန်များဖြစ်သည်။ ယင်းတွင် ဝါးမီးသွေး၊ ဝါးရှလကာ အနှစ်သန့်၊ ဝါးဖျော်ရည်၊ အဝတ်အထည်အတွက် ဝါးမျှင်၊ ဝါးစက္ကူနှင့် ဝါးအားဖြည့် ပလတ်စတစ်တို့ပါဝင်သည်။ ဤထုတ်ကုန်များသည် နည်းပညာမြင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်များ လိုအပ်သော်လည်း ဈေးကွက်တန်ဖိုးမှာ အလွန်မြင့်မားသဖြင့် အလတ်စားနှင့် အထက်လုပ်ငန်းများအတွက် အဓိကပစ်မှတ်ထားသင့်သော ကုန်စည်များဖြစ်သည်။ ဝါးသယံဇာတကိုအခြေခံသည့် MSME လုပ်ငန်းများသည် အခြေခံအဆင့်မှစတင်၍ တန်ဖိုးမြင့်ထုတ်ကုန်အဆင့်အထိ အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သည်။ တစ်နည်းအားဖြင့်ဆိုသော် ကျေးရွာအဆင့် မိသားစုလုပ်ငန်းငယ်များမှသည် နိုင်ငံတကာဈေးကွက်အထိ ဝင်ရောက်နိုင်သော အလတ်စားစက်ရုံများအထိ ရောက်ရှိနိုင်သည့် အလားအလာရှိသော စီးပွားရေးကဏ္ဍတစ်ရပ်ဖြစ်သည်။

**✿ ဝါးသယံဇာတကိုအခြေခံသည့် MSME လုပ်ငန်းများသည် အခြေခံအဆင့်မှစတင်၍ တန်ဖိုးမြင့် ထုတ်ကုန်အဆင့်အထိ အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်သည်။ တစ်နည်းအားဖြင့် ဆိုသော် ကျေးရွာအဆင့် မိသားစုလုပ်ငန်းငယ်များမှသည် နိုင်ငံတကာဈေးကွက်အထိ ဝင်ရောက် နိုင်သော အလတ်စားစက်ရုံများအထိ ရောက်ရှိနိုင်သည့် အလားအလာရှိသော စီးပွားရေးကဏ္ဍ တစ်ရပ်ဖြစ် . . .**

**မြန်မာနိုင်ငံ၏ ဝါးသယံဇာတကြွယ်ဝမှုနှင့် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ**

အာရှနှင့် အရှေ့တောင်အာရှဒေသအတွင်း၌လည်း တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ပြီးလျှင် မြန်မာနိုင်ငံသည် တတိယမြောက် ဝါးသယံဇာတ အကြွယ်ဝဆုံးနိုင်ငံဖြစ်သည်။ ၂၀၀၅ ခုနှစ် စာရင်းများအရ မြန်မာနိုင်ငံတစ်ဝန်းရှိ သဘာဝတောများတွင် ဝါးပေါက်ရောက်သော ဧရိယာမှာ ဧကသန်း ၇၀ ခန့်ရှိပြီး ယင်းတွင် ဝါးရုံလိုက်ပေါက်သော ဝါးမျိုး ဧက ၅၁ သန်းခန့်နှင့် တစ်ပင်ချင်းပေါက်သော ဝါးမျိုး ဧက ၁၈ သန်းခန့် အသီးသီးပါဝင်ကြောင်း တွေ့ရှိရသည်။

သဘာဝတောများမှ စီးပွားဖြစ် ဝါးထုတ်ယူနိုင်သော ဒေသများအဖြစ် ပဲခူးရိုးမ၊ ရခိုင်ရိုးမနှင့် တနင်္သာရီဒေသတို့ပါဝင်သည့်နေရာသုံးခုကို သတ်မှတ်ထားသည်။ ထိုဒေသများတွင်အများစုမှာ ဝါးရုံလိုက်ပေါက်ရောက်တတ်သော အပူပိုင်းဝါးမျိုးများဖြစ်ကြပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များ၌မူ တစ်ပင်ချင်းပေါက်ရောက်တတ်သော သမပိုင်းဝါးမျိုးများကို အနည်းငယ်တွေ့ရှိရကြောင်း သိရှိရသည်။ ယနေ့ခေတ်တွင် မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံအများစု၌ ဝါးပင်သည် နေ့စဉ်ဘဝနှင့် စီးပွားရေးအတွက် အလွန်အရေးပါပြီး အသုံးဝင်လာသောကြောင့် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်မှုများကို ပြုလုပ်လာကြသည်။ ပုဂ္ဂလိကစိုက်ခင်းတည်ထောင်ခွင့်ပြုပြီးနောက် ဝါးစိုက်ခင်းတည်ထောင်သူလုပ်ငန်းရှင် ၁၀၄ ဦးနှင့် စိုက်ဧက ၄၂၀၀ ကျော်ရှိကြောင်း သိရှိရသည်။ ဤအချက်အလက်များအရ မြန်မာနိုင်ငံသည် ဝါးအခြေခံစီးပွားရေးအတွက် အလားအလာအင်မတန်ကောင်းမွန်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်ကို တွေ့မြင်နိုင်သည်။

**MSME လုပ်ငန်းများ ဖော်ဆောင်ရန် လိုအပ်သည့်အချက်များ**

ဝါးကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အောင်မြင်စွာ ဖော်ဆောင်နိုင်ရန်အတွက် ဝါးစိုက်ခင်းနှင့် ကုန်ကြမ်း၊ ကျွမ်းကျင်မှုနှင့် လက်မှုပညာ၊ စက်ကိရိယာနှင့် အခြေခံအဆောက်အအုံ၊ ဈေးကွက်နှင့် ဖောက်သည်တို့သည် အခြေခံကျသည်။ ဝါးစိုက်ခင်းနှင့် ကုန်ကြမ်းပိုင်းတွင် ရေရှည်တည်တံ့သော ဝါးစိုက်ခင်းများ ထူထောင်ရန် လိုအပ်သည်။ ဆိုလိုသည်မှာ ဒေသအလိုက် သင့်လျော်သည့် ဝါးမျိုးများကို ရွေးချယ်စိုက်ပျိုးခြင်းနှင့် သဘာဝတောဝါးများကို ဥပဒေနှင့်အညီ ရိတ်သိမ်းခြင်းတို့ဖြစ်သည်။

ဝါးကိုဖြတ်တောက်ခြင်း၊ အခြောက်ခံခြင်း၊ ပိုးမွှားကာကွယ်ဆေးသုတ်ခြင်း၊ ပုံသွင်းခြင်းနှင့် ရက်လုပ်ခြင်းစသည့် ကျွမ်းကျင်မှုများပေးအပ်ရန် ဒေသခံလုပ်သားပြည်သူများလည်း လိုအပ်သည်။ ကျွမ်းကျင်လက်ရာများ မရှိလျှင် ဝါးကိုတန်ဖိုးမြင့်ထုတ်ကုန်အဖြစ်ပြောင်းလဲနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် လေ့ကျင့်သင်တန်းများ၊ ပညာပေးအစီအစဉ်များနှင့် အတွေ့အကြုံရင့် လက်မှုပညာရှင် များထံမှ သင်ယူနိုင်သော အခွင့်အလမ်းများ ဖန်တီးပေးရန်လိုအပ်သည်။

ထို့ပြင် စက်ကိရိယာနှင့် အခြေခံအဆောက်အအုံများလည်းလိုအပ်သည်။ ယင်းတွင် အသေးစား ဝါးခွဲစက်၊ ဝါးပြားညှပ်စက်၊ အခြောက်ခံမီးဖို၊ ဝါးကွေးစက်နှင့်သစ်သားလုပ်ငန်းသုံး ပုံစံခွက်(Pattern)တို့ပါဝင်သည်။ ထို့ပြင် MSME များအတွက် ငွေကြေးအရင်းအနှီး လုံလောက်စွာ ပံ့ပိုးခြင်းသည်လည်း အလွန်အရေးကြီးသည်။ စက်ကိရိယာများ ဝယ်ယူရန်၊ အလုပ်ရုံငှားရမ်းရန် သို့မဟုတ် ဆောက်လုပ်ရန်နှင့် လည်ပတ်ငွေကြေးအတွက် အရင်းအနှီးလိုအပ်သည်။ ထို့ကြောင့် အစိုးရချေးငွေများ၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများနှင့် ဘဏ္ဍာရေးအဖွဲ့အစည်းများမှ အကူအညီများ ရရှိရန်လိုအပ်သည်။

ဝါးမှထွက်ရှိသော ကုန်ချောများကိုလည်း ဒေသတွင်းဈေးကွက်များဖြစ်သော မြို့ပေါ်၊ ကျေးရွာနှင့် ခရီးသွားဒေသများအတွင်း ရောင်းချနိုင်ရန် ဆက်သွယ်ရမည်ဖြစ်သည်။ ပြည်ပဈေးကွက်သို့ တင်ပို့ရန်အတွက်လည်း ဈေးကွက်ရှာဖွေရေး လုပ်ငန်းများ ဆောင်ရွက်ရမည်။ ထို့ပြင် အွန်လိုင်းဈေးကွက်များဖန်တီးခြင်းနှင့်လက်မှုပညာအသင်းများဖွဲ့စည်းခြင်းတို့ကိုလည်း ပြုလုပ်ရမည်။ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းအားဖြင့် အချင်းချင်း အတွေ့အကြုံမျှဝေခြင်း၊ ဈေးနှုန်းညှိနှိုင်းခြင်းနှင့် အမြောက်အမြား တင်ပို့ခြင်းတို့ကို ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုသို့ အခြေခံအချက်များကိုဆောင်ရွက်နိုင်ပါက ဝါးအခြေခံ MSME လုပ်ငန်းများသည် ရေရှည်တည်တံ့ခိုင်မြဲစွာ ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သည်။



**အသေးစားလုပ်ငန်း (အိမ်တွင်းစီးပွားရေး)**

ပထမဦးစွာ အသေးစားလုပ်ငန်းအဆင့်မှာ မိသားစုဝင်နှစ်ဦးမှ ငါးဦးအထိ စတင်ဆောင်ရွက်နိုင်သည်။ ဤအဆင့်တွင် ထုတ်လုပ်သော ကုန်ပစ္စည်းများမှာ ဝါးတောင်း၊ ဝါးခြင်း၊ မျှစ်၊ ဝါးညွန့်ချဉ် နှင့် ဝါးအသေးစား ပရိဘောဂများ ဖြစ်ကြသည်။ ဤထုတ်ကုန်များ၏ အဓိကဈေးကွက်မှာ ရွာဈေးနှင့်အနီးနားရှိမြို့ဈေးများ ဖြစ်သည်။ ဤအဆင့်သည် ဝါးလုပ်ငန်းကို စတင်လေ့လာလိုသူများအတွက် သင့်လျော်သောစတင်မှုတစ်ခုဖြစ်သည်။

**အငယ်စားလုပ်ငန်း (ဒေသအခြေပြု)**

ဒုတိယအဆင့်ဖြစ်သော အငယ်စားလုပ်ငန်းတွင် အလုပ်သမား ငါးဦးမှ ဆယ့်ငါးဦးအထိ ထားရှိကာ ပုံမှန်အလုပ်ရုံငယ်တစ်ခုရှိရန် လိုအပ်သည်။ ထုတ်ကုန်များမှာ ဝါးစားပွဲ၊ ဝါးကုလားထိုင်၊ ဝါးအလှဆင်ပစ္စည်းများနှင့် ဝါးဆောက်လုပ်ရေးသုံးပစ္စည်းငယ်များဖြစ်သည်။ ဈေးကွက်အနေဖြင့် မြို့နယ်အဆင့်၊ ခရိုင်အဆင့်နှင့် အွန်လိုင်းဈေးကွက်များကို အသုံးပြုနိုင်သည်။ ဤအဆင့်သည် အိမ်တွင်းလုပ်ငန်းမှ ဒေသအခြေပြု စီးပွားရေးလုပ်ငန်းအဖြစ် တိုးချဲ့လိုသူများအတွက် သင့်လျော်သည်။

**အလတ်စားလုပ်ငန်း (တိုင်းဒေသကြီး/ပြည်နယ်အဆင့်)**

တတိယအဆင့်ဖြစ်သော အလတ်စားလုပ်ငန်းတွင် အလုပ်သမား ဆယ့်ငါးဦးမှ ငါးဆယ်ဦးအထိထားရှိကာ စက်ယန္တရားများ ထည့်သွင်းအသုံးပြုရန် လိုအပ်သည်။ ထုတ်ကုန်များမှာ ဝါးအိမ်ကြိုတင်တည်ဆောက်မှု၊ ဝါးမီးသွေးအိတ်၊ ဝါးစက္ကူလိပ်၊ ဝါးရှလကာအမှုန့်နှင့် ဟိုတယ်များအတွက် ဝါးပရိဘောဂအစုံတို့ဖြစ်သည်။ ဈေးကွက်အနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်း၊ တရုတ်နှင့် အိန္ဒိယနိုင်ငံများသို့ တင်ပို့နိုင်သည်။ ဤအဆင့်သည် နိုင်ငံတကာဈေးကွက်အထိ ဝင်ရောက်လိုသူများအတွက် ရည်မှန်းသင့်သော အဆင့်ဖြစ်သည်။

**ဝါးအခြေခံ MSME လုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် အကြံပြုချက်များ**

ဝါးအခြေခံ MSME လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် အဓိကဆောင်ရွက်ချက် (၄)ရပ်ရှိသည်။ ယင်းတို့မှာ ပြန်လည်စိုက်ပျိုးခြင်းစနစ်၊ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော ထုတ်လုပ်မှု၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် နည်းပညာအသုံးချခြင်းတို့ ဖြစ်ကြသည်။

ပထမဦးစွာ ပြန်လည်စိုက်ပျိုးခြင်းစနစ်ကိုကျင့်သုံးရန် လိုအပ်သည်။ ဝါးပင်များ ရိတ်သိမ်းပြီးတိုင်း ဝါးပင်အရေအတွက်နှင့်ညီမျှအောင် ပျိုးပင်အသစ်များ ပြန်လည်စိုက်ပျိုးရန် စည်းမျဉ်းချမှတ်ခြင်းဖြစ်သည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် ဝါးတောများ ရှားပါးကုန်ခန်းခြင်းမှ ကာကွယ်နိုင်ပြီး နောင်လာနောက်သားများအတွက်ပါ အလုပ်အကိုင်နှင့်ကုန်ကြမ်းအဆက်မပြတ်ရရှိနိုင်မည်ဖြစ်သည်။

စာမျက်နှာ ၁၄ သို့ ●

● စာမျက်နှာ ၁၃ မှအဆက်
ဒုတိယအချက်မှာ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော ထုတ်လုပ်မှုကို ကျင့်သုံးရန်ဖြစ်သည်။ ယင်းတွင် ဓာတုပစ္စည်းများ အသုံးပြုမှုကို ဖြစ်နိုင်သမျှ လျှော့ချရမည်။ ထို့ပြင် ဝါးမီးသွေးနှင့် ဝါးရှလကာ ထုတ်လုပ်ရာတွင် ကျန်ရှိသောအမှိုက်များကို ပြန်လည်အသုံးပြုရန်လိုအပ်သည်။ ဥပမာအားဖြင့် ဝါးအမှုန့်များကို ဓာတ်မြေသြဇာအဖြစ် သုံးစွဲခြင်း၊ ဝါးရှလကာရည်ထုတ်လုပ်ရာတွင် ရရှိသောဝါးဖျော်ရည်ကို သဘာဝပိုးသတ်ဆေးအဖြစ် အသုံးပြုခြင်းတို့ဆောင်ရွက်နိုင်သည်။

တတိယအချက်မှာ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ MSME လုပ်ငန်းရှင်များအချင်းချင်း ကွန်ရက်များ ဖွဲ့စည်းကာ အတွေ့အကြုံများ၊ စက်ကိရိယာများနှင့် ဈေးကွက်သတင်းအချက်အလက်များကို အပြန်အလှန်မျှဝေသုံးစွဲသင့်သည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် တစ်ဦးချင်းစီ၏အားနည်းချက်များကို ဖြည့်ဆည်းနိုင်ပြီး စုပေါင်းအင်အားဖြင့် ဈေးကွက်ထဲတွင် ပိုမိုအောင်မြင်စွာ ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ စတုတ္ထအချက်မှာ နည်းပညာကို အသုံးချခြင်းဖြစ်သည်။ ဝါးထုတ်ကုန်များအတွက် QR Code များ တပ်ဆင်ခြင်းဖြင့် စားသုံးသူများ ထုတ်ကုန်၏ ရာဇဝင်ကို ခြေရာခံနိုင်ရန် ဆောင်ရွက်သင့်သည်။ ထို့ပြင် အွန်လိုင်းစတိုးဖွင့်လှစ်ခြင်း၊ လူမှုကွန်ရက်ပေါ်တွင် ဝါးလက်မှုပညာ သရုပ်ပြသင်ခန်းစာများ ထုတ်လွှင့်ခြင်းတို့ကိုလည်း ပြုလုပ်နိုင်သည်။ ဤနည်းပညာများကို အသုံးပြုခြင်းအားဖြင့် ဈေးကွက်ကို ကျယ်ပြန့်စွာ ရောက်ရှိနိုင်ပြီး လူငယ်များကိုပါ ဝါးလုပ်ငန်းသို့ ဆွဲဆောင်နိုင်မည်ဖြစ်သည်။ အဆိုပါ ဆောင်ရွက်ချက်များကို ပေါင်းစပ်ကျင့်သုံးမည်ဆိုပါက ဝါးအခြေခံ MSME လုပ်ငန်းများသည် စီးပွားရေးအရသာမက ဂေဟစနစ်အရပါ ရေရှည်တည်တံ့သောလုပ်ငန်းများဖြစ်လာမည်ဖြစ်သည်။

ဝါးသယံဇာတကို အခြေခံသည့် MSME လုပ်ငန်းများသည် မြန်မာနိုင်ငံ၏ ကျေးလက်နေပြည်သူအများစုအတွက် အလုပ်အကိုင်၊ ဝင်ငွေနှင့် ရပ်တည်မှုကို ဖန်တီးပေးနိုင်သည့် အလားအလာကောင်းသော ကဏ္ဍဖြစ်သည်။ သို့သော် စီးပွားဖြစ်ဝါးလုပ်ငန်းအတွက် လိုအပ်ချက်များမှာ သင်တန်း၊ အရင်းအနှီး၊ ဈေးကွက်နှင့် စံချိန်စံညွှန်းများ ဖြစ်ကြသည်။ အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်း၊ ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းပါက ဝါးကိုအခြေခံသည့် ဆန်းသစ်သော ဂေဟစနစ်သဟဇာတဖြစ်ပြီး ရေရှည်တည်တံ့သော MSME ဂေဟစနစ်တစ်ရပ် ပေါ်ထွန်းလာနိုင်သည်။ ထို့ကြောင့် ဝါးကို "ဆင်းရဲသား၏ သစ်ပင်" ဟူသော သဘောထားမှ "အနာဂတ်၏ အစိမ်းရောင်ရွှေ"အဖြစ် ပြောင်းလဲအသုံးချနိုင်ရန် ဝါးလုပ်ငန်းအခြေခံ MSME များ အားပေးကူညီသင့်ပါကြောင်း တင်ပြလိုက်ရသည်။ ။

## ပဲခူးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု



ပဲခူး ဇူလိုင် ၆

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့နယ် ဘုရားကြီးမြို့ဈေးကြီးပြန်လည်အဆင့်မြှင့်တင်နေမှုကို ကွင်းဆင်းကြည့်ရှုပြီး ဈေးအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ကလိကျေးရွာအုပ်စု၌ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း ဆောင်ရွက်မည့်နေရာ၊ ပဲခူးပြည်သူ့ဆေးရုံကြီး ခုတင်-၅၀၀ ခြောက်ထပ်ဆေးကုသဆောင်သစ်ဆောက်လုပ်ပြီးစီးမှု၊ ပဲခူးမြို့ ကမ္ဘောဇသာဒီနန်းတော်ရာအတွင်း မြေယာရှုခင်းပြုပြင်နေမှု၊ ဘုရင့်နောင်မင်းတရားကြီး စီးနင်းသည့် ပုံစံတူရထားတော်ကြီးအဆောင်နှင့် နန်းတော်ကျွန်းတိုင်ဟောင်းများ ထိန်းသိမ်းထားရှိမှု၊ မဇင်းရပ်ကွက် (၄)လမ်း၌ လျှပ်စစ်မီးတိုင်များ တိုးချဲ့စိုက်ထူနေမှုနှင့် အိမ်တွင်းလျှပ်စစ်မီးသွယ်တန်းပေးနေမှုကိုကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပဲခူးမြစ်ကမ်းနား ဇိုင်းဂနိုင်းမြောက်ပိုင်းပန်းခြံ တည်ဆောက်ပြီးစီးမှုနှင့် ပန်းလှိုင်တာဘေး၌ အများပြည်သူ အပန်းဖြေရန်နေရာ ပြုလုပ်နိုင်ရေးကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (၄၁၀)

## ကျွန်းလှမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

ကျွန်းလှ ဇူလိုင် ၆

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ အသက် ၁၀ နှစ်နှင့် အထက်ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်း(သစ်ရာမြိုင်)၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကျွန်းလှမြို့နယ် ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးဝင်းထက်သွင်နှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးနေခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ကျွန်းလှမြို့နယ်၌ နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ဖြင့် အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူ ၇၄၈ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)



## Judo in School ဖွင့်ပွဲအခမ်းအနားကျင်းပ

မန္တလေး ဇူလိုင် ၆

မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် Judo in School ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ချမ်းအေးသာစံမြို့နယ် လမ်း ၃၀၊ ၈၁ လမ်းနှင့် ၈၂ လမ်းကြားရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးခိုင်က အဖွင့်အမှာစကားပြောကြားပြီး အားကစားနှင့် ကာယပညာဦးစီးဌာန(မန္တလေး)မှ ဂျူဒိုအားကစားသမားများက သရုပ်ပြသခြင်းများပြုလုပ်သည်။

အဆိုပါ Judo in School သင်တန်းကို အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူများ၏ ကာယအချိန်များ၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကာလတစ်လျှောက် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

အခမ်းအနားတွင် မဟာအောင်မြေခရိုင် ခရိုင်ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်လေးဖြူ၊ ချမ်းအေးသာစံမြို့နယ် ပညာရေးမှူး ဒေါ်ဝါဝါကျော်၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးခိုင်နှင့် တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန(မန္တလေး)မှ သရုပ်ပြအားကစားသမားများ၊ နည်းပြဆရာကြီးများနှင့်အဖွဲ့ဝင်များ၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နွယ်အောင်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

(၄၀၂)

**MWD Education, Knowledge & Sports Channel** ၇-၇-၂၀၂၆(အင်္ဂါနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ မှ ၀၈:၃၀ ထိ | Grade-4 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ လူမှုရေး |
| ၂။ | ၁၅:၃၀ မှ ၁၆:၀၂ ထိ | Grade-4 | သိပ္ပံ |
| ၃။ | ၁၆:၀၂ မှ ၁၉:၁၁ ထိ | Grade-6 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၄။ | ၁၉:၁၁ မှ ၂၀:၂၅ ထိ | Grade-6 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |

## ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(TOT)ဆင်းပွဲ ကျင်းပ

မိုင်းပန် ဇူလိုင် ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နမ့်ပန်ခန်းမ၌ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(TOT)ဆင်းပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပရာ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်လတ်၊ မြို့နယ်ဥပဒေအရာရှိ ဦးမင်းဝသုန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ သင်တန်းဆင်းပွဲအခမ်းအနားတွင် မြို့နယ်ဥပဒေအရာရှိ ဦးမင်းဝသုန်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် အခြေခံသိသင့်သိထိုက်သည့် ဥပဒေ၊ နည်းဥပဒေဆိုင်ရာ ဘာသာရပ် ၁၀ ခုကို ဆွေးနွေးပို့ချပေးပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လတ်နှင့် မြို့နယ်ဥပဒေအရာရှိတို့က ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးသင်တန်းသား ၂၃ ဦးတို့အား သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များ ပေးအပ်ကြောင်း သိရသည်။

(၄၁၄)



# တရုတ်အစားအစာချက်ပြုတ်နည်းသင်တန်းဆင်းပွဲကျင်းပ



**နေပြည်တော် ဇူလိုင် ၆**

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Kunming Vocational University of Science and Technology တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဖွင့်လှစ်ခဲ့သော တရုတ်အစားအစာ ချက်ပြုတ်နည်း သင်တန်း သင်တန်းဆင်းပွဲကို ဇူလိုင်လ ၄ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ ကြင်တော်ယန်တရုတ်ဘုံကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက အမှာစကားပြောကြားပြီး ဖူးကျင့်နိုင်ငံတကာ ဘာသာစကားသင်တန်းကျောင်း ဥက္ကဋ္ဌက သင်တန်းတွင် စာတွေ့/လက်တွေ့သင်ကြားပေးခဲ့မှုများနှင့် သင်တန်းဆက်လက်ဖွင့်လှစ်သွားမည့်အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက သင်တန်းနည်းပြဆရာ၊ ဆရာမများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပစ္စည်းများပေးအပ်ပြီး မန္တလေးတိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးသိန်းငွေက အကောင်းဆုံးချက်ပြုတ်ခဲ့သည့်အဖွဲ့များကို ဆုများချီးမြှင့်ကာ သင်တန်းကျောင်းဥက္ကဋ္ဌက သင်တန်းဆင်းအောင်လက်မှတ်များပေးအပ်သည်။

မွန်းလွဲပိုင်းတွင် HOTEL HAZEL ၌ မန္တလေးတိုင်းဒေသကြီးစီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (စစ်ကိုင်းဇုန်)၊ မန္တလေးတိုင်းဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်)တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံခဲ့ကြောင်း သိရသည်။

**မြဝတီ**

**▼ ရိုးရာခြင်းလုံးမှ**

(အမျိုးသား၊ အမျိုးသမီး) ဗိုလ်လုပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ကျင်းပသည်။

ယနေ့တွင် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး)ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် Linking Event-3 (အမျိုးသမီး)ပြိုင်ပွဲတွင် ပညာရေးဝန်ကြီးဌာနအသင်းက ဒုတိယဆု၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ပထမဆု၊ Linking Event-3 (အမျိုးသား) ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းက ဒုတိယဆု၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက ပထမဆု၊ ၄ ပေါက်တန်း (အမျိုးသမီး) ပြိုင်ပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက ဒုတိယဆု၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းက ပထမဆု၊ ၆ ပေါက်တန်း (အမျိုးသား) ပြိုင်ပွဲတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းက ဒုတိယဆု၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အသင်းက ပထမဆုများ ရရှိခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ နာယကနှင့်ဒုတိယဝန်ကြီးတို့က အတိုးတက်ဆုံးအသင်းဆုများ ရရှိသည့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ အတိုးတက်ဆုံးအသင်းဆုများ ရရှိသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်း၊ အတိုးတက်ဆုံးအသင်းဆုများရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ အလုပ်သမားဝန်ကြီးဌာနအသင်း၊ Linking Event-3 ပြိုင်ပွဲတွင် အကောင်းဆုံး အမျိုးသမီးအားကစားသမားဆုရရှိသူ၊ Linking Event-3 ပြိုင်ပွဲတွင် အကောင်းဆုံးအမျိုးသားအားကစားသမားဆုရရှိသူ၊ အမျိုးသမီး ၄ ပေါက်တန်းပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရရှိကြသူနှင့် အမျိုးသား ၆ ပေါက်တန်းပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရရှိသူများကို ဆုဖလားများနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့က အမျိုးသမီး Linking Event-3 ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသည့် ပညာရေးဝန်ကြီးဌာနအသင်းနှင့် ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ အမျိုးသား Linking Event-3 ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် ပညာရေးဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် ပထမဆုရရှိသည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်တို့က အမျိုးသမီး ၄ ပေါက်တန်းပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်း၊ ပထမဆုရရှိသည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်း၊ အမျိုးသား ၆ ပေါက်တန်းပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် ပထမဆုရရှိသည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်တို့က အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းတို့ကို တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**မြဝတီ**

**⊃ ကျောဖုံးမှအဆက်**

ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ၉ ထပ် အဆောက်အအုံ ၁ လုံးကို ထပ်မံ၍ စနစ်တကျဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့်အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ဖျက်ဆီးမည့် အဆောက်အအုံ ၂၀ လုံးဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၂၀ လုံးအနက် ၉ ထပ်အဆောက်အအုံ ၁ လုံးကို စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၉ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၈ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

**ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံအား ဖောက်ခွဲဖျက်ဆီးမှု။**




**ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် (၉)ထပ်အဆောက်အအုံအား ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးရန်ပြင်ဆင်နေမှု**

**ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးရန် ပြင်ဆင်နေမှု**





**ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် (၉)ထပ်အဆောက်အအုံအား ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးရန်ပြင်ဆင်နေမှု**

**ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးရန် ပြင်ဆင်နေမှု**





# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် ချင်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်းထန်၊ ဒုတိယဥက္ကဋ္ဌ ဦးသန့်စင်ဦးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား ယနေ့ ညနေပိုင်းတွင် ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုအဆင့်လွှတ်တော်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်) ဇယား(၁) ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များသည် ဇယား(၂) ကိုလည်းကောင်း ဥပဒေပြုရပါကြောင်း၊ နိုင်ငံတော်၏ ရည်မှန်းချက်တာဝန်ဖြစ်သည့် ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ လွှတ်တော်ဆိုသည်မှာ ပြည်သူများ၏ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များရှိသည့်နေရာဖြစ်သလို ဒီမိုကရေစီ၏ပြယုဂ်လည်းဖြစ်ပါကြောင်း၊ လွှတ်တော်များ၏ အဓိကတာဝန်သည်ဥပဒေပြုရေးနှင့် ပြည်သူကို ကိုယ်စားပြုရေးဖြစ်သည့်အတွက် အလွန်အရေးကြီးပါကြောင်း၊ ပြည်ထောင်စုအဆင့်လွှတ်တော်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သီးခြားစီလွတ်လပ်စွာ ဥပဒေပြုရသည့်မဏ္ဍိုင်များဖြစ်၍ ပြည်ထောင်စုအဆင့် လွှတ်တော်များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကို ပြဋ္ဌာန်းထားရှိပြီး မြန်မာနိုင်ငံလွှတ်တော်အဖွဲ့(Myanmar Parliamentary Union-MPU) ကိုလည်း ဖွဲ့စည်းထားပါကြောင်း။

မိမိတို့လွှတ်တော်တွင် လွှတ်တော်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ လွှတ်တော်၏ လုပ်ဆောင်ချက်များကို ပြည်သူများနေ့စဉ် အချိန်နှင့်တစ်ပြေးညီသိရှိနိုင်စေရန် Website နှင့် Social Media များတွင် ထုတ်လွှင့်လျက်ရှိပါကြောင်း၊ ထို့ပြင် လွှတ်တော်သို့ ပြည်သူများလာရောက်လေ့လာနိုင်ရန်ဖိတ်ခေါ်လျက်ရှိပြီး လွှတ်တော်က ပြည်သူများအတွက် ဆောင်ရွက်ပေးနေမှုများကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ လွှတ်တော်များအနေဖြင့် အာဆီယံပါလီမန်များညီလာခံနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့တွင် အဖွဲ့ဝင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတကာလွှတ်တော်များနှင့် ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်နိုင်ရန်အတွက် အာဆီယံပါလီမန်များညီလာခံ ပူးပေါင်းကော်မတီနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီများကိုဖွဲ့စည်းပြီး စတင်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အစည်းအဝေးများ ကျင်းပနေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများအား ရှင်းလင်းတင်ပြခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြကြောင်း သိရသည်။ မြဝတီ

# ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၆

၂၀၂၆ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့ရှိ နယ်မြေခံ လေတပ်စခန်းဌာနချုပ်အားကစားရုံ၌ ပြုလုပ်ရာ နယ်မြေခံလေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူများ၊ မိတ္ထီလာတပ်နယ်မှ တာဝန်ရှိသူများနှင့် အရာရှိ/စစ်သည်မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ) (ကိုယ်စား) နယ်မြေခံလေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများနှင့်အတူ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲကို ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၄ သင်းနှင့် အမျိုးသမီးအသင်း ၁၁ သင်းတို့ဖြင့် ဇူလိုင်လ ၁၇ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းဘော်လီဘောပြိုင်ပွဲ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် ဇူလိုင် ၆

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား ညမအားစွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ ပန်းကုံးများစွပ်၍လည်းကောင်း ဂုဏ်ပြုကြိုဆိုပြီး ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများက ဘင်ခရာများ၊ ယိမ်းအကအဖွဲ့များ၊ အိုးစည်၊ ဒိုးပတ်၊ အတီးအမှုတ်၊ အကအခုန်များဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## မိုးဆက်လက်ပိုလာနိုင်

နေပြည်တော် ဇူလိုင် ၆

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုလာနိုင်သည်။ (မိုး/ဇလ)

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့နှင့် စိန့်ပီတာစဘတ်မြို့တို့တွင် ကျင်းပသည့် ငွေရေးကြေးရေးညီလာခံနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် ဇူလိုင် ၆

ရုရှားဖက်ဒရေးရှင်းနိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌတို့သည် ဇွန်လ ၂၉ ရက်မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံဗဟိုဘဏ်၌ တွေ့ဆုံ၍ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ဘဏ်လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးဆိုင်ရာကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြသည်။




ထို့နောက် မော်စကိုမြို့ရှိ စဘားဘဏ် (Sber Bank) မှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ ၎င်းဘဏ်၏ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး စဘားဘဏ်ဝန်ဆောင်မှုလုပ်ငန်းဖြစ်သော ဆိုက်ဘာလုံခြုံရေးနည်းပညာ၊ ငွေကြေးလိမ်လည်မှု စိစစ်တိုက်ဖျက်ရေးနည်းပညာ၊ မိုဘိုင်းဖုန်းနှင့် ကတ်မလိုအပ်ဘဲ ဇီဝအချက်အလက် (Biometrics) အသုံးပြုနည်းပညာတစ်ခုဖြစ်သည့် “Smile Pay” ငွေပေးချေမှုစနစ်တို့ကို ရှင်းလင်းဆွေးနွေးသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင်လ ၁ ရက်မှ ၃ ရက်အထိ စိန့်ပီတာစဘတ်မြို့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဗဟိုဘဏ်မှ ကျင်းပသည့် ငွေရေးကြေးရေးညီလာခံသို့တက်ရောက်ပြီး နိုင်ငံတကာငွေရေးကြေးရေးဈေးကွက်တွင် နည်းပညာအသစ်များဖြစ်ပေါ်တိုးတက်မှုနှင့် ငွေရေးကြေးရေး ဈေးကွက်တွင် ရုရှားရူဘယ်လ်ကို အခြေခံသည့် ဒစ်ဂျစ်တယ်ပလက်ဖောင်း အသုံးပြုမှုများ၊ ခရစ်တိုငွေကြေးသုံးစွဲလာမှုနှင့်အတူ ဘဏ်လုပ်ငန်းကြီးကြပ်သူများ၏ စည်းမျဉ်းစည်းကမ်းများဖြင့် ခိုင်မာစွာကြီးကြပ်ရန်လိုအပ်မှုများ၊ မက်ခရိုစီးပွားရေးတည်ငြိမ်မှုဆိုင်ရာမူဝါဒများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်၍ ငွေရေးကြေးရေးညီလာခံသို့ တက်ရောက်ခဲ့ကြသည့် ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် အမြင်ချင်းဖလှယ်သည့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့သည်။

အဆိုပါ ငွေရေးကြေးရေးညီလာခံသို့ နိုင်ငံပေါင်း ၁၈ နိုင်ငံမှ လူဦးရေ ၁၁၀၀၀ ခန့် တက်ရောက်ခဲ့ကြပြီး အင်ဒိုနီးရှား၊ ဘယ်လာရုစ်၊ အိန္ဒိယ၊ အီဂျစ်၊ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားနှင့် နီကါရာဂွါနိုင်ငံများ၏ ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများမှအကြီးအကဲများ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသည်။

နီကါရာဂွါနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌတို့သည် မြန်မာနိုင်ငံနှင့် နီကါရာဂွါနိုင်ငံတို့အကြား ဘဏ်လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးအတွက် သီးခြားတွေ့ဆုံဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင်လ၅ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်းသိရသည်။ မြဝတီ

# နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၆

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ ဇေယျာသီရိအားကစားကွင်း၊ လေ့ကျင့်ရေးကွင်း(၁)၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင်လ ၁၇ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။



# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း (အမျိုးသား / အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း(အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကျင်းပစဉ်။

နေပြည်တော် ဇူလိုင် ၆

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း (အမျိုးသား/ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အောင်ဇေယျခန်းမ၌ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုဝင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့အဖွင့်ပွဲစဉ်ဖြစ်သည့် အမျိုးသားအသင်းခိုလမ်တပ်နယ်(က)အသင်းနှင့် အမျိုးသားအသင်း ကျိုင်းတောင်းတပ်နယ်အသင်း၊ အမျိုးသမီးအသင်း ခိုလမ်တပ်နယ်(ခ)အသင်းနှင့် အမျိုးသမီးအသင်း ခိုလမ်တပ်နယ်(ဂ)အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၈ သင်းနှင့် အမျိုးသမီးအသင်း ၉ သင်းတို့ဖြင့် ဇူလိုင်လ ၁၀ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၆

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့အဖွင့်ပွဲစဉ်ဖြစ်သည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ စခန်းရုံးအသင်းနှင့် ပန်းတောင်းတပ်နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင်လ ၁၅ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် တိုင်းမှူးဖလားဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်ဖြစ်သည့် စခန်းရုံးအသင်းနှင့် ပန်းတောင်းတပ်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Regarding the Shwe Kokko Area, another illegal nine-storey building used in committing online scam and gambling activities was systematically detonated and destroyed, with this action, a total of 69 illegal residential buildings have now been demolished and destroyed

NAY PYI TAW July 6

Joint departmental teams are currently carrying out the permanent demolition of illegal buildings and the systematic destruction of equipment used in operations within the Shwe Kokko and KK Park areas of Myawady Township, Kayin State, which had served as bases for online scams and gambling activities. In line with these operations, it is reported that another illegal nine-storey building within the Shwe Kokko Area was systematically detonated and demolished today.

Out of 77 buildings used for committing online scam and gambling activities within the Shwe Kokko Area, targets have been categorized by building type for systematic demolition, consisting of 57 buildings to be demolished using heavy machinery and 20 buildings to be destroyed by detonation. Regarding these operations, it is reported that another nine-storey building, out of the 20 structures designated for demolition by detonation, was systematically demolished today.



Preparing to demolish an illegal nine-storey building used for online scam and gambling activities in the Shwe Kokko Area of Myawady District, Kayin State with explosives.

To date, joint departmental teams have systematically demolished and destroyed a total of 69 illegal buildings used in committing online scam and gambling activities. According to reports, operations will continue to systematically destroy the remaining eight illegal buildings. **100**



Before demolishing an illegal nine-storey building used for online scam and gambling activities in the Shwe Kokko Area of Myawady District, Kayin State.



After demolishing an illegal nine-storey building used for online scam and gambling activities in the Shwe Kokko Area of Myawady District, Kayin State.

# Budalin Township prepares to grow more than 53,000 acres of monsoon sesame this year

BUDALIN July 6

Local authorities have earmarked cultivation of more than 53,000 acres of monsoon sesame in Budalin Township of Sagaing Region this year, according to the Township Department of Agriculture.

During the 2026-2027 monsoon crop season, Budalin Township has set a target to cultivate 53,110 acres of monsoon sesame. At present, farmland is being ploughed in preparation for crop cultivation, according to reports.

"This year, during the monsoon season in Budalin Township, we have targeted planting more than 53,000 acres of monsoon sesame. Preparations are underway to begin cultivation within this month. Efforts will also be made to fully meet the target acreage. Measures are being taken to expand sesame cultivation, improve yields, and promote cultivation using GAP methods," said U Phyo Wai, head of the Budalin Township Department of Agriculture.

This year, the Township Department of Agriculture will provide awareness and technical guidance to sesame farmers in Budalin Township on expanding cultivation, applying proper cultivation techniques, adopting GAP practices, and using high-quality and high-yield seed varieties.

Crops produced under the GAP system are known to have better quality and fetch higher prices compared to those grown using other methods. They can also be sold not only in domestic markets but exported to international markets. As a result, farmers adopting GAP practices are expected to gain greater economic benefits and improve their socio-economic conditions.

**SK**

# Authorities earmark cultivation of more than 2,000 acres of sunflower in Myinmu Township

MYINMU July 6

Sagaing District Agriculture Department stated that local authorities set plans to grow more than 2,000 acres of sunflower as cold season crops in Myinmu Township of Sagaing Region this year.

During the 2026-2027 monsoon crop planting season, Myinmu Township has targeted the cultivation of 2,030 acres of sunflower crops, and farmland is currently being ploughed in preparation for planting.

"This year, during the monsoon crop season in Myinmu Township, we are targeting the cultivation of more than 2,000 acres of sunflowers. Efforts will be made to ensure that the target acreage is fully achieved. We will also expand sunflower cultivation, which is an oilseed crop, in order to reduce reliance on imported palm oil. Sunflowers produce more oil per acre compared with other oil crops such as groundnuts and sesame. Sunflowers are generally cultivated during the winter season," said Daw Myat Moe Win, Head of the Department of Agriculture in Sagaing District.

To promote expanded sunflower cultivation in Myinmu Township, the relevant Township Department of Agriculture is accelerating awareness and technical training programmes. Additional training courses will also be conducted to improve the capacity of both staff members and farmers who plan to cultivate sunflowers.

This year, plans are also being made to provide sunflower seeds to farmers in Myinmu Township, sell urea fertilizer at affordable prices, and distribute harvested sunflower seeds through farmer-to-farmer exchange systems.

**SMK**

# More than 10,000 acres of croplands to be placed under sunflower plantations

SAGAING July 6

Statistics of Sagaing Township Agriculture Department showed that the township authorities plan to earmark cultivation of more than 10,000 acres of sunflower in Sagaing Township of Sagaing Region this year.

During the 2026-2027 monsoon crop season, Sagaing Township has set a target to cultivate 12,368 acres of sunflower. At present, farmland is being ploughed in preparation for sunflower cultivation, according to reports.

"This year, during the monsoon season in Sagaing Township, we have targeted planting more than 10,000 acres of sunflower. Efforts will be made to meet the target acreage. To reduce reliance on imported palm oil, we will expand the cultivation of sunflower as an oil crop. Sunflower yields more oil per acre than other oil crops such as groundnut and sesame. Typically, sunflower is mainly grown during the winter season," said U Myo Thant Aung, head of the Sagaing Township Department of Agriculture.

To support the expansion of sunflower cultivation in Sagaing Township, the relevant Township Department of Agriculture will intensify awareness and technical training programmes, as well as capacity-building training for staff and farmers who plan to grow sunflower.

This year, arrangements are also being made to supply seeds to farmers cultivating sunflower in Sagaing Township, provide urea fertilizer at affordable prices, and distribute harvested sunflower seeds through farmer-to-farmer exchange systems. **SK**

# More than 2,000 acres of pre-monsoon green gram planted in Myaung Township

MYAUNG July 6

Sagaing District Agriculture Department stated that local farmers have grown more than 2,000 acres of pre-monsoon green gram in Myaung Township of Sagaing Region.

During the 2026-2027 pre-monsoon planting season, Myaung Township has targeted the cultivation of 6,292 acres of pre-monsoon green gram. Planting began in April this year, and as of today, 2,815 acres have already been completed, according to reports.

"This year, in Myaung Township, we have targeted planting more than 6,000 acres of pre-monsoon green gram. As of today, more than 2,000 acres have already been planted. Efforts are underway to ensure the full target acreage is achieved. Regarding green gram cultivation, awareness activities are being carried out to encourage expansion, and farmers are being advised to use high-quality seed varieties to achieve better yields," said Daw Myat Moe Win, Head of the Sagaing District Department of Agriculture.

In Myaung Township, the Township Department of Agriculture is providing guidance to green gram farmers on access to suitable high-quality seeds adapted to local conditions, correct cultivation methods, pest prevention, proper use of fertilizers, and yield improvement.

During this year's winter cropping season, in the cultivation of various pulses, necessary support—including quality seeds, agricultural inputs, and post-harvest technologies—is being provided in cooperation with farmers to ensure better yield and quality of pulse crops. **SMK**

# Ayadaw Township to grow over 40,000 acres of rain-fed sesame

AYADAW July 6

More than 40,000 acres of sesame will be planted in Ayadaw Township, Monywa District, Sagaing Region during this year's rain crops planting season, according to the statistics of the Department of Agriculture for Monywa District.


During the 2026-2027 rain crops planting season, 43,020 acres of sesame will be planted in Ayadaw Township, and currently, farmland is being plowed to grow peanuts.

"This year, more than 40,000 acres of sesame will be planted in Ayadaw Township. We are working on planting this month. We will also work to ensure that the target acres are planted. We are also working to expand the sesame planting area, improve yields, and grow with GAP techniques," said Daw San San Myint, head of the Department of Agriculture for Monywa District.

This year, the Township Agriculture Department will provide education to sesame farmers in Ayadaw Township on how to expand sesame cultivation, cultivation methods, GAP methods, and how to grow good varieties and high-yielding varieties.

**SK**

# Tomato in high demand at domestic market in Pathein Township



PATHEIN July 6

"Trading of tomato is booming at the domestic market in Pathein Township of Ayeyawady Region," said Daw Win Myint, the owner of green grocery trading depot in Pathein Township.

At the vegetable market in Pathein, demand for tomatoes has been strong and trading has remained good from the first week of April this year up to the present, according to reports. Tomatoes produced in the region are reportedly being traded at volumes of between 5,000 and 6,500 viss per day.

"Tomatoes are selling very well in the Pathein market. Buyers are purchasing large quantities even at the local produce market. The tomatoes being traded are free from pests and are of good quality. This year's tomatoes are reported to have both high quality and good yields," said Daw Win Myint.

Tomatoes are cultivated in Pathein Township, while additional supplies are also purchased and distributed from other regions. Tomatoes with strong market demand fetch Ks-4,000 to Ks-6,500 per viss, according to market sources.

**SK**

# Monywa Township plans to grow more than 9,000 acres of vegetables



MONYWA July 6

According to the township Agriculture Department, local farmers will cultivate more than 9,000 acres of vegetables as monsoon crops in Monywa Township of Sagaing Region in coming rainy season.

During the 2026-2027 monsoon crop season, it is planned to cultivate 9,300 acres of vegetable crops in Monywa Township, and planting will begin in the third week of May this year, according to reports.

"This year, during the monsoon season in Monywa Township, we have targeted planting more than 9,000 acres of vegetables. Efforts will be made to meet the target acreage. The crops include mustard, chilli, spices, potato, cabbage, eggplant, and cauliflower. Farmers are being provided with technical assistance to ensure that all vegetables are grown using the GAP system. In addition, techniques will be shared so that the vegetables are cultivated with minimal chemical residues and in a way that is safe for consumption," said U Soe Thet Aung, head of the Monywa Township Department of Agriculture.

This year, the Township Department of Agriculture will provide training on GAP cultivation methods to vegetable growers in Monywa Township, share techniques to ensure that harvested vegetables are safe and healthy, and support farmers in expanding vegetable cultivation.

In Monywa Township, various seasonal vegetables are cultivated annually. These crops are reported to be successful and generate household income. The Township Department of Agriculture will also educate farmers on proper cultivation practices, pest prevention, and the use of natural fertilizers, organic pesticides, and pest control methods for those planning to grow vegetables.

**SMK**

# China successfully tests submarine-launched strategic missile

BEIJING July 6


China successfully conducted a test launch of a strategic missile carrying a mock warhead from a submarine on Monday, the Chinese Defence Ministry said.

"At 12:01 (4:01 GMT) on July 6, a strategic nuclear submarine of the People's Liberation Army of China successfully launched a strategic missile with an imitation warhead into a designated area of the open Pacific Ocean," the ministry said in a statement.

This missile test is a planned part of China's annual military exercises program, the statement added.

The test was conducted in accordance with international law and practice, and it is not directed against any particular country or target, it read.

China has notified the relevant countries in advance, the ministry added. **Sputnik**



# Putin, Trump have understanding their contacts will be continued in near future - Kremlin

MOSCOW July 6

Russian President Vladimir Putin and US President Donald Trump have an understanding that their contacts will continue in the near future, Kremlin spokesman Dmitry Peskov said on Monday.

"Both president Putin and president Trump have an understanding that their contacts will be continued in the near future," Peskov told reporters.

Trump is open to listening to information that Putin brings to him, the official said, adding that Trump's position is consistent and he is convinced of his understanding of what is happening in Ukraine.

"It was a good opportunity, as they say, at the highest level to convey to the president of the United States our position in the first person," Peskov told reporters, commenting on Russia's position on Ukraine and Europe's bet on escalation. **Sputnik**

# EV adoption gains momentum in Cambodia as 14,056 registered by May

PHNOM PENH July 6

Cambodia registered 14,056 electric cars or electric vehicles (EVs) between 2021 and May 2026, Ministry of Public Works and Transport spokesperson Phan Rim said on Monday.

"We have seen a significant increase in EV registrations since March, following the Middle East conflict that drove up fuel prices," he told Xinhua.

He added that approximately 3,693 EVs were registered between March and May of this year.

Additionally, the Southeast Asian nation recorded a total of 4,232 electric motorcycles and 741 electric three-wheelers as of May, the spokesperson said.

"EVs reduce fuel costs and eliminate tailpipe emissions," he said.

He identified BYD, GAC and Toyota as Cambodia's most popular EV brands.



Thong Mengdavid, deputy director at the China-ASEAN Studies Center of the Cambodia University of Technology and Science, said rising fuel prices have acted as a key catalyst for consumers to switch to EVs.

"As fuel costs have climbed, more consumers have become interested in EVs because their operating costs are much lower than those of a gasoline or diesel-powered car," he told Xinhua. **Xinhua**

# 25 killed, about 100 injured in unrest at Sri Lankan prison

COLOMBO July 6

The death toll from a prison unrest in Negombo, Sri Lanka, has risen to 25, with at least 100 individuals injured, police said on Monday.

Among the deceased, five are reportedly prison officials and 20 are prison inmates.

It has been reported that steps are being taken to transfer inmates from the Negombo Prison to other prisons in an effort to defuse the situation.

The unrest initially occurred on Sunday at around 1 p.m. when two groups of inmates clashed with each other. The situation was brought under control by Sunday night. However, violence broke out again on Monday morning. **Xinhua**

# Singapore, China can deepen cooperation on green transition, AI, aging, Singapore minister says

SINGAPORE July 6

Singapore's Minister for National Development Chee Hong Tat said on Monday that Singapore and China can deepen cooperation on the green transition, artificial intelligence (AI) and support for aging populations.

Speaking at the Singapore-China Forum 2026, Chee said that China has established itself as a global leader in renewable energy and clean energy technologies, and that its capabilities in solar, wind and battery energy storage systems can make a meaningful contribution to regional efforts to strengthen energy resilience and advance decarbonization.

"There is much we can learn from China's experience in deploying and scaling clean energy solutions, just as Singapore can lend our expertise in sustainable urban planning and integrated development. Together, I believe we can develop practical solutions that not only support our own climate ambitions but also contribute to a more sustainable future for other countries in the region," he said.

China is also a world leader in AI, robotics and intelligent manufacturing, and its experience in deploying these technologies at scale across construction, logistics, urban infrastructure and other sectors offers valuable insights into how innovation could boost productivity, Chee said.

"Through deeper exchanges across governments, industry, and academia, Singapore and China can translate innovative ideas into practical solutions while ensuring that technological progress remains anchored on improving lives and expanding opportunities for our people," he said.

Chee said Singapore and China face similar challenges from aging populations, citing Singapore's experience in senior-friendly housing and neighborhood upgrading, and China's efforts to develop mutual-aid eldercare. **Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 52 Question tags (do you? isn't it? etc.)

### Exercises

**52.1 Complete these sentences with a question tag.**

| | | |
|---|---|---|
| 1 | Kate won't be late, ......will she...... ? | No, she's never late. |
| 2 | You're tired, ......aren't you...... ? | Yes, a little. |
| 3 | You travel a lot, ................................? | I love travelling. |
| 4 | You weren't listening, ................................? | Yes, I was! |
| 5 | Sarah doesn't know Ann, ................................? | No, they've never met. |
| 6 | Jack's on holiday, ................................? | Yes, he's in Australia. |
| 7 | It didn't take long to get here, ................................? | No, just ten minutes. |
| 8 | You can speak German, ................................? | Yes, but not fluently. |
| 9 | They won't mind if I take a picture, ................................? | No, of course they won't. |
| 10 | There are a lot of people here, ................................? | Yes, more than I expected. |
| 11 | Let's go and have coffee, ................................? | Yes, let's do that. |
| 12 | This isn't very interesting ................................? | No, not really. |
| 13 | I'm too impatient ................................? | Yes, you are sometimes. |
| 14 | You wouldn't tell anyone, ................................? | No, of course not. |
| 15 | Helen has lived here a long time, ................................? | Yes, 20 years. |
| 16 | I shouldn't have lost my temper, ................................? | No, but that's all right. |
| 17 | He'd never met her before, ................................? | No, that was the first time. |
| 18 | Don't forget to call me, ................................? | No, I won't forget. |

**52.2 In these situations you expect your friend to agree with you. Use a question tag in your sentences.**

1 You look out of the window. The sky is blue and the sun is shining. You say to your friend:
(beautiful day) ...It's a beautiful day, isn't it?........................................ .
2 You're with a friend outside a restaurant. You're looking at the prices, which are very high.
You say: (expensive) It ........................................................................ .
3 You and a colleague have just finished a training course. You really enjoyed it. You say to your colleague: (great) The course ........................................................................ .
4 Your friend's hair is much shorter than when you last met. You say to her/him:
(have / your hair / cut) You........................................................................ .
5 You're listening to a woman singing. You like her voice very much. You say to your friend:
(a good voice) She ........................................................................ .
6 You're trying on a jacket in a shop. You look in the mirror and you don't like what you see.
You say to your friend:
(not / look / right) It ........................................................................ .
7 You and a friend are walking over a small wooden bridge. The bridge is old and some parts are broken. You say:
(not / very safe) This bridge ........................................................................ .

**52.3 In these situations you are asking for information, asking people to do things etc.**

1 You need a pen. Perhaps Jane has one. Ask her.
...Jane, you don't have a pen I could borrow, do you?........................................ .
2 You have to move a heavy table. You want Joe to help you with it. Ask him.
Joe, you ........................................................................ .
3 You're looking for Sarah. Perhaps Lisa knows where she is. Ask her.
Lisa, you ........................................................................ .
4 You want to borrow a tennis racket. Perhaps Helen has one. Ask her.
Helen,........................................................................ .
5 Anna has a car and you need a lift to the station. Perhaps she'll take you. Ask her.
Anna,........................................................................ .
6 You're looking for your keys. Perhaps Robert has seen them. Ask him.
Robert, ........................................................................ .

**Raymond Murphy**

# ခေတ်သစ်စစ်ပွဲ၏ ဆန်းကြယ်သောပဟေဠိနှင့် မျှော်မှန်းမရတဲ့ နိုင်ငံတကာစနစ်သစ်

## စစ်ပွဲတစ်ပွဲဆင်နွှဲဖို့ဆိုတဲ့ဆုံးဖြတ်ချက်ဟာ အမြဲတမ်းပြောင်းလဲလာနေတဲ့အခြေအနေတွေကို တွက်ချက်ခြင်းနဲ့ အုပ်ချုပ်သူအစိုးရတွေရဲ့ နိုင်ငံရေးရွေးချယ်မှုအပေါ်မှာသာ အခြေခံနေ




၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်တုန်းက အမေရိကန်ပြည်ထောင်စုမှာ ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်တိုက်ခိုက်မှုဟာ ကမ္ဘာ့နိုင်ငံရေးနဲ့စစ်ရေးဆိုင်ရာမဟာဗျူဟာသမိုင်းကို တစ်ဆစ်ချိုးပြောင်းလဲပစ်ခဲ့ပါတယ်။ အဲဒီဖြစ်ရပ်ရဲ့ နောက်ဆက်တွဲအဖြစ်နဲ့ပဲ နိုင်ငံတကာနိုင်ငံရေးဇာတ်ခုံပေါ်ကို အမိပ္ပာယ်နက်နဲပြီး အချေအတင်ပြောဆိုဆွေးနွေးလို့ကောင်းတဲ့ ဝေါဟာရနှစ်ခု ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာပါတယ်။

အဲဒါတွေကတော့ "မလွှဲမရှောင်သာတိုက်ရတဲ့စစ်ပွဲ" (War of Necessity) နဲ့ "ရွေးချယ်ပြီးတိုက်ရတဲ့စစ်ပွဲ" (War of Choice) တို့ပဲ ဖြစ်ပါတယ်။ မလွှဲမရှောင်သာတဲ့စစ်ပွဲဆိုတာက မိမိနိုင်ငံရဲ့ပိုင်နက်နယ်မြေကို ကာကွယ်ဖို့၊ တစ်မျိုးသားလုံး ရှင်သန်ရပ်တည်ရေးကို ထိန်းသိမ်းနိုင်ဖို့နဲ့ ရန်သူက တိုက်ရိုက်တိုက်ခိုက်လာတာကို မဖြစ်မနေပြန်လည်တုံ့ပြန်ဖို့ ဆင်နွှဲရတဲ့ တစ်နည်းအားဖြင့် ရှင်သန်ရေးအတွက် တခြားရွေးချယ်စရာလမ်းမရှိလို့တိုက်ရတဲ့ စစ်ပွဲမျိုးကိုဆိုလိုတာပါ။

ရွေးချယ်ပြီး တိုက်ရတဲ့စစ်ပွဲကတော့ လတ်တလောအခြေအနေမှာ မိမိနိုင်ငံအပေါ်ကျရောက်လာမယ့် အန္တရာယ်မျိုး မရှိသေးပေမယ့် အနာဂတ်အတွက် မဟာဗျူဟာမြောက်တွက်ချက်မှု၊ နိုင်ငံရေးနဲ့ အတွေးအခေါ်ပိုင်းဆိုင်ရာ ရည်မှန်းချက်တွေအပေါ်အခြေခံပြီး ကြိုတင်စီမံတွက်ချက်စတင်လိုက်တဲ့ စစ်ပွဲမျိုးကိုဆိုလိုတာဖြစ်ပါတယ်။ ဒီအသုံးအနှုန်းတွေကို အမေရိကန်နိုင်ငံရေးဆိုင်ရာဝေဖန်ရေးသမားချားကရှေ့သမ်းမားက စတင်လူသိများစေခဲ့ပြီး နောက်ပိုင်းမှာ ဝါရင့်သံတမန်ကြီးဖြစ်တဲ့ ရစ်ချတ်ဟားက ထပ်ဖြည့်စွက်ကာ ၂၀၀၃ ခုနှစ် အမေရိကန်ရဲ့ အီရတ်ကျူးကျော်စစ်ကို ဆန်းစစ်ရာမှာအသုံးချခဲ့တာဖြစ်ပါတယ်။

အဲဒီစစ်ပွဲနှစ်မျိုးရဲ့ ခြားနားချက်ဟာ ခေတ်သစ်ကမ္ဘာမှာ စစ်ပွဲတွေကို ဘယ်လိုရှုမြင်ကြမလဲဆိုတဲ့ အခြေခံအုတ်မြစ်ကို ကြီးကြီးမားမား လှုပ်ခတ်စေခဲ့တာဖြစ်ပါတယ်။ အမှန်တော့ ၂၀၀၃ ခုနှစ်မှာ ဂျော့ဒဗလျူဘု(ရှ် )ဦးဆောင်တဲ့ အမေရိကန်အစိုးရဟာ အီရတ်နိုင်ငံဘက်က အမေရိကန်အပေါ် ချက်ချင်းလက်ငင်းအန္တရာယ်ပြုနိုင်တဲ့အခြေအနေမျိုး ခိုင်ခိုင်လုံလုံရှိနေလို့ စစ်ကိုစတင်ခဲ့တာ မဟုတ်ပါဘူး။ အမေရိကန်နိုင်ငံရှိစစ်လိုလားတဲ့အုပ်စုနဲ့ ခေါင်းဆောင်တွေဟာ သူတို့ရဲ့နိုင်ငံရေးနဲ့ အတွေးအခေါ်ပိုင်းဆိုင်ရာ အကျိုးအမြတ်တွေအတွက် စစ်ပွဲကိုတမင်သက်သက် ရွေးချယ်ခဲ့ကြတာသာဖြစ်ပါတယ်။

သူတို့ဟာ အရှေ့အလယ်ပိုင်းဒေသကို ဒီမိုကရေစီနည်းကျပုံဖော်နိုင်ဖို့နဲ့ အမေရိကန်ရဲ့ တစ်ဗိုလ်တည်း ကမ္ဘာ့သြဇာကို ခိုင်မာစေဖို့အတွက် စစ်အင်အားသုံးဖို့ ဆုံးဖြတ်ခဲ့ကြတာပါ။ ဒီနေရာမှာ မလွှဲမရှောင်သာတဲ့စစ်ပွဲကို ရန်လိုကျူးကျော်မှုအပေါ် တရားဝင်ခုခံတုံ့ပြန်မှုအဖြစ် ရှုမြင်ကြပြီး ရွေးချယ်ပြီးတိုက်ရတဲ့စစ်ပွဲကိုတော့ ကြိုတင်ကာကွယ်တဲ့အနေနဲ့ လက်ဦးမှုရယူတိုက်ခိုက်တဲ့ စစ်ပွဲအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြပါတယ်။ သို့ပေမယ့်လည်း ဒီလိုမျိုး ဆွေးနွေးငြင်းခုံမှုတွေဟာ အမေရိကန်ပြည်တွင်းနိုင်ငံရေး အားပြိုင်မှုတွေအပေါ်မှာသာ အခြေခံနေတတ်လို့ အမြဲတမ်းစစ်မှန်တဲ့ နိုင်ငံတကာဥပဒေကြောင်းအရဆိုရင် လုံလောက်မှုမရှိခဲ့ပါဘူး။

တကယ်တော့ "တရားမျှတတဲ့ စစ်ပွဲ" (Just War) ဆိုတဲ့အယူအဆဟာ နိုင်ငံရေးအတွေးအခေါ်သမိုင်းမှာ ရာစုနှစ်များစွာကတည်းက တည်ရှိနေခဲ့တာပါ။ ဒါပေမဲ့ ၂၀ ရာစုအလယ်ပိုင်းမတိုင်မီအထိတော့ စစ်ပွဲတစ်ခုဟာ တရားမှုရှိသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ နိုင်ငံ့မူဝါဒတစ်ခုကို အကောင်အထည်ဖော်နေရတဲ့ သာမန်လက်နက်ကိရိယာ သို့မဟုတ် နိုင်ငံရေးကို အခြားနည်းလမ်းတစ်ခုနဲ့ ဆက်လက်လုပ်ဆောင်ခြင်းအဖြစ်သာ ကမ္ဘာတစ်ဝန်းက အလွယ်တကူ လက်ခံထားခဲ့ကြပါတယ်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားတဲ့ ၁၉၄၅ ခုနှစ်နောက်ပိုင်း ပေါ်ပေါက်လာတဲ့ လစ်ဘရယ်ကမ္ဘာ့အခင်းအကျင်းကြီးက စစ်ပွဲဖြစ်ပွားမှုကို တားဆီးဖို့နဲ့ စစ်ပွဲတွေကို ဥပဒေအရသာမက စံနှုန်းအတွေးအခေါ်ပိုင်းအရပါ ဘောင်ခတ်ဖို့ ကြိုးပမ်းခဲ့ပါတယ်။ ဒါဟာ ကမ္ဘာစစ်ကြီးနှစ်ခုစလုံးရဲ့ ကြောက်မက်ဖွယ်ရာ ပျက်စီးဆုံးရှုံးမှုတွေနဲ့ လူသားမျိုးနွယ်စုတစ်ရပ်လုံးကို ပြာချနိုင်လောက်တဲ့ အစုလိုက်အပြုံလိုက် သေစေနိုင်သော နျူကလီးယားလက်နက်တွေ ပေါ်ထွက်လာခြင်းအပေါ်မှာတုံ့ပြန်မှုတစ်ခုလည်း ဖြစ်ပါတယ်။

ဒီအခြေအနေကြောင့် ကမ္ဘာ့နိုင်ငံတွေကြားမှာ စစ်ရေးအရ အင်အားအသုံးပြုမှုကို တတ်နိုင်သမျှကန့်သတ်ဖို့ ပြင်းပြတဲ့ဆန္ဒတွေ ပေါ်ထွက်လာခဲ့တာပါ။ သို့ပေမယ့်လည်း လစ်ဘရယ်စနစ်ကြီးမှာ အကျပ်အတည်းဖြစ်ပေါ်စေတဲ့ အဓိကအကြောင်းရင်းတစ်ခုကတော့ ဒီလိုမျိုးစစ်အင်အားသုံးစွဲမှုကိုထိန်းချုပ်ကန့်သတ်ထားတဲ့ စံနှုန်းတွေကိုယ်တိုင် တိုက်စားခံလိုက်ရခြင်းဖြစ်ပါတယ်။ ဆိုဗီယက်ယူနီယံ ပြိုကွဲသွားပြီး နောက်ပိုင်းမှာ ကမ္ဘာ့အင်အားချိန်ခွင်လျှာ ပျောက်ဆုံးသွားပြီး အမေရိကန်နိုင်ငံနဲ့ အနောက်အုပ်စုတို့ဟာ ပြိုင်ဘက်ကင်းတဲ့ အင်အားကြီးနိုင်ငံတွေ ဖြစ်လာပါတယ်။

ဒီဖြစ်ရပ်က အနောက်ကမ္ဘာကို စိတ်ကြီးဝင်စေခဲ့ပြီး သူတို့ဟာ သမိုင်းရဲ့မှန်ကန်တဲ့ဘက်မှာ ရပ်တည်နေတယ်ဆိုတဲ့ ယုံကြည်ချက်ကို လွန်ကဲစွာဖြစ်ပေါ်စေခဲ့တာဖြစ်ပါတယ်၊ ထိုအခါ လူသားမျိုးနွယ်တစ်ရပ်လုံးကို သူတို့အလိုရှိတဲ့ပုံစံအတိုင်း ပုံသွင်းလိုတဲ့ စိတ်ဆန္ဒသစ်တွေ ပေါ်ထွက်လာပြီး ယင်းအတွက် လိုအပ်ရင် စစ်အင်အားကိုပင် အသုံးပြုဖို့ဝန်မလေးတော့တဲ့ အခြေအနေသို့ ရောက်ရှိလာခဲ့ပါတယ်။ လစ်ဘရယ်စံနှုန်းတွေအရ တိုးတက်မှုကို ဖော်ဆောင်နေတယ်လို့ယူဆရတဲ့ အင်အားကြီးနိုင်ငံတွေက အင်အားသုံးခြင်းကို တရားဝင်တယ်လို့ မှတ်ယူလာကြရာမှ စနစ်ကိုယ်တိုင်က ပျက်စီးခြင်းသို့ဦးတည်ခဲ့ရတာဖြစ်ပါတယ်၊

ယနေ့ခေတ်မှာ လစ်ဘရယ်စနစ်ဟာ ယိုယွင်းပျက်စီးသွားခဲ့ပြီဖြစ်ပေမယ့် နိုင်ငံတကာဆက်ဆံရေးမှာ စစ်အင်အားအသုံးပြုမှုကတော့ ပျောက်ကွယ်မသွားဘဲ ဆက်လက်တည်ရှိနေဆဲဖြစ်ပါတယ်၊ အရင်တုန်းကလိုပဲ မတည်မငြိမ်ဖြစ်နေတဲ့ နိုင်ငံတကာပတ်ဝန်းကျင်မှာ နိုင်ငံများစွာက ကိုယ့်အကျိုးအမြတ်နဲ့ ရပ်တည်ချက်ကို ရှာဖွေရာမှာအသုံးပြုတဲ့ ကိရိယာဟောင်းအဖြစ် စစ်ပွဲတွေဟာပြန်လည်အသက်ဝင်လာခဲ့ပါတယ်။ ဒါကြောင့် ခေတ်သစ်စစ်ပွဲတွေမှာ ရွေးချယ်မှုနဲ့ မလွှဲမရှောင်သာမှုကြားရှိစည်းကမ်းချက်တွေ တဖြည်းဖြည်းမှုန်ဝါးလာတာကို တွေ့ရမှာပါ။

စစ်ပွဲတစ်ပွဲဆင်နွှဲဖို့ဆိုတဲ့ဆုံးဖြတ်ချက်ဟာ အမြဲတမ်းပြောင်းလဲလာနေတဲ့ အခြေအနေတွေကို တွက်ချက်ခြင်းနဲ့ အုပ်ချုပ်သူအစိုးရတွေရဲ့နိုင်ငံရေးရွေးချယ်မှုအပေါ်မှာသာအခြေခံနေပါတယ်။ တချို့အခြေအနေတွေမှာတော့ နိုင်ငံ့ခေါင်းဆောင်တွေအနေနဲ့ သူတို့မှာ တခြားရွေးချယ်စရာလုံးဝမရှိတော့ဘူးလို့ ခံစားလာရခြင်းကြောင့်လည်း စစ်ပွဲတွေ ဖြစ်ပွားတတ်ပါတယ်။

ခေတ်သစ်စစ်ပွဲရဲ့ ထူးခြားတဲ့ ပဟေဠိကတော့ အကြွင်းမဲ့အောင်ပွဲ (Absolute Victory) ဆိုတာ မရှိလာတော့ခြင်းဘဲဖြစ်ပါတယ်။ စစ်ပွဲတစ်ခု ပြီးဆုံးသွားခြင်းဟာ ပဋိပက္ခကို အမြစ်ပြတ်ဖြေရှင်းလိုက်နိုင်ခြင်းမျိုးမဟုတ်ဘဲ ထိပ်တိုက်ရင်ဆိုင်မှုကို တခြားနည်းလမ်းတွေနဲ့ ဆက်လက်လုပ်ဆောင်မယ့် စစ်မရှိငြိမ်းချမ်းရေး အခြေအနေတစ်ခုကို တည်ဆောက်လိုက်ခြင်းသာဖြစ်ပါတယ်။

အဲဒီအခြေအနေဟာ ကာလရှည်ကြာတည်တံ့နိုင်ပေမယ့် စစ်ပွဲကိုဖြစ်ပွားစေခဲ့တဲ့ အရင်းခံအကြောင်းတရားတွေကိုတော့ ဘယ်သောအခါမှ ဖြေရှင်းပေးနိုင်ခြင်းမရှိပါဘူး။ ဒ့ါအပြင် ယနေ့ခေတ်ကမ္ဘာမှာ စွမ်းအားဟာ တစ်ဖက်သတ်မဟုတ်ဘဲ ဘက်စုံကဏ္ဍစုံ ဖြစ်လာပါတယ်၊ စစ်ဆင်နွှဲမှုပုံစံအသစ်တွေ၊ စီးပွားရေးဆက်ဆံရေးတွေကို လက်နက်သဖွယ် အသုံးချခြင်း၊ အချိုးမညီတဲ့တုံ့ပြန်မှုတွေအတွက် အရင်းအမြစ်တွေကို စုစည်းနိုင်စွမ်းရှိခြင်းနဲ့ ဘယ်လောက်ပဲ ပိတ်ဆို့အရေးယူထားပါစေ လုံခြုံစိတ်ချရတဲ့ပိတ်ဆို့မှုကို မလုပ်ဆောင်နိုင်ခြင်း အစရှိတဲ့အချက်တွေဟာ အင်အားချိန်ခွင်လျှာကို ပိုမိုရှုပ်ထွေးလာစေပြီး စစ်ရေးအရ အားနည်းတဲ့ဘက်ကို အကျိုးပြုစေတတ်ပါတယ်။

တစ်ဖက်မှာလည်း နိုင်ငံတကာစနစ်သစ်တစ်ခုပေါ်ထွက်လာရေး လုပ်ငန်းစဉ်ဟာ အလွန်ရှည်လျားပြီး ရှုပ်ထွေးလွန်းလှပါတယ်။ ဒီလုပ်ငန်းစဉ်ကို ပိုမိုကြန့်ကြာစေတဲ့ အဓိကအချက်က နျူကလီးယားလက်နက်တွေ တည်ရှိနေခြင်းဖြစ်ပြီး အဲဒီလက်နက်တွေဟာ ကမ္ဘာ့အင်အားကြီးနိုင်ငံတွေကြား ထိပ်တိုက်တွေ့ကာ အဆုံးအဖြတ်ပေးနိုင်မယ့် စစ်ပွဲကြီးများဖြစ်ပွားခြင်းကို ယနေ့တိုင် တားဆီးပေးထားတာဖြစ်ပါတယ်။ ဒါကြောင့် အင်အားကြီးနိုင်ငံတွေဟာ တိုက်ရိုက်မတိုက်ဝံ့ဘဲ ကြားခံစစ်ပွဲတွေနဲ့ ကာလရှည်ကြာတဲ့ အပြန်အလှန်အားပြိုင်မှုတွေကိုပဲ ရွေးချယ်နေကြရတာပါ။

ဒီလိုမျိုးကူးပြောင်းနေဆဲကာလမှာ စစ်အင်အားကို အသုံးပြုခြင်းဟာ ရေတိုအကျိုးအမြတ်ရရှိဖို့နဲ့ အနာဂတ်မှာ ပေါ်ထွက်လာမယ့် ကမ္ဘာ့စနစ်သစ်မှာ ကိုယ့်အတွက် ပိုမိုသာလွန်ကောင်းမွန်တဲ့ နေရာတစ်ခုကို ရယူနိုင်ဖို့အတွက်သာဖြစ်နေပါတယ်။

ဒီတွက်ချက်မှုတွေ မှန်ကန်ခြင်း ရှိ၊ မရှိကိုတော့ စစ်ပွဲပြီးဆုံးသွားတဲ့အခါမှသာ သိနိုင်မှာဖြစ်ပါတယ်။ အဲဒီအခါမှသာ စစ်ပွဲတစ်ခုဟာ အမှန်တကယ် မလွှဲမရှောင်သာလို့ တိုက်ခဲ့ရတာလား။ ဒါမှမဟုတ် စိတ်ကူးယဉ်ရွေးချယ်မှုကြောင့်လားဆိုတာကို ခွဲခြားနိုင်မှာဖြစ်ပါတယ်၊ နောက်ဆုံးအနေနဲ့သုံးသပ်ရရင် စစ်ပွဲတစ်ခုကို ဆင်နွှဲဖို့ ရွေးချယ်မှု သို့မဟုတ် မလွှဲမရှောင်သာမှုဆိုတာ ပြင်ပပတ်ဝန်းကျင်နဲ့ အခြေအနေတွေအပေါ်မှာပဲ မူတည်နေတာမျိုး မဟုတ်ပါဘူး။

နိုင်ငံတစ်နိုင်ငံချင်းစီရဲ့ သမိုင်းကြောင်းဆိုင်ရာ အမွေအနှစ်တွေ၊ မဟာဗျူဟာမြောက် ထုံးတမ်းစဉ်လာတွေ၊ သမိုင်းဝင်အတွေ့အကြုံတွေနဲ့ နိုင်ငံရေးယဉ်ကျေးမှုတွေအပေါ်မှာလည်း များစွာမူတည်နေတာဖြစ်ပါတယ်။ ဒါကြောင့် စစ်ပွဲကို ဘယ်နိုင်ငံက ဘယ်လိုရွေးချယ်သလဲဆိုတဲ့ မေးခွန်းဟာ အဲဒီနိုင်ငံရဲ့ နောက်ကွယ်ရှိ ယဉ်ကျေးမှုအခြေခံ ဘယ်လောက်ခိုင်မာသလဲဆိုတဲ့အချက်နဲ့ တိုက်ရိုက်သက်ဆိုင်နေပါတယ်။

ယနေ့ခေတ် မငြိမ်မသက်ဖြစ်မှုတွေနဲ့ ကမ္ဘာ့အကျပ်အတည်းတွေဟာ နိုင်ငံတွေနဲ့ ယဉ်ကျေးမှုစနစ်တွေကို ကြံ့ကြံ့ခံနိုင်ရည်ရှိ၊ မရှိ စမ်းသပ်နေတာသာဖြစ်ပါတယ်။ ဒါကြောင့် ခေတ်သစ်စစ်ပွဲရဲ့ ဆန်းကြယ်လှတဲ့ပဟေဠိကို ကောင်းမွန်မှန်ကန်စွာ နားလည်သဘောပေါက်ပြီး ကိုယ့်နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားကို လိမ္မာပါးနပ်စွာ ကာကွယ်နိုင်တဲ့ ယဉ်ကျေးမှုစနစ်တွေနဲ့ နိုင်ငံတော်တွေကသာလျှင် အနာဂတ်မှာ ပေါ်ထွက်လာမယ့် ကမ္ဘာ့စနစ်သစ်နဲ့ အခင်းအကျင်းသစ်မှာ ရေရှည်ရှင်သန်ရပ်တည်နိုင်မှာဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

**Ref: RT**

**ထက်မြတ်**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကြံလျာထားကေပြည့်မီအောင် စိုက်ပျိုးပြီးစီးပြီဖြစ်



ပွင့်ဖြူ ဇူလိုင် ၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကြံလျာထားကေပြည့်မီအောင် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်၌ ကြံရှစ်ဧေ စိုက်ပျိုးရန်လျာထားပြီး ဖွန်လမှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် လျာထားကေပြည့်မီအောင် စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ကြံရှစ်ဧေ စိုက်ပျိုးဖို့လျာထားခဲ့တာ လက်ရှိမှာ လျာထားကေပြည့်မီအောင် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ကြံစိုက်တောင်သူတွေကိုလည်း အထွက်နှုန်းနဲ့အရည်အသွေးကောင်းဖို့၊ စိုက်နည်းစနစ်မှန်ကန်စေဖို့ သွင်းအားစုတွေ စနစ်တကျသုံးစွဲနိုင်အောင် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ကြံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အထွက်နှုန်းတိုးတက်စေရေး၊ စိုက်နည်းစနစ်များမှန်ကန်စေရေး၊ သွင်းအားစုများ စနစ်တကျသုံးစွဲတတ်စေရေးနှင့် ပိုးမွှားရောဂါကင်းရှင်းရေး စသည့်အသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ကြံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းသုံးစွဲမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ဇီးကုန်းမြို့နယ်၌ အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင် ပြပွဲကျင်းပ

ဇီးကုန်း ဇူလိုင် ၆

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ်အခြေခံပညာအထက်တန်းကျောင်း(မြို့မ)၌ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဇူလိုင်လ ၆ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ တောအုပ်ကြီးဦးသိန်းဆိုင်က သစ်တောများအကြောင်း၊ သဘာဝပတ်ဝန်းကျင်အကြောင်း၊ ဇီဝမျိုးကွဲများအကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်းဖြင့် ရရှိနိုင်သောအကျိုးကျေးဇူးများကို ရှင်းလင်းဟောပြောသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာမာဦးက ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ပြည့်စုံစေရန်၊ လူမှုပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ပြီး လူတော်လူကောင်းများဖြစ်စေရန်၊ ကျောင်းစာအပြင် တခြားအကျိုးပြုစာပေများကို ဖတ်ရှုလေ့လာစေရန် အသိပညာပေးဟောပြောပြီး မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံဒေါ်မြင့်မြင့်ခင်က စားသုံးသူကာကွယ်ရေး ဥပဒေအကြောင်းနှင့် စားသုံးရန်မသင့်သော အစားအသောက်များအကြောင်းတို့ကို အသိပညာပေးဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်စာစောင်များနှင့်အသိပညာပေး နံရံကပ်စာစောင်များကို ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားဖတ်ရှုလေ့လာကြကြောင်း သိရသည်။ **တင့်ဆွေ(ပြန်/ဆက်)**

# ဘိုကလေးမြို့နယ်၌ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေး

ဘိုကလေး ဇူလိုင် ၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ဦးဆောင်၍ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇူလိုင်လ ၅ ရက်က ဘိုကလေးမြို့နယ် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျင်းပသည်။




ရှေးဦးစွာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးနိုင်းလိန်းဟုန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်က စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မင်း၊ ဘိုကလေးမြို့နယ် ခုတင်-၁၀၀ ဆေးရုံအုပ်ကြီး ဒေါက်တာရဲဝင်းထွန်း၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးရဲနိုင်၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးတင်ကိုကို၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထွန်းဇာနည်တို့က မူးယစ်ဆေးဝါး၏အဓိပ္ပာယ်၊ မူးယစ်ဆေးဝါး၏အုပ်စုများ၊ မူးယစ်ဆေးဝါးကြောင့် လူညွန့်တုံးခဲ့ရသည့်ဖြစ်ရပ်များ၊ မူးယစ်ဆေးဝါး၏ဆိုးကျိုးများ၊ မူးယစ်၏သားကောင်များမဖြစ်ပွားစေရေး ရှောင်ကြဉ်ရမည့်ကိစ္စရပ်များ၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သော ဥပဒေများ၊ ပြစ်မှု၊ ပြစ်ဒဏ်များကို အကျယ်တဝင့်ဆွေးနွေးကြသည်။ ထို့နောက် တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ ဦးဆောင်ဆွေးနွေးကြသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။

စကားဝိုင်းအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန် မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် အသိပညာပေးနံရံကပ်စာစောင်များ ခင်းကျင်းပြသကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**

# ကလိန်အောင်မြို့၌ ရှေးဦးပြုစုခြင်းအခြေခံသင်တန်း အမှတ်စဉ် (၂/ ၂၀၂၆) သင်တန်းဆင်း

ကလိန်အောင် ဇူလိုင် ၆

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကြက်ခြေနီအသင်းခွဲနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ရှေးဦးပြုစုခြင်း အခြေခံသင်တန်းအမှတ်စဉ် (၂/၂၀၂၆)သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင်လ ၆ ရက်တွင် ကလိန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကလိန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဒုတိယကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းထွေးက အဖွင့်အမှာစကားပြောကြားပြီး မြို့ပြည်သူ့ဆေးရုံကြီးမှ တာဝန်ခံဆရာဝန် ဒေါက်တာ ဦးထွန်းထွန်းအောင်၊ နယ်မြေမီးသတ်စခန်းမှ ဒုတိယဦးစီးမှူး ဦးမျိုးဆွေဦးနှင့် ရေဖြူမြို့နယ် ကြက်ခြေနီအသင်းခွဲ ဒုတိယတပ်ဖွဲ့မှူး ဦးထွန်းပြည့်အောင်တို့က အမှာစကားများပြောကြားကြသည်။ ဆက်လက်၍ မြို့ပြည်သူ့ဆေးရုံကြီးမှ တာဝန်ခံဆရာဝန် ဒေါက်တာ ဦးထွန်းထွန်းအောင်၊ နယ်မြေရဲစခန်းမှ ခေတ္တစခန်းမှူး ဒုတိယရဲအုပ် ဦးကျော်လင်း၊ နယ်မြေမီးသတ်စခန်း ဒုတိယဦးစီးမှူး ဦးမျိုးဆွေဦးနှင့်တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ကြပြီး သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။

အဆိုပါရှေးဦးပြုစုခြင်း အခြေခံသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၆၂ ဦးတက်ရောက်ကြပြီး နည်းပြဆရာသုံးဦးက ဇူလိုင်လ ၁ ရက်မှ ၅ ရက်အထိ ငါးရက်ကြာသင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

(၄၁၂)



# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း



**ယမန်နေ့မှအဆက်**

**အခန်း (၂)**

ခင်စိန်ကြည်နှင့် မစ္စက်ဘရောင်းလင်မယားတို့သည် မီးရထားရုံဝင်းရှိ ဆပ်ကပ်ပွဲကြီးသို့ရောက်ကြလျှင် ပထမတန်းလေးယောက်ထိုင်အခန်းတွင်းသို့ ဝင်ရောက်စောင့်ဆိုင်းထိုင်နေကြလေ၏။ မစ္စက်ဘရောင်းမှာ အစိုးရရှေ့နေကြီးဖြစ်၍ စီဗီလိုင်းအရပ်၊ ခင်စိန်ကြည်တို့၏အိမ်နှင့် မနီးမဝေးတွင် နေထိုင်လျက်ရှိရာ သားသမီးလည်း တစ်ယောက်မျှမရှိသည်နှင့် ဇနီးမောင်နှံနှစ်ဦးစလုံးပင် ခင်စိန်ကြည်အား သမီးကလေးကဲ့သို့ ချစ်ခင်ကြလေ၏။

၎င်းတို့သုံးဦးသားသည် မိမိတို့အခန်းတွင်းတွင် ထိုင်လျက်ရယ်မောပြောဆိုနေကြစဉ် ခင်စိန်ကြည်၏ဖခင် စစ်ကဲကြီး၏ညီတစ်ဝမ်းကွဲတော်စပ်သူ ဝတ်လုံတော်ရ ဦးသာဒင်၊ ဝတ်လုံကတော်ကြီးနှင့် မောင်တစ်ဝမ်းကွဲတော်စပ်သူ မောင်သက်ညွှန့်တို့သည် ဝင်လာကြလေ၏။

ခင်စိန်ကြည်တို့လည်း ထိုင်ရာမှထ၍ ဝတ်လုံကြီး၊ ဝတ်လုံကတော်တို့အား လက်ဆွဲနှုတ်ဆက်ပြီးသော် ၎င်းတို့လည်း အခန်းချင်းယှဉ်၍ကျနေသဖြင့် ခင်စိန်ကြည်သည် မိမိဦးလေး၊ အဒေါ်တို့ရှိရာအခန်းသို့ ခေတ္တသွားရောက်စကားပြောဆိုလျက်နေလေ၏။

မောင်သက်ညွှန့်မှာ ရန်ကုန်မြို့ (၃၉)လမ်းနေ ဓနဥစ္စာချမ်းသာကြွယ်ဝသဖြင့် တိုက်ငှားချ၍ စားသောက်သူ ဦးထွန်းသာ၏သားဖြစ်လေသည်။ ဦးထွန်းသာသည် ကြေးငွေအမြောက်အမြားပင် ချမ်းသာသော်လည်း လွန်စွာစေးနဲ့တွန့်တိုသဖြင့် မစားရက်၊ မသောက်ရက်၊ မလှူရက်၊ မတန်းရက်နှင့် နှစ်ပေါင်းများစွာ စုဆောင်းသိုမှီးလျက်နေလာခဲ့ရာ တစ်နေ့သ၌ ပလိပ်ကပ်ရောဂါဖိစီးနှိပ်စက်၍ သေဆုံးရှာရကား မောင်သက်ညွှန့်သည် တစ်ဦးတည်းသောသားဖြစ်သည့်အတွက် မိဘအမွေအနှစ်ကို ဆက်ခံရရှိလေကြောင်း။ သို့အတွက် ကောလိပ်ကျောင်းမှ ၁၀ တန်းအောင်သောအခါ ကျောင်းမှထွက်ပြီး မလုပ်မကိုင်ဘဲ အပျော်အပါးကို များစွာလိုက်စားလျက်နေထိုင်ခဲ့ရာ မန္တလေးမြို့သို့ အလည်လာခိုက်ဖြစ်သဖြင့် မိမိ၏အစ်မ ဝတ်လုံကတော်ကြီး၏အိမ်တွင် တည်းခိုလျက်ရှိလေ၏။

ဝတ်လုံတော်ရမင်း ဦးသာဒင်သည် စစ်ကဲကြီးနှင့် ညီအစ်ကိုတော်စပ်သည့်အပြင် အိမ်ချင်းလည်း မဝေးလှသော်လည်း မိမိ၏အစ်ကိုသည် အသုံးအစွဲအနေအထိုင် ဟန်ကြီးပန်ကြီးရှိသည်ဟု အောက်မေ့၍ များစွာအကျွမ်းတဝင်မရှိကြဘဲ အကြောင်းကိစ္စမရှိလျှင် တစ်ယောက်အိမ်သို့တစ်ယောက် သွားလာကူးသန်းခြင်းမရှိကြကုန်။

ဝတ်လုံကတော် မသိန်းရင်မှာ အရွယ် ၃၀ ကျော်ခန့်မျှရှိ၍ များစွာရုပ်ရည်မချောမောလှသော်လည်း ချောလိုလှလိုသော စိတ်သဘောအားကြီးလှသည်ဖြစ်၍ အဖိုးထိုက်တန်လှသော အဝတ်အစားတို့ကို ဝတ်ဆင်ပါသော်လည်း နဂိုရှိမှ 'နဂိုင်းထွက်သည်'ဆိုသည့်စကားအတိုင်း ကြည့်ပျော်ရုံမျှသာလျှင်ရှိကုန်၏။ ဤအကြောင်းကိုသိရှိရလျှင် မိမိထက် ရုပ်အင်္ဂါချောမောလှပသူ မိန်းကလေးတို့အား များစွာမနာလိုစိတ်ရှိရကား ဝတ်လုံကတော်ကြီးသည် မိမိ၏တူမ ခင်စိန်ကြည်အား များစွာမေတ္တာမရှိကုန်။

ခင်စိန်ကြည်လည်း ဦးလေး၊ အဒေါ်တို့ရှိရာအခန်းသို့ရောက်လျှင် ဝတ်လုံကတော်က–

"ခင်စိန်ကြည် ဖေဖေကော မပါဘူးလား'' ဟု မေးလျှင်–

ခင်စိန်ကြည်က "ဖေဖေ အိမ်မှာဧည့်သည်တစ်ယောက်ရောက်နေလို့ မလိုက်လာဘူး ဒေါ်ဒေါ်ရဲ့" ဟု ပြောလေ၏။

ဝတ်လုံကတော်ကြီးက "ခင်စိန်ကြည်တို့တော့ ဗိုလ်မိတ်ဆွေတွေပေါပါပေရဲ့၊ နေတာထိုင်တာကလည်း ဗိုလ်၊ ပေါင်းတဲ့သင်းတဲ့ဟာကလည်း ဗိုလ်၊ တော်တော်ကြာတော့သာ ဗိုလ်ကတော်ကလေးများဖြစ်နေဦးမယ်"ဟု မရယ်ချင့်ရယ်ချင် ရယ်လျက်ပြောလျှင် ခင်စိန်ကြည်က "ဖေဖေ၏မိတ်ဆွေဆိုတော့ ကျွန်မမိတ်ဆွေပေါ့ ဒေါ်ဒေါ်ရဲ့၊ ဗိုလ်နဲ့ပေါင်းလို့ ဗိုလ်ကတော်ဖြစ်ရမှာဖြင့် ဒေါ်ဒေါ်တို့လည်း ချစ်တီးတွေနဲ့ပေါင်းတာ သတိထားနော်" ဟု ပြုံးရယ်၍ပြောလိုက်လျှင်–

ဝတ်လုံကတော်သည် ရုတ်တရက်အမျက်ထွက်၍ ပြန်ပြောလိုက်မည်ပြုရာ ဝတ်လုံကြီးနဲ့ မျက်စိချင်းဆိုင်မိသဖြင့် ပြောမည့်စကားဆက်ကိုမပြောဘဲ "ဆပ်ကပ်လာတာတဲ့တော် တကတဲ ပွဲထိုင်များသွားရင် ဘာများဝတ်စရာရှိသေးတော့သလဲ" ဟု မိမိ၌ စိတ်မွန်လာသည်ကို ပြန်၍မကြည့်ဘဲပြောလိုက်ရာ –

ခင်စိန်ကြည်လည်း ဘာမျှပြန်မပြောဘဲ အဒေါ်၏ကိုယ်ကိုသာ ခြေဆုံးခေါင်းဆုံးကြည့်၍ ခပ်ပြုံးပြုံးမျက်နှာထားနှင့်နေလေ၏။

ဝတ်လုံကတော်ကြီးလည်း နောက်ထပ်၍ စကားချေရန်မရှိသဖြင့် မောင်သက်ညွှန့်ဘက်သို့လှည့်၍ "မမတို့တူမ ခင်စိန်ကြည်ဆိုတာ ဒီသူငယ်မကလေးပဲ" ဟု ပြောလိုက်လျှင် –

မောင်သက်ညွှန့်သည် မျက်နှာရွှင်ရွှင်ပျပျနှင့် မိမိ၏ကိုယ်ကို ခင်စိန်ကြည်ဘက်သို့ ညွတ်ကိုင်း၍ –

"ဒီကမမနဲ့ ကျွန်တော်နဲ့တော့ မောင်နှမတစ်ဝမ်းကွဲသာတော်ကြသော်လည်း ကျွန်တော့်မှာလည်း မောင်နှမအရင်းမရှိတော့ ကျွန်တော်တို့မှာ မောင်နှမအရင်းအချာလိုပဲ ချစ်ခင်မြတ်နိုး အားလည်းကိုးရပါတယ်၊ မမမှာ တူမတစ်ယောက်ရှိတယ်ဆိုတာ မမပြောလို့ ကြားသာကြားဖူးတယ်၊ ယခုမှပဲမြင်ရ၊ မြင်မြင်ချင်း မောင်နှမအရင်းလိုပဲ အောက်မေ့မိပါတယ်"

"ကျွန်တော့်မှာလည်း ယခု မန္တလေးမြို့၊ ခေတ္တအလည်လာ အသိအကျွမ်းအဆွေခင်ပွန်းလည်း အင်မတန်နည်းတော့ ကိုယ့်မမဆွေမျိုးဆိုလျှင် ကိုယ့်ဆွေကိုယ့်မျိုး ကိုယ့်နှမကလေးလို အောက်မေ့ပြီး အားထားပါရစေနှမရယ်"ဟုပြောလျှင်–

ခင်စိန်ကြည်သည် မောင်သက်ညွှန့်၏အမူအရာနှင့် မျက်နှာကဲကိုခတ်၍ "တယ်စကားများတဲ့ရန်ကုန်သားပါကလား" ဟု အောက်မေ့လျက် "မှန်လှပါ၊ နှမနှင့်ထိုက်တန်သလောက် အားကိုးရန်ရှိလျှင် အားကိုးပါတော့မောင်ကြီးရယ်"ဟု မန္တလေးသူတို့အမူအရာအတိုင်း မျက်နှာကိုခပ်ကြည်ကြည်ထား၍ လှောင်သလိုလိုနှင့် ပြန်ပြောလိုက်လျှင် –

"အောက်သူအစစ်ပေမယ့် ရွှေမြို့တော်ကြီးအနေကြာလို့ထင်ပါရဲ့၊ ပြောပုံကလေးများက ခပ်ထေ့ထေ့နဲ့တယ်ပြီးမန်းဆန်ပါပေတယ်" ဟု မောင်သက်ညွှန့်သည် အောက်မေ့ကာ ရယ်မောလျက် တခြားစကားလေး၊ ငါးခွန်း စသည်ဖြင့် ပြန်လှန်ပြောဆိုကြပြီးနောက် ဆပ်ကပ်ပွဲလည်းထွက်သဖြင့် ခင်စိန်ကြည်သည် မိမိနေရာသို့ ပြန်သွားလေ၏။

ခေတ္တမုန့်စားထွက်ရန် အားလပ်ချိန်ပေးသည့်အခိုက်တွင် အပြင်သို့ထွက်ကြရာ မောင်သက်ညွှန့်သည် ခင်စိန်ကြည်တို့နှင့် ရုံပြင်မှာတွေ့သဖြင့် ဆက်လက်၍ စကားပြောရန်အခွင့်ကြုံပြန်လျှင် မိမိစွမ်းအားရှိသလောက် သွယ်ဝိုက်မြှောက်ပင့် နားထောင်သူဘဝင်မြင့်အောင် အဆင်သင့်ကြံဖန်၍ပြောရာ အချိန်ကျသဖြင့် နေရာသို့ပြန်ကြသော်လည်း စကားမပြတ်သေးသည့်ဟန်နှင့် ခင်စိန်ကြည်တို့၏အခန်း၌ လပ်နေသည့် ကုလားထိုင်တစ်ခုတွင်ထိုင်လျက် မစ္စက်ဘရောင်းလင်မယားကိုလည်း မိတ်ဆွေဖွဲ့ပြီးလျှင် မိမိအခန်းသို့မပြန်ဘဲနေလေ၏။

ခင်စိန်ကြည်လည်း ဤမျှလောက် သာယာချိုအေးသောအသံဖြင့် နာပျော်ဖွယ်ရှိအောင်ပြောသည့်စကားတို့ကို မကြားရဖူးသည်နှင့် ရယ်ဖွယ်ပါလျှင်လည်း ပြုံးရယ်လျက် မောင်သက်ညွှန့်၏မျက်နှာကို တစ်ချက်တစ်ချက်ကြည့်၍ နားထောင်မိလေ၏။ ဝတ်လုံကတော်ကြီးလည်း မောင်သက်ညွှန့်ရှိရာသို့ ခဏခဏ မျက်စောင်းထိုးလျက် ကြည့်နေလေ၏။

**ဆက်လက်ဖော်ပြပါမည်။**

---

## တောင်ငူမြို့နယ်၌ စစ်တောင်းမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကျင်းပ



တောင်ငူ ဇူလိုင် ၆

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ်အတွင်း ငါးသယံဇာတ တိုးပွားလာစေရန်၊ ငါးရိက္ခာဖူလုံမှုရှိစေရန်နှင့် ဒေသရင်းငါးမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်မှုမှ ကာကွယ်နိုင်ရန်ရည်ရွယ်၍ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးဆောင်ပြီး စစ်တောင်းမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဇူလိုင်လ ၅ ရက်က စစ်တောင်းတံတားအနီး၌ ကျင်းပသည်။

ထိုသို့ ငါးမျိုးစိုက်ထည့်ရာတွင် စစ်တောင်းမြစ်ရေပြင်အတွင်းသို့ နှစ်လက်မအရွယ် ရွှေဝါငါးကြင်းသားပေါက်အကောင် ငါးသောင်း၊ ငါးမြစ်ချင်းသားပေါက်အကောင် တစ်သိန်း၊ ငါးခုံးမကြီးသားပေါက်အကောင် ငါးသောင်း စုစုပေါင်း ငါးသားပေါက်အကောင် နှစ်သိန်းကို ငါးမျိုးစိုက်ထည့်ပေးသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ တောင်ငူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့်ကော်မတီဝင်များ၊ ခရိုင်/မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်မှုကော်မတီဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဦးနှင့်ဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်နှင့်ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

---

## ရေးမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်လှစ်

ရေး ဇူလိုင် ၆

မွန်ပြည်နယ်ဥပဒေချုပ်ရုံး၏ ကြီးကြပ်မှုဖြင့် ရေးမြို့နယ်ဥပဒေရုံးမှ ရေးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT) ကို ဇူလိုင်လ ၆ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် ရေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တအုပ်ချုပ်ရေးမှူး သူရဦးရန်နိုင်ဦးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဥပဒေအရာရှိ ဦးမင်းထိုက်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းတွင်ပို့ချမည့် ဥပဒေနှင့်ပတ်သက်သောအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး သူရဦးရန်နိုင်ဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မျိုးနိုင်နှင့် ကော်မတီဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသင်တန်းတွင် သင်တန်းသား ၃၂ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ဇူလိုင်လ ၆ ရက်မှ ၉ ရက်အထိဖြစ်ကြောင်း သိရသည်။ **ရှင်းသန့်ဖြူ**

# ဆေးဖက်ဝင်ကုလားပဲအကြောင်း သိကောင်းစရာများ

ဒေါက်တာလပြည့်ခင်

ကုလားပဲသည် ပရိုတင်းနှင့် အမျှင်ဓာတ်ကြွယ်ဝပြီး ကျန်းမာရေးကို များစွာအထောက်အကူပြုသည်။ ကုလားပဲသည် အစာချေဖျက်ခြင်း ထက် သာလွန်ကောင်းမွန်သောကျန်းမာရေးအကျိုးကျေးဇူးများစွာကို ပေးစွမ်းနိုင်သော အာဟာရဓာတ်တစ်ခုလည်းဖြစ်သည်။

**ကုလားပဲစားသုံးမှုပုံစံ**

ကုလားပဲသည် အာဟာရတန်ဖိုးစုံလင်သည့်အပြင် တန်ဖိုးသင့် ဟင်းလျာအဖြစ် အရသာအမျိုးမျိုးပြုလုပ်စားသုံးနိုင်သည်။ ကုလားပဲကို ပဲကပ်ကြော်ကြော်စားခြင်း၊ သီးစုံပဲကုလားဟင်းချက်စားခြင်း၊ ကုလား ပဲကို အသီးအရွက်မျိုးစုံနှင့် ဟင်းခတ်အမွှေးအကြိုင်များနှင့်တွဲဖက်ကာ သုပ်စားခြင်း၊ ကုလားပဲ၊ တာဟီနီ၊ သံပရာရည်နှင့် ကြက်သွန်ဖြူတို့ကို ရောစပ်၍ Hummus အနှစ်လုပ်စားခြင်း၊ ဟင်းချိုများနှင့် စွပ်ပြုတ်များ တွင် အရသာနှင့် အာဟာရဖြစ်စေရန် ကုလားပဲကို ပေါင်းစပ်ချက်ပြုတ် ခြင်း၊ ပြုတ်ထားသောကုလားပဲများကို သံလွင်ဆီ၊ ဆား၊ Paprika သို့မဟုတ် ဇီရာကဲ့သို့ ဟင်းခတ်အမွှေးအကြိုင်များဖြူး၍ ကြွပ်လာသည် အထိ မီးဖိုခြောက်စားခြင်း စသည်ဖြင့် အမျိုးမျိုးပြုလုပ် စားသောက်နိုင် သည်။ အသားမစားသူများအနေဖြင့်လည်း ကုလားပဲကို စားသုံးခြင်းဖြင့် အသားဓာတ်အပြည့်အဝရရှိစေမည်ဖြစ်သည်။

**ကုလားပဲတွင်ပါဝင်သောအာဟာရဓာတ်များ**

ကုလားပဲတွင် ဖောလိတ်၊ သံဓာတ်၊ မဂ္ဂနီဆီယမ်နှင့် ဖော့စဖရပ်စ်တို့ အပါအဝင် ဗီတာမင်နှင့်သတ္တုဓာတ်များ၏ အရင်းအမြစ်ကောင်းတစ်ခု ဖြစ်ပြီး မရှိမဖြစ်လိုအပ်သော တခြားအာဟာရဓာတ်များပါဝင်သည်။ အဆိုပါအာဟာရဓာတ်များသည် သွေးနီဥများထုတ်လုပ်ခြင်း၊ အရိုး ကျန်းမာရေးကိုထိန်းသိမ်းခြင်းနှင့် စွမ်းအင်ထုတ်လုပ်ခြင်းစသည့် အမျိုး မျိုးသောခန္ဓာကိုယ်လုပ်ငန်းဆောင်တာများအတွက် အကျိုးပြုသည်။ ထို့ပြင် ပရိုတင်းဓာတ်ပါဝင်မှုမြင့်မားသောကုလားပဲသည် သက်သတ် လွတ်စားသူများအတွက် အကောင်းဆုံးရွေးချယ်မှုဖြစ်စေပြီး ကြွက်သား ပြုပြင်ခြင်းနှင့် ကြီးထွားဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်စေနိုင်သော ပရိုတင်းအစားထိုးအရင်းအမြစ်ကို ပံ့ပိုးပေးသည်။

**ကုလားပဲ၏ ကျန်းမာရေးအကျိုးကျေးဇူးများ**

ကုလားပဲသည် ကိုယ်ခံအားစနစ်ကို ကောင်းမွန်စေပြီး ခန္ဓာကိုယ် ကို စွမ်းအင်နှင့် ပြည့်စေသည်။ အရေပြားရောဂါများကို ကုသရာတွင် အထောက်အကူပြုသည်။ ခါးနာခြင်းကို သက်သာစေပြီး ကြွက်တက်ခြင်း မှ ကာကွယ်ပေးသည်။ ဦးနှောက်လုပ်ဆောင်မှုကို အားကောင်းစေပြီး ဆီလီနီယမ်ကြောင့် ခန္ဓာကိုယ်ကို ပြန်လည်နုပျိုစေသည်။ သွေးဖုံး ရောင်ခြင်း၏လက္ခဏာများကို လျှော့ချပေးသည်။ မျက်စိရောဂါများ အတွက် အထူးသဖြင့် မျက်စိအတွင်းတိမ်ရောဂါကာကွယ်ဆေးအဖြစ် အသုံးပြုနိုင်သည်။ ပရိုတင်း၊ သံဓာတ်နှင့်ကယ်လ်စီယမ်တို့ ကြွယ်ဝစွာ ပါဝင်သောကြောင့် ဆံသားကျန်းမာရေးကို ကောင်းမွန်စေသည်။

**အစာကြေစေနိုင်သောကုလားပဲ**

လူတစ်ယောက်ကျန်းမာစေရန် အစာကြေညက်မှုရှိရန်လိုသည်။ အစာအိမ်နှင့်အူလမ်းကြောင်းကျန်းမာနေမည်ဆိုပါက ခန္ဓာကိုယ်က လည်း ကျန်းမာနေမည်ဖြစ်သည်။ ကုလားပဲတွင် အမျှင်ဓာတ်ကြွယ်ဝစွာ ပါဝင်သောကြောင့် ခန္ဓာကိုယ်အတွက် လိုအပ်သည့်အာဟာရဓာတ်များ စုပ်ယူနိုင်အောင် လုပ်ဆောင်ပေးသည့် အူမကြီးကိုကျန်းမာစေပြီး ဝမ်းပျော့ပျော့သွားအောင် လုပ်ဆောင်ပေးသည်။

**သွေးတွင်းသကြားဓာတ်ကိုထိန်းညှိပေးသောကုလားပဲ**

ကုလားပဲတွင်ပါဝင်သည့် အမျှင်ဓာတ်နှင့် ပရိုတင်းဓာတ်ပေါင်းစပ်မှု က သွေးတွင်းသကြားဓာတ်ပမာဏကို ထိန်းညှိရာတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်သည်။ ကုလားပဲကဲ့သို့ Glycemic အညွှန်းကိန်းနိမ့် သောအစားအစာများသည် သွေးကြောထဲသို့ ဂလူးကို့စ်များ ပိုမိုနှေးကွေး ပြီး တစ်သမတ်တည်းထွက်လာခြင်းကို ထိန်းချုပ်ပေးသည်။ ကုလားပဲ သည် သွေးတွင်းသကြားဓာတ်တိုးလာသည့်လက္ခဏာကို တားဆီးပေး သောကြောင့် သွေးတွင်းသကြားဓာတ်ပမာဏကို ထိန်းညှိလိုသူများ အနေဖြင့် ပုံမှန်စားသုံးသင့်သည်။

**ဆီးချိုရောဂါကာကွယ်ပေးနိုင်သောကုလားပဲ**

ကုလားပဲသည် လူတိုင်းအတွက်အရေးပါသည့် သွေးတွင်းအချိုဓာတ် ကိုထိန်းညှိပေးပြီး ခန္ဓာကိုယ်အတွက် လိုအပ်သည့်အာဟာရဓာတ်ကို ဖြည့်တင်းပေးနိုင်သောကြောင့် ဆီးချိုရောဂါဝေဒနာရှင်များအတွက် ပိုမိုအရေးပါသည်။ ကုလားပဲက သွေးတွင်းသကြားဓာတ်ကိုထိန်းညှိပေး ပြီး အင်ဆူလင်ထုတ်လုပ်မှုကို ကောင်းမွန်စေနိုင်သောကြောင့် ဆီးချို မဖြစ်အောင် ကာကွယ်ပေးနိုင်ခြင်းဖြစ်သည်။။ ဆီးချိုနှင့်ဆက်စပ်သော နောက်ဆက်တွဲပြဿနာများဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည်။

**ကိုယ်အလေးချိန်လျှော့ချပေးနိုင်သော ကုလားပဲ**

ကုလားပဲ၏အာဟာရသည် ပြည့်ဝပြီး စိတ်ကျေနပ်မှုကို ထိန်းသိမ်း ပေးခြင်းဖြင့် မလိုအပ်သောသရေစာများနှင့် အလွန်အကျွံစားခြင်းကို လျှော့ချပေးသောကြောင့် ကုလားပဲသည် ကိုယ်အလေးချိန်လျှော့ချပေး နိုင်သော အစားအစာတစ်ခုဖြစ်သည်။ ကုလားပဲတွင် အမျှင်ဓာတ်နှင့် ပရိုတင်းဓာတ်များ မြင့်မားစွာပါဝင်သောကြောင့် အစာစားပြီးပြီးချင်း ပိုမိုကြာရှည်စွာပြည့်ဝသည့်ခံစားချက်ကို ရရှိစေသောကြောင့် အစာစား ချင်စိတ်ကို ထိန်းညှိပေးပြီး ကိုယ်အလေးချိန်ထိန်းညှိရာတွင် ကူညီပေး သည်။

> **"ကုလားပဲသည် ကိုယ်ခံအားစနစ်ကို ကောင်းမွန်စေပြီး ခန္ဓာကိုယ်ကို စွမ်းအင်နှင့်ပြည့်စေသည်။ အရေပြားရောဂါများကို ကုသရာတွင် အထောက်အကူပြုသည်။ ခါးနာခြင်းကိုသက်သာစေပြီး ကြွက်တက်ခြင်းမှ ကာကွယ်ပေးသည်။ ဦးနှောက်လုပ်ဆောင်မှုကို အားကောင်းစေပြီး ဆီလီနီယမ်ကြောင့် ခန္ဓာကိုယ်ကို ပြန်လည်နုပျိုစေသည်။ သွားဖုံးရောင်ခြင်း၏လက္ခဏာများကို လျှော့ချပေးသည်။ မျက်စိရောဂါများအတွက် အထူးသဖြင့် မျက်စိအတွင်းတိမ်ရောဂါကာကွယ်ဆေးအဖြစ် အသုံးပြုနိုင်သည်။ ပရိုတင်း၊ သံဓာတ်နှင့်ကယ်လ်စီယမ်တို့ကြွယ်ဝစွာပါဝင်သောကြောင့် ဆံသားကျန်းမာရေးကို ကောင်းမွန်စေ . . ."**

**အနာကျက်မြန်စေသောကုလားပဲ**

ကုလားပဲတွင် ပရိုတင်းပါဝင်မှုများသောကြောင့် အသားဓာတ်ရရှိစေ နိုင်မည့် အစားအစာတစ်ခုဖြစ်သည်။ ကုလားပဲတွင် ခန္ဓာကိုယ်ကြီးထွား ဖွံ့ဖြိုးရန်အတွက် လိုအပ်သည့်ပရိုတင်းဓာတ်များ အပြည့်အဝပါဝင်နေ သောကြောင့် အနာကျက်မြန်စေသည်။

**နာတာရှည်ရောဂါများကို ကာကွယ်ပေးသောကုလားပဲ**

ကုလားပဲတွင်ပါဝင်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် ရောင်ရမ်းမှုနှင့် Oxidative Stress များကို လျှော့ချပေးနိုင်ပြီး ဖရီးရယ်ဒီ ကယ်များကိုချေဖျက်ခြင်းဖြင့် ဆဲလ်များပျက်စီးခြင်းမှ ကာကွယ်ပေးပြီး နာတာရှည်ရောဂါများဖြစ်သည့် နှလုံး၊ ဆီးချိုနှင့် ကင်ဆာရောဂါများ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးသည်။

**ဓာတ်တိုးဆန့်ကျင်အာနိသင်ရှိသောကုလားပဲ**

ကုလားပဲတွင်ပါဝင်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် ကင်ဆာ ရောဂါ၊ နှလုံးရောဂါနှင့် အာရုံကြောဆိုင်ရာချို့ယွင်းသည့်ရောဂါများဖြစ် စေနိုင်သော ကိုယ်တွင်းမှဖရီးရယ်ဒီကယ်များကို ဖယ်ရှားပေးနိုင်သော ကြောင့် ဆဲလ်များကို ကျန်းမာစေနိုင်ပြီး အဆိုပါနာတာရှည်ရောဂါများ မဖြစ်စေရန် ကာကွယ်ပေးသည်။ ကုလားပဲတွင်ပါဝင်သည့် Butyrate ဟုခေါ်သည့် Fatty Acid က အူမကြီးဆဲလ်များ၏ရောင်ရမ်းမှုကို လျှော့ချပေးပြီး အူမကြီးကင်ဆာဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည်။

**အရိုးသန်မာစေနိုင်သောကုလားပဲ**

ကုလားပဲတွင် အရိုးများကိုကြံ့ခိုင်သန်စွမ်းစေနိုင်သော သံဓာတ်၊ ဖော့ စဖရပ်စ်၊ မဂ္ဂနီဆီယမ်နှင့် ဇင့်ဓာတ်တို့ပါဝင်နေသည့်အပြင် တခြားဗီတာ မင်များနှင့် အသက်အရွယ်အရဖြစ်တတ်သည့် အရိုးပွခြင်းမဖြစ်အောင် ကာကွယ်ပေးနိုင်သော သတ္တုဓာတ်များလည်းပါဝင်သည်။

**အမျိုးသမီးများနှင့်ကလေးများအတွက် ကောင်းမွန်သောကုလားပဲ**

ကုလားပဲတွင် ဖောလိတ်ဓာတ်ပါဝင်နေသောကြောင့် ကိုယ်ဝန်ဆောင် များ ကုလားပဲကိုစားသုံးပေးမည်ဆိုပါက မွေးရာပါချို့ယွင်းချက်မရှိ သည့်ကလေး မွေးဖွားလာမည်ဖြစ်သည်။ ကုလားပဲသည် အမျိုးသမီးများ ၏ခန္ဓာကိုယ်ကို ဟေမိုဂလိုဘင်အားဖြည့်ပေးခြင်း၊ သံဓာတ်ကိုစုပ်ယူ ပေးခြင်းနှင့် နို့တိုက်မိခင်များအတွက် နို့ရည်ထုတ်ခြင်းတို့ကို တိုးတက်



ကောင်းမွန်စေသည်။

**နှလုံးကျန်းမာရေးကိုထိန်းသိမ်းပေးသောကုလားပဲ**

ကုလားပဲတွင် အမျှင်ဓာတ်နှင့် Omega–3 Fatty Acid ကြွယ်ဝစွာ ပါဝင်သောကြောင့် နှလုံးသွေးကြောကျဉ်းခြင်း၊ ရုတ်တရက်နှလုံးရပ်ခြင်း၊ လေဖြတ်ခြင်းများမဖြစ်စေရန် ကာကွယ်ပေးနိုင်သည်။ အမျှင်ဓာတ်က သွေးတွင်းကိုလက်စထရောကိုကျဆင်းစေသဖြင့် နှလုံးကျန်းမာရေးကို အထောက်အကူပြုသည်။ ကုလားပဲတွင်ပါဝင်သော အာဟာရများသည် ကိုလက်စထရောပမာဏကိုထိန်းညှိပေးပြီး နှလုံးလုပ်ဆောင်ချက်ကို မှန်ကန်စေရန် ထိန်းသိမ်းပေးသည်။ ထို့ပြင် ကုလားပဲတွင်ပါဝင်သော မဂ္ဂနီဆီယမ်နှင့် ပိုတက်ဆီယမ်ဓာတ်များသည် နှလုံးကျန်းမာရေးအတွက် အရေးပါသည့်အရင်းအမြစ်ကောင်းတစ်ခုဖြစ်သည်။ မဂ္ဂနီဆီယမ်သည် နှလုံးခုန်နှုန်းကိုတည်ငြိမ်စေရန် ကူညီပေးပြီး ပိုတက်ဆီယမ်သည် ခန္ဓာ ကိုယ်အတွင်းရှိ ဆိုဒီယမ်ပမာဏကို ထိန်းညှိပေးပြီး သွေးဖိအားကို ထိန်းညှိပေးခြင်းဖြင့် နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သော ကြောင့် နှလုံးကျန်းမာရန်နှင့် ခန္ဓာကိုယ်တွင်းရောင်ရမ်းမှုများ သက်သာ စေရန် ကုလားပဲကို စားသုံးပေးသင့်သည်။

**အရေပြားအတွက်အထောက်အကူပြုသောကုလားပဲ**

ကုလားပဲတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ၊ ဗီတာမင်–C နှင့် ဗီတာမင်–E တို့ပါဝင်ပြီး ဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် အရေပြား ဆဲလ်များကို ဖရီးရယ်ဒီကယ်များကြောင့် ပျက်စီးခြင်းမှကာကွယ်ပေးပြီး အသားအရေကိုထိန်းသိမ်းပေးနိုင်သည်။ မတည်ငြိမ်သောမော်လီကျူး များသည် Oxidative Stress ကိုဖြစ်စေပြီး အရေးအကြောင်းများနှင့် အမည်းစက်များကဲ့သို့ အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်းနှင့် အရေပြား ပြဿနာများဖြစ်ပွားစေသည်။ အဆိုပါပြဿနာများကို နေ့စဉ်အစား အစာတွင် ကော်လာဂျင်ပမာဏလုံလောက်စွာပါဝင်သော ဗီတာမင်–C နှင့်ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်သည့် ကုလားပဲကို ထည့်သွင်း စားသုံးခြင်းဖြင့် အရေပြား၏တည်ဆောက်ပုံဆိုင်ရာကြံ့ခိုင်မှုနှင့် အိုမင်း ရင့်ရော်မှုကို ခံနိုင်ရည်ရှိစေရန် ထောက်ပံ့ပေးပြီး အသားအရေအတွက် အကျိုးရှိစေသည်။

ကုလားပဲသည် လူတစ်ဦးအတွက် နေ့စဉ်လိုအပ်သောပရိုတင်း၊ အမိုင်နိုအက်စစ်နှင့် ကာဗိုဟိုက်ဒရိတ်များကြွယ်ဝပြီး ကျန်းမာရေးအကျိုး ကျေးဇူးများစွာကို ပေးစွမ်းနိုင်သည့် စွယ်စုံရအာဟာရရှိသော ပဲတစ်မျိုး ဖြစ်သည်။ ကျန်းမာရေးအတွက်လည်း များစွာအထောက်အကူပြုခြင်း၊ နှလုံးကိုကျန်းမာစေနိုင်ခြင်း၊ အစာကြေညက်စေနိုင်ခြင်း၊ အရိုးများကို သန်မာစေခြင်း၊ နာတာရှည်ဝေဒနာများမဖြစ်စေရန် ကာကွယ်ပေးနိုင် ခြင်း၊ ကုလားပဲတွင် စိတ်ဖိစီးမှုကို တိုက်ဖျက်ပေးပြီး အလုံးစုံကျန်းမာ ရေးကိုအထောက်အကူပြုသည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများစွာပါဝင် သောကြောင့် အစာခြေလမ်းကြောင်းကျန်းမာစေခြင်း၊ ကိုယ်အလေး ချိန်လျှော့ချနိုင်ခြင်း၊ ကျန်းမာသောအသားအရေနှင့် နှလုံးကျန်းမာရေး ကိုမြှင့်တင်ပေးခြင်း၊ ကျန်းမာသောအူလမ်းကြောင်းရှိ ဗက်တီးရီးယား များကို မြှင့်တင်ပေးပြီး ဝမ်းမှန်စေခြင်းတို့ကြောင့် ကုလားပဲကို နေ့စဉ် ဟင်းလျာအဖြစ်ဖြစ်စေ၊ အဆာပြေဖြစ်စေ ချက်ပြုတ်ပြီး စားသုံးပေး လျှင် ခန္ဓာကိုယ်အတွက် ဘေးဥပဒ်မရှိဘဲ အလွန်အကျိုးပြုသောအစား အစာတစ်ခုဖြစ်ကြောင်းနှင့် ကျန်းမာသန်စွမ်းသည့်ရင်သွေးများ မွေးဖွား လိုသည့် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကုလားပဲစားသင့်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ဘယ်လာရုစ်နိုင်ငံသားတစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့



ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် ဘယ်လာရုစ်နိုင်ငံသားတစ်ဦးအား ပြည်နှင်နိုင်ရေး စစ်ဆေးဆောင်ရွက်စဉ်။

နေပြည်တော် ဇူလိုင် ၆

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် ဘယ်လာရုစ်နိုင်ငံသားတစ်ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ဘယ်လာရုစ်နိုင်ငံသားကို သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၆ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၃၁ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၆၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပါသည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆၈ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၅၀၆ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

---

➢ **စားပွဲတင်တင်းနစ်မှ**

ကျင်းပရာ ပြိုင်ပွဲဝင်ကစားသမား ၁၅၀ ကျော်ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက တိုင်းဒေသကြီးနှင့်ပြည်နယ် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ကျင်းပပေးခြင်းဖြင့် ပြည်သူတစ်ရပ်လုံး အားကစားကိုစိတ်ဝင်စားလာပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ စားပွဲတင်တင်းနစ်အားကစားသမားများ တွေ့ဆုံယှဉ်ပြိုင်ကြသည့်အတွက် အားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိကာ မျိုးဆက်သစ်လူငယ်စားပွဲတင်တင်းနစ်အားကစားသမားများ ပေါ်ထွက်လာစေမည်ဖြစ်ကြောင်း၊ စားပွဲတင်တင်းနစ်အားကစားနည်းကို နိုင်ငံအနှံ့ကျယ်ကျယ်ပြန့်ပြန့်လှုပ်ရှားကစားလာစေခြင်းဖြင့် စားပွဲတင်တင်းနစ်အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်းနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်မှ နိုင်ငံတော်က အားထားရသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားကောင်းများဖြစ်လာစေရန် ကြိုးစားကြစေလိုကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့်တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘင်ခရာအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

အဆိုပါ ၂၀၂၆ ခုနှစ်တိုင်းဒေသကြီးနှင့်ပြည်နယ်စားပွဲတင်တင်းနစ်ပြိုင်ပွဲကို တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်ရည်ရွယ်ကာ ၂၀၂၆ ခုနှစ် ဇူလိုင်လ ၆ ရက်မှ ၁၀ ရက်အထိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၃ သင်း၊ အမျိုးသမီးအသင်း ၁၂ သင်းနှင့် ပြိုင်ပွဲဝင်ကစားသမား ၁၅၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ စားပွဲတင်တင်းနစ်အားကစားဝါသနာရှင်များအနေဖြင့် မည်သူမဆို**အခမဲ့**လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ဝန်းရံခ**

---

❖ **ကျောဖုံးမှအဆက်**

အနိုင်ယူပြီး အမှတ်ပေးဇယားတွင် ဆက်လက်ဦးဆောင်လျက်ရှိသည်။

အားကစားနှင့်ကာယပညာသိပ္ပံအသင်းသည် ဝါရင့်အသင်းကြီးပီပီ တိုက်စစ်အားမချဘဲ ပြိုင်ဘက်ကိုဖိအားပေးကစားလာခဲ့ရာ ပွဲကစားချိန် ၁၅ မိနစ်အရောက်တွင် တိုက်စစ်မှူးလင်းမြင့်မိုရ်သည် နောက်တန်းနှင့်ဂိုးသမားကိုလိမ်ခေါက်ကာ ဦးဆောင်ဂိုးကို သွင်းယူသွားသည်။ ဦးဆောင်ဂိုးခွင့်ပြုရပြီးနောက် ရန်ကုန်ယူနိုက်တက်အသင်း ချေပဂိုးရရှိရေးကြိုးစားခဲ့သော်လည်း အရာမထင်ဘဲ အားကစားနှင့်ကာယပညာသိပ္ပံအသင်း၏ဦးဆောင်မှုအောက်တွင်သာရှုန်းကန်နေရပြီး ပွဲကစားချိန်မိနစ် ၄၀ တွင် ဒုတိယဦးဆောင်ဂိုးကို မီမီဇင်က ထပ်မံသွင်းယူခဲ့သည့်အတွက် ပထမပိုင်းတွင် အားကစားနှင့်ကာယပညာသိပ္ပံအသင်းက ၂ ဂိုး ဂိုးမရှိဖြင့် ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်းပြန်စသည်နှင့် ရန်ကုန်ယူနိုက်တက်အသင်း ချေပဂိုးရရှိရေး လူစားလဲလှယ်မှုများပြုလုပ်ပြီး အကောင်းဆုံးယှဉ်ပြိုင်ခဲ့သလို သေချာသည့်နိုင်ပွဲဖြစ်စေရန် အားကစားနှင့်ကာယပညာသိပ္ပံအသင်းသည်လည်း ဂိုးထပ်မံရရှိရေး အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသော်လည်း ပထမပိုင်းဂိုးရလဒ်ဖြင့်ပင် ပြိုင်ပွဲပြီးဆုံးသွားခဲ့ကြောင်း သိရသည်။

**ဝန်းရံခ**

---

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

---

# အမျိုးသမီးငယ်ကို တရုတ်ဇနီးမယားအဖြစ် တရုတ်နိုင်ငံသို့ ပို့ဆောင်၍ ငွေကြေးအကျိုးအမြတ်အား ခေါင်းပုံဖြတ်ရယူရန်ဆောင်ရွက်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇူလိုင် ၆

အမျိုးသမီးငယ်ကို တရုတ်ဇနီးမယားအဖြစ် တရုတ်နိုင်ငံသို့ပို့ဆောင်၍ ငွေကြေးအကျိုးအမြတ်အား ခေါင်းပုံဖြတ်ရယူရန် ဆောင်ရွက်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နေ မ----(၂၈)နှစ်သည် လှိုင်သာယာအထည်ချုပ်စက်ရုံတွင် အလုပ်လုပ်ကိုင်နေစဉ် ငွေကြေးအဆင်မပြေသဖြင့် ခင်မင်ရင်းနှီးသူ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်(၁၀)ရပ်ကွက်နေ မဆုလတ်(ခ) ကေကေမိုးထံ အလုပ်ရှာပေးရန် အကူအညီတောင်းခံခဲ့ရာ တရုတ်ဇနီးမယားလုပ်ကိုင်ပါက ငွေကျပ်သိန်း ၈၀ ပေးမည်၊ တရားဝင်သွားရောက်ရမည်၊ မိဘများထံလာရောက်တောင်းယူပြီးပါက ငွေများပေးမည်၊ ခြောက်လပေါင်းသင်းရမည်ဟု စည်းရုံးပြောဆိုခဲ့ရာ အမျိုးသမီးငယ်က သဘောတူခဲ့ကြောင်း၊ ထို့နောက် မဆုလတ်(ခ)ကေကေမိုးက အမျိုးသမီးငယ်အား မန္တလေးမြို့သို့ရောက်ရှိနေသည့် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ မဂူ(၂)ရပ်ကွက်နေ ပြည့်ဖြိုးကျော်ဆိုသူနှင့် တွေ့ဆုံပေးရန် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ခေါ်ဆောင်ကာ ကားဝင်းအတွင်းရှိ လက်ဖက်ရည်ဆိုင်တွင် တွေ့ဆုံပေးခဲ့ကြောင်း။

ပြည့်ဖြိုးကျော်က အမျိုးသမီးငယ်အား Golden Roc တည်းခိုခန်းသို့ ပို့ဆောင်ကာ ငွေကျပ် ၅ သိန်းကို Wave Money မှတစ်ဆင့် လွှဲပေးခဲ့ကြောင်း၊ အမျိုးသမီးငယ်အား တစ်ပတ်ကတ်ဖြင့် တရုတ်နိုင်ငံသို့သွားရောက်ပြီး တရုတ်ကောင်လေးနှင့်အတူ နေထိုင်ရန်နှင့် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိပါက ပတ်စ်ပို့ပြုလုပ်၍ ထပ်မံသွားရောက်ရမည်ဖြစ်ကြောင်းပြောဆိုခဲ့ရာ တစ်ပတ်ကတ်ဖြင့်သွားရောက်ပါက အဖမ်းအဆီးများ၍ မသွားလိုသောကြောင့် ပတ်စ်ပို့ဖြင့်သွားရောက်ရန် တည်းခိုခန်းတွင် စောင့်ဆိုင်းနေခဲ့ကြောင်း စိစစ်ပေါ်ပေါက်ခဲ့ရာ အမှတ်(၁၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မန္တလေး)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ပြီး ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၁၁)နယ်မြေရဲစခန်း(ပ) ၂၆/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ပို့ခဲ့၍ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၉ ရက်တွင် မဟာအောင်မြေခရိုင် တရားရုံးမှ တရားခံ ပြည့်ဖြိုးကျော်(ခ)ကိုစိုင်းကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့်ထောင်ဒဏ်နှစ် ၂၀ နှင့် တိမ်းရှောင်တရားခံ မဆုလတ်(ခ) ကေကေမိုးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း၊ ၂၀၂၆ ခုနှစ် မေလ ၆ ရက်တွင် မကွေးမြို့ကံပြားမြို့အဝင် မြောက်ဂိတ်၌ တိမ်းရှောင်တရားခံဖြစ်သူ မဆုလတ်(ခ)ကေကေမိုးအား ဖမ်းဆီးရမိခဲ့သည့်အတွက် တရားစွဲတင်ပို့ခဲ့ရာ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်တွင် မဟာအောင်မြေခရိုင်တရားရုံးမှ မဆုလတ် (ခ)ကေကေမိုးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့်ထောင်ဒဏ်နှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**မြဝတီ**

# မေဆက်မုန်တိုင်းကြောင့် နန်နင်းမြို့ကို အမြင့်ဆုံးအဆင့် ရေဘေးသတိပေးချက်ထုတ်ပြန်



ပေကျင်း၊ ရာသီဥတု

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ကွမ်ရှီးပြည်နယ်၏ မြို့တော် နန်နင်းမြို့တွင် မေဆက်မုန်တိုင်းဖြတ်သန်းတိုက်ခတ်မှုကြောင့် မြစ်ရေနှင့် ရေကန်များလျှံတက်လာရာ အမြင့်ဆုံးအဆင့်ရေဘေးကာကွယ်ရေးသတိပေးချက်ထုတ်ပြန်လိုက်ကြောင်း သတင်းဌာနများက ဇူလိုင်လ ၆ ရက်တွင် ထုတ်ပြန်ထားသည်။

မေဆက်မုန်တိုင်းသည် လက်ရှိတွင်အားလျော့ပြီး အပူပိုင်းမုန်တိုင်းငယ်အဖြစ် ပြောင်းလဲသွားသော်လည်း ကုန်းတွင်းပိုင်းဒေသများသို့ ဖြတ်သန်းစဉ် မိုးသည်းထန်စွာရွာသွန်းမှု ဆက်လက်ဖြစ်ပွားနိုင်သဖြင့် အန္တရာယ်ရှိသော ရေကြီးရေလျှံမှုများနှင့် ကြုံတွေ့ရနိုင်ကြောင်း မိုးလေဝသပညာရှင်များက သတိပေးထားသည်။

လူဦးရေ ၉ သန်းနီးပါးနေထိုင်သော နန်နင်းမြို့တွင် မိုးသည်းထန်စွာရွာသွန်းနေကြောင်း၊ လက်ရှိတွင် နန်နင်းမြို့ရှိ အလတ်စားရေလှောင်တမံတစ်ခု ကျိုးပေါက်သဖြင့် တာဝန်ရှိသူများက ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနေရကြောင်း သတင်းဌာနများက ဖော်ပြထားသည်။ ထို့ပြင် ကွိုင်ကန်းမြို့တွင်လည်း ရေကြီးမှုကြောင့် လမ်းမပေါ်ရှိ မော်တော်ယာဉ်များနစ်မြုပ်ခဲ့ရကြောင်းသိရသည်။ Ref: AGC

# အားကောင်းသော တိုင်ဖွန်းမုန်တိုင်းဘာဗီကြောင့် ကပ်ဘေးသင့်ပျက်စီးမှုများဖြစ်နိုင်ဟုဆို



ဝါရှင်တန်၊ ရာသီဥတု

အဆင့် ၅ ဟာရီကိန်းမုန်တိုင်းနှင့်ညီမျှသည့် အားကောင်းသော တိုင်ဖွန်းမုန်တိုင်းဘာဗီသည် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ အမေရိကန်ပိုင်ရှိတာကျွန်းသို့ ဇူလိုင်လ ၆ ရက်တွင် ဝင်ရောက်တိုက်ခတ်နေကြောင်း မိုးလေဝသဌာနက ထုတ်ပြန်လိုက်ပြီး ထိုမုန်တိုင်းကြောင့် ကပ်ဘေးသင့်ပျက်စီးမှုများဖြစ်နိုင်ကြောင်း သတိပေးထားသည်။

“ဘာဗီတိုင်ဖွန်းမုန်တိုင်းရဲ့ ဗဟိုချက်ဟာ လက်ရှိမှာရိုတာကျွန်းကို ဖြတ်သန်းနေပါတယ်။ မုန်တိုင်းဖြတ်သန်းချိန်မှာလေတိုက်နှုန်းက တစ်နာရီ မိုင် ၁၈၀ အထိ ပြင်းထန်နိုင်ပြီး၊ လေတိုက်နှုန်း မိုင် ၁၅၀ ကျော်ရှိတဲ့ ကပ်ဘေးသင့် လေပြင်းတိုက်ခတ်မှုတွေ ဆက်လက်ဖြစ်ပွားနေမှာပါ” ဟု မိုးလေဝသဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အဆိုပါမုန်တိုင်းတိုက်ခတ်မှုကြောင့် လူဦးရေ ၁၅၀၀ ခန့်သာနေထိုင်သော ရိုတာကျွန်း၏နေရာအများအပြားသည်ရက်သတ္တပတ်ပေါင်းများစွာ လူနေထိုင်၍မရနိုင်လောက်အောင် ပျက်စီးနိုင်ပြီး လူနေအိမ်များမှာလည်း လုံးဝပြိုကျပျက်စီးနိုင်ကြောင်းနှင့် လျှပ်စစ်မီးပြတ်တောက်မှုများသည် လပေါင်းများစွာအထိ ကြာမြင့်နိုင်ကြောင်းသိရသည်။ Ref: BP

# တရုတ်၏ နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောက ပစိဖိတ်သမုဒ္ဒရာအတွင်း ဒုံးကျည်စမ်းသပ်ပစ်လွှတ်

ပေကျင်း၊ စစ်ရေး

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) ၏ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စင်းက ပစိဖိတ်သမုဒ္ဒရာတွင် ဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်လွှတ်မှုလုပ်ဆောင်ကြောင်း နိုင်ငံပိုင်သတင်းဌာနများက ဇူလိုင်လ ၆ ရက်တွင်ထုတ်ပြန်ထားသည်။

လေ့ကျင့်ရေးထိပ်ဖူးတပ်ဆင်ထားသည့် ထိုအမြင့်ပျံဒုံးကျည်ကို မွန်းတည့် ၁၂ နာရီ ၁ မိနစ်တွင် ပစ်လွှတ်ခဲ့ခြင်းဖြစ်ပြီး သတ်မှတ်ထားသည့် ပင်လယ်ပြင်အတွင်းရှိ ပစ်မှတ်သို့ တိကျစွာကျရောက်ခဲ့ကြောင်း သတင်းဌာနများကဖော်ပြထားသည်။

ယခုပစ်လွှတ်မှုသည် ပုံမှန်နှစ်ပတ်လည် စစ်ရေးလေ့ကျင့်မှုအစီအစဉ်သာဖြစ်ပြီး မည်သည့်နိုင်ငံသို့မဟုတ် ပစ်မှတ်ကိုမျှ ရည်ရွယ်ခြင်းမရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ထို့ပြင် ယခုလုပ်ဆောင်သည့် ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုသည် ၁၉၈၂ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ရေငုပ်သင်္ဘောအခြေစိုက် မဟာဗျူဟာမြောက် ဒုံးကျည်စမ်းသပ်မှုဖြစ်သည်။ ယခုစမ်းသပ်မှုသည် နျူကလီးယားဖြင့်လက်တုံ့ပြန်တိုက်ခိုက်နိုင်စွမ်းရှိသော တရုတ်နိုင်ငံ၏ရေအောက်စစ်အင်အားပြမှုတစ်ခုလည်း ဖြစ်သည်။

အထူးသဖြင့် သမုဒ္ဒရာရေနက်ပိုင်းထဲတွင် လပေါင်းများစွာကြာနေထိုင်နိုင်သော နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောများကြောင့် အကယ်၍ နိုင်ငံကနျူကလီးယားလက်နက်ဖြင့်တိုက်ခိုက်ခံရသည့်တိုင် လက်တုံ့ပြန်တိုက်ခိုက်နိုင်စေမည့်စွမ်းဆောင်ရည်ကို ပိုင်ဆိုင်နိုင်ခြင်းဖြစ်ကြောင်း လေ့လာသူများကပြောသည်။

Ref: SCMP



# ကမ္ဘာ့ကပ်ရောဂါ သဘောတူစာချုပ်ကို အပြီးသတ်ရန် ကမ္ဘာ့နိုင်ငံများ ထပ်မံကြိုးပမ်း

ဂျီနီဗာ၊ ကျန်းမာရေး

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ယူဂန်ဒါနိုင်ငံတို့၌ဖြစ်ပွားနေသော အီဘိုလာဗိုင်းရပ်ကူးစက်ပြန့်ပွားမှုများကြောင့် တစ်ကမ္ဘာလုံးဆိုင်ရာအရေးပေါ်သတိပြုရမည့်အခြေအနေ ဖြစ်ပေါ်လာပြီးနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ အဖွဲ့ဝင်နိုင်ငံများသည် ရပ်တန့်နေသော ကမ္ဘာ့ကပ်ရောဂါသဘောတူစာချုပ်၏ နောက်ဆုံးကျန်ရှိသော အစိတ်အပိုင်းကို အပြီးသတ်နိုင်ရန် ထပ်မံကြိုးပမ်းသည့် အနေဖြင့် ဇူလိုင်လ ၆ ရက်တွင် ဂျီနီဗာမြို့၌ ဆွေးနွေးပွဲများကို ပြန်လည်စတင်လိုက်ပြီဖြစ်သည်။

ချမ်းသာသောနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် ၂၀၂၅ ခုနှစ်တွင် အတည်ပြုခဲ့သည့် အဆိုပါကပ်ရောဂါစာချုပ်ကို လက်တွေ့၌ မည်သို့အကောင်အထည်ဖော်မည်ဆိုသည်နှင့်ပတ်သက်၍ WHO တွင် သဘောထားကွဲလွဲမှုများ ကြုံတွေ့နေရဆဲဖြစ်သည်။

ကပ်ရောဂါဖြစ်ပွားစေနိုင်သော ပိုးမွှားဗိုင်းရပ် နမူနာများကို အပြန်အလှန်မျှဝေခြင်းနှင့် ထိုမှတစ်ဆင့် ထုတ်လုပ်လာမည့် ကာကွယ်ဆေး၊ ဆေးဝါးများနှင့် စစ်ဆေးရေးကိရိယာများကို မျှတစွာ ခွဲဝေအသုံးပြုရေးစနစ် အကောင်အထည်ဖော်ရေးကိစ္စသည် ယခုဆွေးနွေးပွဲ၏ အဓိကအခန်းကဏ္ဍဖြစ်သည်။ အဆိုပါစနစ်ကို ၂၀၂၆ ခုနှစ် မေလမတိုင်မီကပင် အပြီးသတ်ရန် ရည်ရွယ်ခဲ့သော်လည်း ညှိနှိုင်းမှုများမှာ အလွန်နှောင့်နှေးမှုများဖြင့်ကြုံတွေ့ခဲ့ရကြောင်းသိရသည်။

Ref: ST

# သီရိလင်္ကာနိုင်ငံရှိအကျဉ်းထောင်တစ်ခု၌ ဆူပူမှုဖြစ်ပွား၊ လူ ၂၅ ဦးသေဆုံး



ကိုလံဘို၊ ဆူပူမှု

သီရိလင်္ကာနိုင်ငံအနောက်ပိုင်း နီဂွန်ဘို အကျဉ်းထောင်အတွင်း မူးယစ်ဆေးဝါးဂိုဏ်းအချင်းချင်း အငြင်းပွားရာမှတစ်ဆင့် နှစ်ရက်ကြာ ပြင်းထန်သော ဆူပူမှုများဖြစ်ပွားရာ အကျဉ်းထောင်လုံခြုံရေးများအပါအဝင် လူ ၂၅ ဦး သေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ဇူလိုင်လ ၆ ရက်တွင် ထုတ်ပြန်သည်။

အဆိုပါပဋိပက္ခသည်ဇူလိုင်လ ၅ ရက် နံနက်စာစားချိန်တွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသားများနှင့် ချုပ်ရက်ဖြင့် ထိန်းသိမ်းခံထားရသူများကြား စတင်ဖြစ်ပွားခြင်းဖြစ်သည်။ ဇူလိုင်လ ၆ ရက်နံနက်တွင် အကျဉ်းသားအချို့က သေနတ်များကို လုယူကာ ဒုတိယအကြိမ် အဓိကရုဏ်းဖန်တီးခြင်းကြောင့် သေဆုံးသူအရေအတွက် မြင့်တက်လာခဲ့ခြင်းဖြစ်ပြီး သေဆုံးသူများထဲတွင်အကျဉ်းထောင်လုံခြုံရေးဝန်ထမ်း လေးဦးပါဝင်သည်ဟု သိရသည်။ Ref: Xinhua

# ဟားမတ်အဖွဲ့ ဂါဇာဒေသအုပ်ချုပ်ရေး အဖွဲ့ကို ဖျက်သိမ်း

ဂါဇာစီးတီး၊ နိုင်ငံရေး

ဟားမတ်အဖွဲ့က ဂါဇာဒေသကို ဆယ်စုနှစ်နှစ်ခုနီးပါးကြာ အုပ်ချုပ်ခဲ့သည့် ၎င်းတို့၏အုပ်ချုပ်ရေးအဖွဲ့ကို ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း ဇူလိုင်လ ၆ ရက်တွင် တရားဝင်ထုတ်ပြန်ကြေညာသည်။ ယခုခြေလှမ်းသည် အရပ်ဘက်အုပ်ချုပ်ရေးကို ဖော်ဆောင်မည့် ပညာရှင်များပါဝင်သော ကော်မတီတစ်ရပ်ထံသို့ အုပ်ချုပ်ရေးအာဏာ လွှဲပြောင်းပေးရန် လမ်းခင်းပေးခြင်းဖြစ်သည်။

အဆိုပါ အုပ်ချုပ်ရေးအဖွဲ့ကိုဖျက်သိမ်းမှုနှင့်အတူ ဂါဇာဒေသကိုအရပ်ဘက်စီမံခန့်ခွဲမှုဖြင့် ပြန်လည်ထူထောင်ရန် ဂါဇာစီမံခန့်ခွဲရေး အမျိုးသားကော်မတီသို့ အုပ်ချုပ်ရေးနှင့် အစိုးရဆိုင်ရာ လုပ်ငန်းတာဝန်များကို အဆင့်ဆင့်လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း ဟားမတ်ပြန်ကြားရေးရုံးကထုတ်ပြန်ထားသည်။

Ref: ST

# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲသည် မိမိအတွက်နောက်ဆုံးကမ္ဘာ့ဖလားပြိုင်ပွဲဖြစ်ကြောင်း ပေါ်တူဂီအသင်းခေါင်းဆောင် စီရော်နယ်ဒိုအတည်ပြု



လစ္စဘွန်း ဇူလိုင် ၆

ပေါ်တူဂီအသင်းခေါင်းဆောင် စီရော်နယ်ဒိုက ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲသည် မိမိအတွက် ပေါ်တူဂီအသင်းကစားသမားဘဝ နောက်ဆုံးကမ္ဘာ့ဖလားပြိုင်ပွဲဖြစ်ကြောင်း အတည်ပြုပြောကြားသည်။

အသက် ၄၁ နှစ်အရွယ် စီရော်နယ်ဒိုသည် ပေါ်တူဂီအသင်းနှင့်အတူ ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲမှ စတင်ကစားခဲ့သူဖြစ်ပြီး မက်ဆီနှင့်အတူ ကမ္ဘာ့ဖလားပြိုင်ပွဲခြောက်ကြိမ်ဆက် ပါဝင်ကစားထားသည့် ကစားသမားအဖြစ်ပါ ရပ်တည်နေသူဖြစ်သည်။

စီရော်နယ်ဒိုသည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက မိမိအနေဖြင့် အနာဂတ်အတွက် ပေါ်တူဂီအသင်းနှင့် ပတ်သက်ပြီး ဆုံးဖြတ်ထားခြင်းမရှိသေးဟု ပြောကြားခဲ့ပြီးနောက် ရက်ပိုင်းအတွင်း ပေါ်တူဂီအသင်းနှင့်အတူ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲသည် နောက်ဆုံးကမ္ဘာ့ဖလားပြိုင်ပွဲဖြစ်လာမည်ဟု စပိန်အသင်းနှင့်ကစားမည့်ပွဲစဉ်မတိုင်မီ အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် ပေါ်တူဂီအသင်းနှင့်အတူ နှစ်ပေါင်းအတန်ကြာကစားခဲ့ပြီး ဥရောပနေးရှင်းလိဂ်ဖလား၊ ယူရိုဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့သော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အောင်မြင်မှုရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိသေးဘဲ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်မှပင် မော်ရိုကိုအသင်းကိုရှုံးနိမ့်ကာ ပြိုင်ပွဲမှထွက်ခွာခဲ့ရခြင်းဖြစ်သည်။

စီရော်နယ်ဒိုက "ကျွန်တော် ဒီကမ္ဘာ့ဖလားပြိုင်ပွဲကို ပရိသတ်တွေနဲ့အတူ ပျော်ပျော်ရွှင်ရွှင်ဖြတ်သန်းနေပါတယ်။ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲက ကျွန်တော့်အတွက် နောက်ဆုံးကမ္ဘာ့ဖလားပြိုင်ပွဲပါ။ ကျွန်တော်ဆုံးဖြတ်ချက်ချပြီးပါပြီ"ဟု စပိန်အသင်းနှင့်ကစားမည့်ပွဲစဉ်မတိုင်မီ အင်တာဗျူးအစီအစဉ်တွင် ပြောကြားခဲ့သည်။

စီရော်နယ်ဒိုသည် ပေါ်တူဂီအသင်းနှင့်အတူ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြောက်ကြိမ်၌ ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် တစ်ဂိုး၊ ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် တစ်ဂိုး၊ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် တစ်ဂိုး၊ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် လေးဂိုး၊ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် လေးဂိုးနှင့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နှစ်ဂိုး စုစုပေါင်း ၁၃ ဂိုးသွင်းယူထားကြောင်း သိရသည်။

*Ref:Fabrizio Romano*

# ဂါလာတာဆာရေးအသင်းက အာဆင်နယ်အသင်းမှ အိုဒီဂတ်အား ခေါ်ယူရန် သဘောတူညီမှုရရှိ

အစ္စတန်ဘူလ် ဇူလိုင် ၆

တူကီယဲထိပ်တန်းကလပ်အသင်းတစ်သင်းဖြစ်သည့် ဂါလာတာဆာရေးအသင်းက လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အာဆင်နယ်အသင်းမှ ကွင်းလယ်ကစားသမား အိုဒီဂတ်အား ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အိုဒီဂတ်သည် ၂၀၂၀ ပြည့်နှစ်က ရီးယဲလ်မက်ဒရစ်အသင်းမှ အာဆင်နယ်အသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားပြီးနောက် အငှားစာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အပြီးသတ်စာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

အိုဒီဂတ်သည် အာဆင်နယ်အသင်း၌ အစောပိုင်းနှစ်များက အရေးပါသည့်ကစားသမားအဖြစ် ပါဝင်ခဲ့ပြီး နောက်ပိုင်းနှစ်များတွင် အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူခွင့်ရရှိခဲ့သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက နည်းပြ အာတီတာက အိုဒီဂတ်အား ပွဲထွက်ကစားသမားစာရင်းမှ ချန်လှပ်ခဲ့ပြီးနောက် ဆက်ဆံရေးတင်းမာမှုများရှိလာကာ အနာဂတ်မရေမရာဖြစ်လာခြင်းဖြစ်သည်။

အိုဒီဂတ်သည် လာမည့်ဘောလုံးရာသီတွင် နည်းပြ အာတီတာလက်အောက်၌ ပွဲကစားခွင့်နည်းပါးနိုင်သည့်အခြေအနေများကြောင့် လက်ရှိအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ပြီးနောက် ဂါလာတာဆာရေးအသင်းထံ ပြောင်းရွှေ့ရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

*Ref:Fabrizio Romano*

# တူနီးရှားအသင်းနည်းပြရီနက် အသင်းကို ၁၈ ရက်ကြာတာဝန်ယူကိုင်တွယ်ပြီးနောက် နည်းပြရာထူးမှပြန်လည်နုတ်ထွက်

တူးနစ် ဇူလိုင် ၆

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် တူနီးရှားအသင်းနည်းပြရီနက်သည် အသင်းကို ၁၈ ရက်ကြာ တာဝန်ယူကိုင်တွယ်ပြီးနောက် အသင်းနည်းပြရာထူးမှ ပြန်လည်နုတ်ထွက်ခဲ့ကြောင်း သိရသည်။

တူနီးရှားအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု(F)တွင် နယ်သာလန်အသင်း၊ ဂျပန်အသင်း၊ ဆွီဒင်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး အုပ်စုပွဲစဉ်များအဖြစ် ဘယ်လ်ဂျီယံအသင်းကို ၅ ဂိုး-ဂိုးမရှိ၊ ဆွီဒင်အသင်းကို ၅ ဂိုး - ၁ ဂိုးဖြင့် ရှုံးနိမ့်ပြီးနောက် နည်းပြအပြောင်းအလဲလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

တူနီးရှားအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုနှစ်ပွဲဆက်ရှုံးနိမ့်ပြီးနောက် နည်းပြ လာမူချီကို ရာထူးမှထုတ်ပယ်၍ နည်းပြသစ်အဖြစ် ရီနက်အား ခန့်အပ်ခဲ့သည်။

ရီနက်သည် တူနီးရှားအသင်းနည်းပြသစ်အဖြစ် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ကစားသည့် ဂျပန်အသင်းနှင့်ပွဲစဉ်ကို တာဝန်ယူကိုင်တွယ်ခဲ့ရာ ၅ ဂိုး - ၁ ဂိုးဖြင့်ရှုံးနိမ့်ပြီး ပြိုင်ပွဲတွင် အုပ်စုအဆင့်မှထွက်ခွာရပြီးနောက် အသင်းနည်းပြရာထူးမှ ပြန်လည်နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ရီနက်ကိုယ်တိုင်က ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ်ကစားသည့် ဂျပန်အသင်းနှင့် ပွဲစဉ်အပြီးတွင် မိမိအနေဖြင့် တူနီးရှားအသင်းနည်းပြရာထူးကို ကာလတိုယာယီကိုင်တွယ်ခြင်းသာဖြစ်သည်ဟုပြောကြားခဲ့ပြီး ယခုအခါ အသင်းနည်းပြရာထူးမှနုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref:The Athletic*



# ကွင်းလယ်ကစားသမား မေဆင်မောင့်အား ရောင်းချရန်အစီအစဉ်မရှိဘဲ ကမ်းလှမ်းမှုကို ပယ်ချမည်ဖြစ်ကြောင်း မန်ယူအသင်း အတည်ပြုထုတ်ပြန်

မန်ချက်စတာ ဇူလိုင် ၆

မန်ယူအသင်းက ကွင်းလယ်ကစားသမား မေဆင်မောင့်အား ရောင်းချရန်အစီအစဉ်မရှိဘဲ ကမ်းလှမ်းမှုအားလုံးကို ပယ်ချမည်ဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက် ၂၇ နှစ်အရွယ် မေဆင်မောင့်သည် ၂၀၂၃ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ချယ်လ်ဆီးအသင်းမှ ပြောင်းရွှေ့ကြေးစတာလင်ပေါင်သန်း ၆၀ ဖြင့် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

မေဆင်မောင့်သည် ချယ်လ်ဆီးအသင်း၌ ဒဏ်ရာပြဿနာများနှင့် ရုန်းကန်ခဲ့ရသကဲ့သို့ မန်ယူအသင်း၌လည်း ဒဏ်ရာကြောင့် မကြာခဏအနားယူနေရသည့်အတွက် အစောပိုင်းက လက်ရှိအပြောင်းအရွှေ့ကာလတွင် ရောင်းချမည်ဟုသတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုအခါ မန်ယူအသင်းက မေဆင်မောင့်၏အနာဂတ်နှင့်ပတ်သက်ပြီး ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်ရက်ပိုင်းက အေစီမီလန်အသင်းနည်းပြသစ်အဖြစ် မန်ယူအသင်းနည်းပြဟောင်းအမိုရင်ကို ခန့်အပ်ခဲ့ပြီး မန်ယူအသင်း၌ လက်တွဲခဲ့ဖူးသည့် မေဆင်မောင့်အား လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန်ကြိုးပမ်းနေသည်ဟု သတင်းများထွက်ပေါ်ပြီးနောက် မန်ယူအသင်းက မေဆင်မောင့်အား ရောင်းချမည်မဟုတ်ဘဲ အသင်း၌သာ ဆက်လက်ထိန်းထားကာ ကမ်းလှမ်းမှုများကို ပယ်ချမည်ဟု အတည်ပြုထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းနည်းပြ ကာရစ်ကိုယ်တိုင်ကလည်း မေဆင်မောင့်အား အသင်း၌သာ ဆက်လက်ထိန်းထားလိုသည့်အတွက် မရောင်းချရန် တောင်းဆိုထားသောကြောင့် မန်ယူအသင်းကလည်း မရောင်းချရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ မေဆင်မောင့်သည် မန်ယူအသင်း၌ ဘောလုံးရာသီသုံးရာသီအတွင်း ၇၂ ပွဲသာပါဝင်ကစားနိုင်ပြီး ခုနစ်ဂိုးသာ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

*Ref:Topskillsports UK*

## ဓာတ်မြေဩဇာ ဖြန့်ဖြူးဈေးနှုန်းယှဉ်ပြိုင်စနစ်ဖြင့် တင်သွင်းနိုင်ရေးအတွက်ကြေညာခြင်း

၁။ ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏လမ်းညွှန်မှုဖြင့် အရည်အသွေးပြည့်ဝပြီး ဈေးနှုန်းမှန်ကန်သော DAP အခြေခံ ၁၅ ပတ်လည် ကွန်ပေါင်းဓာတ်မြေဩဇာများ တင်သွင်းနိုင်ရေးအတွက် မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းအနေဖြင့် ဇူလိုင်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလများအတွက် ဖြန့်ဖြူးဈေးနှုန်းယှဉ်ပြိုင်စနစ်ဖြင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ဖြန့်ဖြူးဈေးနှုန်းယှဉ်ပြိုင်စနစ်ဖြင့် DAP အခြေခံ ၁၅ ပတ်လည် ကွန်ပေါင်းဓာတ်မြေဩဇာများ တင်သွင်းလိုသော အသင်းဝင်ကုမ္ပဏီများအနေဖြင့် ဦးဆောင်ကော်မတီ Email.ureacommittee@gmail.com နှင့် အသင်း၏ အောက်ပါ email များသို့ပေးပို့၍ ၁၃-၇-၂၀၂၆ ရက်နေ့၊ မွန်းလွဲ ၂ နာရီထက် နောက်မကျစေဘဲ ဆက်သွယ်လျှောက်ထားနိုင်ပါကြောင်းကြေညာအပ်ပါသည်။

info@mfspea.com, vicepresident-1@mfspea.com,
vicepresident-2@mfspea.com, generalsecretary@mfspea.com

**မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း**
**ဖုန်း-၀၉-၉၈၈၅၃၉၃၆၀**

### အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ကျောက်ခတ်ကျေးရွာနေ အဘ ဦးလှကြိုင်၏ သမီး မလှလှမိုး၏အမည်မှန်မှာ ၈/ရစက(နိုင်)၁၆၂၆၄၉ အရ မသီတာနှင်းဖြစ်ပါကြောင်း။
**မသီတာနှင်း**

### အမည်ပြောင်း
ပဲခူးမြို့၊ လင်းရောင်သစ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-5 မှ အဘ ဦးကျော်စွာဝင်း၏သား မောင်ဇွဲသုတထွန်းအား မောင်ဇွဲဝင့်ရှိန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မောင်ဇွဲဝင့်ရှိန်**

### ပျောက်ဆုံးကြောင်း
အောင်အောင်ဖြိုး(ဘ)ဦးမျိုးဦး ၁၄/ဖပန(နိုင်)၁၉၂၄၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### တစ်ဦးတည်းဖြစ်ပါကြောင်း
ဖြိုးခန့်ကျော် ၅/ဖပန(နိုင်)၁၁၉၈၈၉ ၏ ဖခင် ဦးကျော်စွာ(ခ)ဦးကျော်စွာဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးကျော်စွာ(ခ)ဦးကျော်စွာဦး**

### ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ အထက(ခွဲ)လှေတုန်း၊ Grade-5 မှမဖြူသဒ္ဒါဝင်း၏ဖခင်အမည်မှန်မှာ ဦးဝင်းအောင် ၇/ကပက(နိုင်)၁၄၇၉၄၄ ဖြစ်ပါကြောင်း။
**ဦးဝင်းအောင်**

### အမည်ပြောင်း
ပဲခူးမြို့၊ အ.ထ.က(၃)ကျောင်း၊ Grade-4(D) မှ အဘ ဦးဇာနည်အောင်၏သမီး မသန်းသန်းထက်အား မသွန်းပြည့်လျှံဟုပြောင်းလဲခေါ်ဆိုပါရန်။
**မသွန်းပြည့်လျှံ**

### ဖခင်အမည်မှန်
တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့၊ မြတ်ပညာကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ မသွန်းရတနာ၏ဖခင်အမည်မှန်မှာ ၅/ပလဘ(နိုင်)၀၄၃၇၈၈ ကိုင်ဆောင်သူ ဦးကျော်ဇံလင်းဖြစ်ပါကြောင်း။
**ဦးကျော်ဇံလင်း**

### ပျောက်ဆုံးကြောင်း
လားရှမ်းရွှတ်သာ(ဘ)ဦးကပ်ငင်းငါ(ခ)ကပ်ငှင်း အာ ၅/ကလထ(နိုင်)၂၉၈၄၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 141629)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
မင်းဆက်ပိုင်(ဘ)ဦးပြည့်စိုးငြိမ်း၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၆၅၃၅၃၂၄

### ပျောက်ဆုံးကြောင်း
ဒွတ်ဒိမ့်နီယာန်(ဘ)ဦးတလန်ထန် ၄/ဟခန(နိုင်)၀၆၄၅၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
အောင်ချမ်းမြေ့(ဘ)ဦးဝင်းထွန်း ၇/မညန(နိုင်)၁၁၆၂၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၃၇၅၃၀၀၇

### ဖခင်အမည်မှန်
ဘီးလင်းမြို့၊ အ.မ.က၊ ရွှေအင်ဒိုး(တောင်လေး)ကျောင်း၊ Grade-3 မှ မောင်ထွန်းထွန်းခိုင်၏ဖခင်အမည်မှန်မှာ စောဟန်ဝင်းအောင် ၁၀/ဘလန(နိုင်)၀၉၆၆၇ ဖြစ်ပါကြောင်း။
**စောဟန်ဝင်းအောင်**

### ပျောက်ဆုံးကြောင်း
ခင်မောင်ဝင်း(ဘ)ဦးထွန်းကြည် ၁/မညန(နိုင်)၁၁၁၄၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ရဲပြည့်ဖြိုးအောင်(ဘ)ဦးဇော်လင်းအောင် ၉/ပကခ(နိုင်)၀၅၃၄၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၇၆၇၆၀၆၉

### ပျောက်ဆုံးကြောင်း
နွဲ့(ဘ)ဦးဂျပန် ၈/နမန(နိုင်)၂၀၀၆၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၃၆၃၇၇၂၄၅

### ပျောက်ဆုံးကြောင်း
ရှိုင်းမောင်မောင်(ဘ)ဦးသိန်းစိုး ၁၂/ခရန(နိုင်)၁၅၄၅၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၄၄၇၀၈၁၂

### ပျောက်ဆုံးကြောင်း
ညီညီနိုင်(ဘ)ဦးစိန်ဝင်း ၉/ခအဇ(နိုင်)၀၄၃၆၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၇၅၅၀၂၉

### ပျောက်ဆုံးကြောင်း
ငြိမ်းချမ်းဦး(ဘ)ဦးတင်ဦး ၆/မမန(နိုင်)၁၁၇၁၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၅၄၀၉၁၇၈

### ပျောက်ဆုံးကြောင်း
ဇွန်ပွင့်ဖြူ(ဘ)ဦးညိုဝင်း ၈/အလန(နိုင်)၂၂၆၃၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၉၃၀၂၀၄

### ပျောက်ဆုံးကြောင်း
ဖြိုးဝေဟိန်း(ဘ)ဦးသိန်းအောင် ၁၂/လမန(နိုင်)၁၅၇၁၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၄၂၁၁၄၇၂

### ပျောက်ဆုံးကြောင်း
ကြည်ခိုင်(ဘ)ဦးကြီးမောင် ၇/ဒဥန(နိုင်)၁၅၄၄၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၃၈၈၁၁၈၃

### ပျောက်ဆုံးကြောင်း
ညီညီနိုင်(ဘ)ဦးမောင်ဖြူ ၁၄/ဖပန(နိုင်)၂၄၃၀၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၁၂၀၉၁၃၉

### ပို့ဆောင်ရေးဝန်ကြီးဌာန
### မြန်မာ့မီးရထား
### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၂၀၆/မမ/S & T | (က) Power Supply for Station(UPS(6)Set with Accessories)(1-Lot)<br>( ခ ) Conference Mic (1)Set |
| ၂ | ၂၀၇/မမ/S & T | **ရန်ကုန်-မန္တလေးလမ်းပိုင်းရှိ** ဘူတာ(၁၁)ဘူတာတွင် ဆက်သွယ်ရေးတာဝါတိုင်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း |
| ၃ | ၂၀၈/မမ/S & T | ဒါးပိန်-အင်းတိုင်လမ်းပိုင်း အချက်ပြနှင့်ဆက်သွယ်ရေးစနစ် အသစ်တပ်ဆင်ခြင်းလုပ်ငန်း |
| ၄ | ၂၀၉/မမ/S & T | မော်ဘီ၊ ဝါးနက်ချောင်း၊ ဖူးကြီး၊ တိုက်ကြီး၊ သနပ်ချောင်း၊ ဖလုံ၊ ဥက္ကံဘူတာတို့တွင် Fixed Distant Working Outer စနစ်ကို ပြုပြင်မွမ်းမံခြင်းလုပ်ငန်း(Lot 1) |
| ၅ | ၂၁၀/မမ/ S & T | ငါးဖြူကလေး၊ သုံးဆယ်၊ သာယာဝတီ၊ အင်းရွာ၊ လက်ပံတန်း၊ စစ်ကွင်း၊ မင်းလှ၊ အိုးသည်ကုန်း၊ အုတ်ဖို ဘူတာတို့တွင် Fixed Distant Working Outer စနစ်ကို ပြုပြင်မွမ်းမံခြင်းလုပ်ငန်း(Lot 2) |
| ၆ | ၂၁၁/မမ/ S & T | ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်း၊ ပေါင်းတည်၊ ပုတီးကုန်း၊ သဲကုန်း၊ ဆင်မြီးဆွဲ၊ မော်ဇာ၊ မော်ဇာလမ်းဆုံ၊ ပြည်ဘူတာတို့တွင် Fixed Distant Working Outer စနစ်ကို ပြုပြင်မွမ်းမံခြင်းလုပ်ငန်း(Lot 3) |
| ၇ | ၂၁၂/မမ/ S & T | ဝါးနက်ချောင်း၊ ဇီးကုန်း၊ ရွှေတံခါးဘူတာတို့ရှိ အမြင့်ပေ(၁၂၀)ဆက်သွယ်ရေးတာဝါတိုင် ပြုပြင်မွမ်းမံခြင်းလုပ်ငန်း |

တင်ဒါပိတ်မည့်နေ့/အချိန် - (၂၁-၇-၂၀၂၆)မွန်းလွဲ(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၇-၇-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-294352, 291994**

## သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

### ပျောက်ဆုံးကြောင်း
ထွန်းမင်းအောင်(ဘ)ဦးတင်ဆင့် ၈/ပမန(နိုင်)၁၁၀၉၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 032450)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

### ပျောက်ဆုံးကြောင်း
ညီညီဇော်(ဘ)ဦးဇော်လင်း ၆/ကသန(နိုင်)၁၀၅၉၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၈၃၀၁၆၇၉

### ပျောက်ဆုံးကြောင်း
အေးချမ်းမေ(ဘ)ဦးကျော်ဝင်း ၅/ယမပ(နိုင်)၁၄၇၇၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၉၇၁၁၂၅၀

### ပျောက်ဆုံးကြောင်း
မေသဇင်မျိုး(ဘ)ဦးလှမျိုးမြင့် ၁၂/တကန(နိုင်)၁၃၅၀၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ဝင်းသီရိကျော်(ဘ)ဦးနိုင်ဝင်း ၁၄/မအပ(နိုင်)၃၄၁၆၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ဥက္ကာမင်း(ဘ)ဦးသော်မင်း ၁၂/မရက(နိုင်)၁၄၂၅၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၈၂၄၉၂၇၉

### ပျောက်ဆုံးကြောင်း
မောင်မောင်ထွန်း(ဘ)ဦးယိုင်ထွန်း ၁၁/ကဖန(နိုင်)၁၀၈၈၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၁၉၇၇၂၄၅၄

### ပျောက်ဆုံးကြောင်း
အေးချမ်းအောင်(ဘ)ဦးတင်စိုး ၁၄/ဟသတ(နိုင်)၄၁၅၇၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၃၀၈၈၇၁၃

### ပျောက်ဆုံးကြောင်း
ဇင်မာနွယ်(ဘ)ဦးအုံးငွေ ၁၃/ကလန(နိုင်)၁၂၄၇၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၉၄၅၈၃၀

### ပျောက်ဆုံးကြောင်း
ရန်လင်းဘိုဘို(ဘ)ဦးသန်းလွင် ၁၂/သလန(နိုင်)၂၀၃၄၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 608423)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း
မင်းစည်သူ(ဘ)ဦးနိုင်ထက်သူ ၇/ပမန(နိုင်)၂၀၈၀၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
သိန်းအောင်(ဘ)ဦးမောင်မြိုင် ၁၄/ဝခမ(နိုင်)၁၃၅၃၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၈၅၇၅၁၂၈

### ပျောက်ဆုံးကြောင်း
စိုးဇော်ဦး(ဘ)ဦးသန်းဦး ၁၂/အစန(နိုင်)၁၈၈၂၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၀၄၈၆၆၃

### မိဘအမည်မှန်
ဘီးလင်းမြို့၊ အ.မ.က၊ ရွှေအင်ဒုံ(တောင်လေး)ကျောင်း၊ Grade-3 မှ မောင်ဒီဇေ၏ မိဘအမည်မှန်မှာ ဦးရွှေဝင်း ၁၀/ဘလန(နိုင်)၁၉၁၆၈၈ နှင့် ဒေါ်နီ ၁၀/ဘလန(နိုင်)၁၅၃၆၃၉ ဖြစ်ပါကြောင်း။
**ဦးရွှေဝင်း-ဒေါ်နီ**


### မိဘအမည်မှန်
ရေတာရှည်မြို့နယ်၊ မြို့လှမြို့၊ မူလွန်ငွေတောင် Grade-3 မှ မောင်ကောင်းထွဋ်မြတ် နှင့် Grade-1 မှ မောင်သန့်စင်ဖြိုးတို့၏မိဘအမည်မှန်မှာ စူမိသ်ကူမား(ခ)ကွန်မာလ်ကီစိုး Pyu-၁၉၁၄၃၀ နှင့် ရီသာကူမာရီ(ခ)ဝါဝါ ၇/ဖမန(နိုင်)၁၈၅၉၃၂ ဖြစ်ပါကြောင်း။
**စူမိသ်ကူမား(ခ)ကွန်မာလ်ကီစိုး**
**ရီသာကူမာရီ(ခ)ဝါဝါ**

### ပျောက်ဆုံးကြောင်း
ကျော်ဇေယျာထက်(ဘ)ဦးတင်ပို ၉/တကန(နိုင်)၂၃၀၈၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

မိုးသောက်ပန်း ဂျာနယ်
ကလေးငယ်များအတွက်
ပညာလဲပေး ဗဟုသုတလဲရ
ဟာသလဲပါ၊ ဉာဏ်ရည်လဲတိုးမဲ့
- မျက်နှာဖုံးတွင် ကာတွန်းစိုင်ပြေ၏ လက်ရာကောင်းနှင့်အတူ ကာတွန်းကိုကောင်း၊ ကာတွန်းစောဟန်နှင့် ကာတွန်းထွန်းထွန်းဝင်း(ရန်ကုန်တက္ကသိုလ်)တို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ ရဲဘော်မြသိန်း(ဟိုပုံး)၊ နီဦးဇော်၊ ဂန္ထဝင်ချစ်သူ၊ ဇာနည်၊ ကန့်ဘလူခင်မောင်ဆွေနှင့် ရေနံ့သာမောင်ကျော်ညွှန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။
ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့် (၇- ၇-၂၀၂၆)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ် အတွဲ(၃၀)၊ အမှတ်(၂၅)ထွက်ပြီ။
စာတည်းဌာန ဖုန်း - ၀၉၄၅၂၂၆၀၅၃၆
ဖြန့်ချိရေး ဖုန်း - ၀၉၃၂၄၉၈၃၂၄
◆ အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ ◆



သိပ္ပံနှင့် လူမှုရေး၊ ပညာရေး၊ နိုင်ငံတကာဗဟုသုတ ကဏ္ဍစုံလင်စွာဖြင့် စာဖတ်ပရိသတ်များ၏လိုအင်များကို အမြဲဖြည့်ဆည်းပေးလျက်ရှိသော
တေဇ ရုပ်စုံ
◆ မိမိရင်သွေးငယ်များအတွက် ပုံပြင်ဗဟုသုတကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ နိုင်ငံတကာသိမှတ်ဖွယ်ရာအဖြာဖြာကဏ္ဍ၊ တေဇသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြထားသည့်စာစောင်
◆ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည့် ကာတွန်းကဏ္ဍ၊ ကလေးများ အသိဉာဏ်ပညာမြင့်မားစေရေးအတွက် ဉာဏ်စမ်းကဏ္ဍများပါရှိသည့်စာစောင်
◆ ရင်သွေးငယ်လေးများ မြန်မာစကားပုံများကို လေ့လာသိရှိစေရန် အတွက် မြန်မာမှုဥပစာစကားများကို ပုံနှင့်တကွ ဖော်ပြထားသည့် စာစောင်
◆ ရင်သွေးငယ်လေးများ မြန်မာစာအရေးအသား မြင့်မားတိုးတက်လာစေမည့် စာစီစာကုံးပြိုင်ပွဲပါရှိသည့်စာစောင်
◆ ကာတွန်းသရုပ်ဖော်ပန်းချီနှင့်အတူ တေဇကလေးတို့အတွက် ဇူလိုင်လထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိလို့လာပါပြီ။
ဆက်သွယ်ရန် - ဖုန်း ၀၉ ၄၀၃၂၅၈၄၅၁ (စာတည်းဌာန)
၀၉ ၃၂၄၉၈၃၂၄ (ဖြန့်ချိရေး)
၃၀၀ ကျပ်
မြဝတီစာပေတိုက်က ထုတ်ဝေသည်။



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
## ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန
## ကြေညာချက်အမှတ်၊ ၂/ ၂၀၂၆
## ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက်
## ( ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၆ ရက်)

အကြောင်းအရာ။ ကြော်ငြာစာအမှတ်(၃/၂၀၂၆)တွင် အောက်ဖော်ပြပါဝန်ကြီးဌာနနှင့် အဖွဲ့အစည်း(၂)ခုတို့အား နောက်ဆက်တွဲဖြင့် ထပ်မံဖြည့်သွင်းကြေညာခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ၃၀-၆-၂၀၂၆ ရက်စွဲပါ ကြော်ငြာစာအမှတ်(၃/၂၀၂၆)ဖြင့်ခေါ်ယူခဲ့သော ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း(၁၆)ခုမှ လစ်လပ်ရာထူး(၂၄၂)နေရာအတွက် ၁-၇-၂၀၂၆ ရက်နေ့နှင့် ၂-၇-၂၀၂၆ ရက်နေ့တို့တွင် မြန်မာ့အလင်း၊ ကြေးမုံနှင့် မြဝတီသတင်းစာတို့၌ ကြော်ငြာခေါ်ယူခဲ့ပြီး လျှောက်လွှာပိတ်ရက်ကို **၃၀-၇-၂၀၂၆** ရက်နေ့အဖြစ် သတ်မှတ်ထားပါသည်။

၂။ ထပ်မံ၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့က **နောက်ဆက်တွဲအနေဖြင့် အောက်ဖော်ပြပါဝန်ကြီးဌာနနှင့် အဖွဲ့အစည်း(၂)ခုတို့ကို ကြော်ငြာစာအမှတ်(၃/၂၀၂၆)၏ စာပိုဒ်(၁)၌တစ်ဆက်တည်း ထပ်မံဖြည့်သွင်းကြေညာအပ်ပါသည်-**

| စဉ် | ဝန်ကြီးဌာန/အဖွဲ့အစည်း | ရာထူး | လစ်လပ် |
|---|---|---|---|
| (ဏ) | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန** | | |
| | စက်မှုလယ်ယာဦးစီးဌာန | ဦးစီးအရာရှိ(**စက်မှု**)(**အမျိုးသား**)/ ဦးစီးအရာရှိ(**ငွေ**) | ၂၀ နေရာ |
| (ဒ) | **ပြည်ထောင်စုရာထူးဝန်အဖွဲ့** | | |
| | ဥက္ကဋ္ဌရုံးအဖွဲ့ | ဦးစီးအရာရှိ | ၂ နေရာ |
| | နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) | လက်ထောက်အင်ဂျင်နီယာ(လျှပ်စစ်) | ၁ နေရာ |

၃။ လျှောက်ထားသူများအနေဖြင့် ကြော်ငြာခေါ်ယူသောရာထူးအလိုက် သတ်မှတ်ပညာအရည်အချင်းများနှင့် အသေးစိတ်အချက်အလက်များကို အချိန်မီသိရှိလိုပါက **Myanmar National Portal**-www.myanmar.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါကြောင်းနှင့် ထုတ်ပြန်ချက်တွင် မရှင်းလင်းသည်များမေးမြန်းလိုပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ရွေးချယ်ရေးဌာနစိတ်၏ တယ်လီဖုန်းအမှတ်၊ (၀၆၇-၃၄၀၉၀၅၂/ ၀၆၇-၃၄၀၉၄၃၀/ ၀၉-၄၂၄၄၀၈၉၅၄/ ၀၉-၄၂၀၇၀၆၆၀၅/၀၉-၇၉၇၇၂၇၆၉၆/၀၉-၂၅၄၃၄၇၂၀၉ နှင့် ၀၉-၂၆၂၅၀၂၉၈၈)တို့ကို ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းအသုံးစရိတ်ခေါင်းစဉ်ဖြင့်ကျခံ၍ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအား(ပစ္စည်း+လုပ်အားခ)ပုတ်ပြတ်(Turnkey)စနစ် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံရန် ယှဉ်တွဲပါတင်ဒါအမှတ်များအတိုင်း ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်း |
|---|---|---|
| က | 1(T)/တိုင်းဒေသကြီး/ Turnkey/26-27 | တာမွေ၊ ပုဇွန်တောင်မြို့နယ်အတွင်း ဓာတ်အားလိုင်းများပြောင်းရွှေ့တည်ဆောက်ခြင်းနှင့် သာကေတမြို့နယ်တွင် CNG ဆိုင်အမှတ်(၀၂၂)ဆိုင်အား စဉ်ဆက်မပြတ်ဓာတ်အားပေးနိုင်ရေးလုပ်ငန်း |
| ခ | 2(T)/တိုင်းဒေသကြီး/ Turnkey/26-27 | သာကေတမြို့နယ်တွင် CNG ဆိုင်အမှတ်(၀၀၅)ဆိုင်အား စဉ်ဆက်မပြတ်ဓာတ်အားပေးနိုင်ရေးလုပ်ငန်း |
| ဂ | 3(T)/တိုင်းဒေသကြီး/ Turnkey/26-27 | ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်အတွင်း စည်ပင်လမ်းတိုးချဲ့ခြင်းကြောင့် မလွတ်ကင်းသောဓာတ်အားလိုင်းများ ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်း |
| ဃ | 4(T)/တိုင်းဒေသကြီး/ Turnkey/26-27 | ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်အတွင်း စည်ပင်လမ်းတိုးချဲ့ခြင်းကြောင့် မလွတ်ကင်းသောဓာတ်အားလိုင်းများ ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်း |
| င | 5(T)/တိုင်းဒေသကြီး/ Turnkey/26-27 | ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်းမြို့နယ်များတွင် ဓာတ်အားလိုင်းများပြောင်းရွှေ့တည်ဆောက်ခြင်း လုပ်ငန်းနှင့် CNG ဆိုင်များ ဓာတ်အားပေးနိုင်ရေးလုပ်ငန်း |
| စ | 6(T)/တိုင်းဒေသကြီး/ Turnkey/26-27 | ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်အတွင်း၊ မင်းရဲကျော်စွာလမ်းတစ်လျှောက် လမ်းတိုးချဲ့ခြင်းကြောင့် မလွတ်ကင်းသောဓာတ်အားလိုင်းများ ပြောင်းရွှေ့တည်ဆောက်ခြင်း |
| ဆ | 7(T)/တိုင်းဒေသကြီး/ Turnkey/26-27 | ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်အတွင်း ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာတည်ဆောက်ခြင်းလုပ်ငန်းနှင့် CNG ဆိုင်အမှတ်(၀၂၁)တွင် စဉ်ဆက်မပြတ်ဓာတ်အားပေးနိုင်ရေးလုပ်ငန်း |
| ဇ | 8(T)/တိုင်းဒေသကြီး/ Turnkey/26-27 | မြောက်ဥက္ကလာပ၊ ရွှေပေါက်ကံနှင့် ဗဟန်းမြို့နယ်များတွင် ဓာတ်အားလိုင်းအစားထိုးတည်ဆောက်ခြင်း |
| ဈ | 9(T)/တိုင်းဒေသကြီး/ Turnkey/26-27 | ကြည့်မြင်တိုင်မြို့နယ် CNG ဆိုင်အမှတ်(၀၁၆)နှင့် သန်လျင်မြို့နယ်တွင်း ဓာတ်အားလိုင်းများအစားထိုး တည်ဆောက်ခြင်းလုပ်ငန်း |
| ည | 10(T)/တိုင်းဒေသကြီး/ Turnkey/26-27 | သန်လျင်၊ ကျောက်တန်းမြို့နယ်တို့တွင် ဓာတ်အားလိုင်းများပြောင်းရွှေ့တည်ဆောက်ခြင်းနှင့် အစားထိုး တည်ဆောက်ခြင်းလုပ်ငန်း |
| ဋ | 11(T)/တိုင်းဒေသကြီး/ Turnkey/26-27 | တွံတေး၊ ဒလ၊ ကွမ်းခြံကုန်းနှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်များအတွင်း ဓာတ်အားလိုင်းများပြောင်းရွှေ့ တည်ဆောက်ခြင်းနှင့် အစားထိုးတည်ဆောက်ခြင်းလုပ်ငန်း |
| ဌ | 12(T)/တိုင်းဒေသကြီး/ Turnkey/26-27 | တွံတေးမွေးမြူရေးဇုန်(၁)နှင့် (၂)ဓာတ်အားရရှိရေး ဓာတ်အားလိုင်း ထရန်စဖော်မာအသစ်နှင့် Solar Lamp များတပ်ဆင်ခြင်းလုပ်ငန်း |
| ဍ | 13(T)/တိုင်းဒေသကြီး/ Turnkey/26-27 | တွံတေးမွေးမြူရေးဇုန်(၂)အပိုင်း(၃) ဓာတ်အားရရှိရေး ဓာတ်အားလိုင်း ထရန်စဖော်မာအသစ်နှင့် Solar Lamp များ တပ်ဆင်ခြင်းလုပ်ငန်း |
| ဎ | 14(T)/တိုင်းဒေသကြီး/ Turnkey/26-27 | အင်းစိန်မြို့နယ် CNG ဆိုင်အမှတ်(၀၀၂)၊ လှိုင်သာယာအနောက်၊ မင်္ဂလာဒုံ၊ ထောက်ကြန့်မြို့နယ်တို့တွင် ဓာတ်အားလိုင်းများပြောင်းရွှေ့တည်ဆောက်ခြင်းနှင့် အစားထိုးတည်ဆောက်ခြင်းလုပ်ငန်း |
| ဏ | 15(T)/တိုင်းဒေသကြီး/ Turnkey/26-27 | မင်္ဂလာဒုံနှင့် ရွှေပြည်သာမြို့နယ်တို့တွင် ဓာတ်အားလိုင်းများပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်း |
| တ | 16(T)/တိုင်းဒေသကြီး/ Turnkey/26-27 | လှည်းကူးနှင့် ဖောင်ကြီးမြို့တို့တွင် ကောင်းကင်ဓာတ်အားလိုင်းများအစားထိုးတည်ဆောက်ခြင်းလုပ်ငန်း |

၂။ တင်ဒါပုံစံများနှင့်အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၆-၇-၂၀၂၆)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၂၁-၇-၂၀၂၆)နေ့၊ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ရုံးဌာန/သိုလှောင်ရုံ(၂)နေရာနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိရုံးဌာန(၃)နေရာ စုစုပေါင်း ရုံးဌာန/သိုလှောင်ရုံ(၅)နေရာတို့တွင် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် လုံခြုံရေးကုမ္ပဏီငှားရမ်းလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့်ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | - | Tender.6.Security(3rd)(2026-2027) |
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၇-၇-၂၀၂၆ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | - | ၂၀-၇-၂၀၂၆ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၀၈၅/၀၆၇-၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်(ဆောက်လုပ်ရေး)ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်(ဆောက်လုပ်ရေး) ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်း(၆)ခု ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ အင်ဂျင်နီယာဌာန၊ HRD Building၊ နေပြည်တော်တွင် (၇-၇-၂၀၂၆)ရက်နေ့မှ (၂၁-၇-၂၀၂၆)ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့်တင်ဒါပုံစံများအား (၂၀-၇-၂၀၂၆)ရက်နေ့နှင့် (၂၁-၇-၂၀၂၆)ရက်နေ့များတွင် ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာ၌ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀(ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော https://dast.edu.mm/ တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

### တစ်ဦးတည်းဖြစ်ပါကြောင်း
လယ်ဝေးမြို့၊ အ.ထ.က(၁)၊ Grade-12 မှ မောင်မြတ်သီဟကျော်၏ဖခင် ဦးဇော်ဇော်လင်းနှင့် ဦးဇော်လင်း ၉/လဝန(နိုင်)၁၃၈၄၄၂ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးဇော်ဇော်လင်း(ခ)ဦးဇော်လင်း**

### ပျောက်ဆုံးကြောင်း
လီဒီယာဆန်း(ဘ)ဆန်းဗျာ ၅/ကလထ(နိုင်)၂၄၆၁၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၇၀၈၁၄၇၈၄**

### ပျောက်ဆုံးကြောင်း
ခိုင်သဇင်ဝင်း(ဘ)ဦးရန်အိန်စူ ၁၃/ကခန(နိုင်)၁၀၁၈၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၇၀၈၁၄၇၈၄**

### ပျောက်ဆုံးကြောင်း
ဖြိုးအုပ်စိုး(ဘ)ဦးနိုင်ထွန်းစိုး ၉/မဟမ(နိုင်)၀၆၇၂၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 383971)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၇၀၈၁၄၇၈၄**

### ပျောက်ဆုံးကြောင်း
မနန်းဟွမ်(ဘ)ဦးစိုင်းလုံ ၁၃/မမတ(နိုင်)၀၆၇၄၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၂၀၁၄၄၄၆**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အ.ထ.က(၂)Grade-10 သင်ဆဲမှ မောင်ကြယ်စင်မောင်၏ဖခင် ဦးမင်းကို၏အမည်မှန်မှာ ဦးအောင်နေလင်း ၈/တတက(နိုင်)၀၆၂၂၆ ဖြစ်ပါကြောင်း။ **ဦးအောင်နေလင်း**

### အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ အ.ထ.က(ဆတ်သွား)Grade-12(E) သင်ဆဲမှ မမွန်းတွယ်တာဖြိုး၏အမည်မှန်မှာ မွန်းတွယ်တာဖြိုး ၈/တတက(နိုင်)၃၁၂၄၂၇ ဖြစ်ပါကြောင်း။ **မမွန်းတွယ်တာဖြိုး**

### ပျောက်ဆုံးကြောင်း
ဇာဇာလွင်(ဘ)ဦးအေဂနီ ၁၀/မလမ(နိုင်)၁၉၀၅၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
နန်းစိန်သန်း(ဘ)ဦးယူဝမ်း ၃/ဘအန(နိုင်)၂၅၀၀၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ခွန်အောင်စိုး(ဘ)ဦးကျော်အေး ၃/ဘအန(နိုင်)၂၅၇၆၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ဝေမီလှိုင်(ဘ)ဦးမြင့်ဆွေ ၉/တသန(နိုင်)၁၃၃၄၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၅၀၄၈၆၆၃**

### ပျောက်ဆုံးကြောင်း
နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ညိုပင်ကျေးရွာအုပ်စု၊ ညိုပင်ကျေးရွာနေ မင်းဇော်ဦး(ဘ)ဦးမြင့်ဦး ၉/လဝန(နိုင်)၁၇၂၄၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၆၇၂၆၂၇၉၂**

**စာပေမြင့်မှ လူမျိုးတင့်မည်**


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
“ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ”
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုစခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀၃၉၃၄ – ဂုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


အရည်အသွေးမြင့် စားသောက်ကုန်များ အပါအဝင် ထုတ်ကုန်ပစ္စည်း အမျိုးမျိုးကို
ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom - ၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Mandalay Wholesale - ၂၆လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom


“အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း”
NAY PYI TAW
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ဒီဇယ်ဆီတင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ကာလထပ်မံတိုးမြှင့်ခွင့်ပြု

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်း မြင့်တက်နေခြင်းကြောင့် စက်သုံးဆီ (ဒီဇယ်ဆီ) အသုံးပြုမောင်းနှင်ရသည့် မော်တော်ယာဉ်များဖြင့် သယ်ဆောင်အသုံးပြုလျက်ရှိသည့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းများကို ထိန်းညှိပေးရန် လိုအပ်လျက်ရှိသည့်အတွက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေဖြင့် ဒီဇယ်ဆီ HSD (500 ppm) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်(၂ ရာခိုင်နှုန်း) တို့ကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၆-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကာလကို ၁-၇-၂၀၂၆ ရက်နေ့မှ ၃၁-၇-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၁-၇-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဒီဇယ်ဆီ HSD (500 ppm) အပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

## ဓာတ်မြေသြဇာများတင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့် ထပ်မံတိုးမြှင့်ခွင့်ပြု

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နိုင်စေရန်နှင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ်များ လျှော့ကျနိုင်စေရန်တို့အတွက် ဓာတ်မြေသြဇာများ တင်သွင်းမှုအပေါ် ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန်(၂ ရာခိုင်နှုန်း) ကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၆-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကို ၁-၇-၂၀၂၆ ရက်နေ့မှ ၃၁-၇-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၁-၇-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဓာတ်မြေသြဇာများအပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

## သဘာဓာတ်ငွေ့ရည်တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့် ထပ်မံတိုးမြှင့်ခွင့်ပြု

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်း မြင့်တက်နေချိန်တွင် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အားပေးမြှင့်တင်နိုင်ရန်နှင့် ဓာတ်အားခ ဈေးနှုန်းများ သက်သာစေနိုင်ရန်တို့အတွက် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်တို့ကို ၁-၅-၂၀၂၆ ရက်နေ့မှ ၃၀-၆-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကို ၁-၇-၂၀၂၆ ရက်နေ့မှ ၃၁-၇-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၁-၇-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့်သဘာဝဓာတ်ငွေ့ရည်အပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

## ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၉ ထပ်အဆောက်အအုံ ၁ လုံးအား စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၆၉ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်




**နေပြည်တော် ဇူလိုင် ၆**

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် စာမျက်နှာ ၁၅ ကော်လံ ၁ ➲

## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး) ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**နေပြည်တော် ဇူလိုင် ၆**

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် **"၂၀၂၆ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ"** (ဆဋ္ဌမနေ့) စာမျက်နှာ ၁၅ ကော်လံ ၃▼

## မေဆက်မုန်တိုင်းကြောင့် နန်နင်းမြို့ကို အမြင့်ဆုံးအဆင့် ရေဘေးသတိပေးချက် ထုတ်ပြန်

စာ - ၂၇ သို့

## အားကောင်းသော တိုင်ဖွန်းမုန်တိုင်းဘာဗီကြောင့် ကပ်ဘေးသင့်ပျက်စီးမှုများ ဖြစ်နိုင်ဟုဆို

စာ - ၂၇ သို့

## ရန်ကုန်ယူနိုက်တက်အသင်းကို အနိုင်ယူပြီး အားကစားနှင့်ကာယပညာသိပ္ပံအသင်း အမှတ်ပေးဇယားဆက်လက်ဦးဆောင်



**ရန်ကုန် ဇူလိုင် ၆**

၂၀၂၆-၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ၏ ပွဲစဉ်(၄)ပြိုင်ပွဲ ပထမနေ့ ပြိုင်ပွဲတစ်ပွဲဖြစ်သည့် အားကစားနှင့်ကာယပညာသိပ္ပံအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ပဒုမ္မာကွင်း၌ယှဉ်ပြိုင်ကစားကြရာ အားကစားနှင့်ကာယပညာသိပ္ပံအသင်းက ၂ ဂိုး ဂိုးမရှိဖြင့် စာမျက်နှာ ၂၆ ကော်လံ ၁ ❖

## တိုင်းဒေသကြီးနှင့်ပြည်နယ် စားပွဲတင်တင်းနစ်ပြိုင်ပွဲကျင်းပ ပြိုင်ပွဲဝင်ကစားသမား ၁၇၀ ကျော် ပါဝင်ယှဉ်ပြိုင်



**ရန်ကုန် ဇူလိုင် ၆**

၂၀၂၆ ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံ နက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ စာမျက်နှာ ၂၆ ကော်လံ ၁ ➢

### ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပွဲ

**၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်ရလဒ်များ**

| | | | | |
|---|---|---|---|---|
| ဘရာဇီး | ၁ | - | ၂ | နော်ဝေ |
| မက္ကဆီကို | ၂ | - | ၃ | အင်္ဂလန် |